# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျရောက်ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၂ ခုနှစ်၊ ပြာသိုလကွယ်နေ့ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၀)၊ အမှတ် (၁၃၄)


## ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ( ၁ / ၂၀၂၂)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၃။ ဤဥပဒေသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်များပြီးမြောက်ပြီးနောက် ကျင်းပသည့် ရွေးကောက်ပွဲအရ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းပြီးသည့်နေ့ရက်အထိ အာဏာတည်ရမည်။

၄။ ဤဥပဒေအာဏာ တည်လျက်ရှိနေသမျှကာလပတ်လုံး ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ၏ အခန်း(၃) နှင့် (၄)တို့ကို ရပ်သိမ်းထားဘိသကဲ့သို့ မှတ်ယူစေရမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်-

(ပုံ)မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ( ၂ / ၂၀၂၂)

မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၃။ ဤဥပဒေသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်များပြီးမြောက်ပြီးနောက် ကျင်းပသည့် ရွေးကောက်ပွဲအရ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းပြီးသည့်နေ့ရက်အထိ အာဏာတည်ရမည်။

၄။ ဤဥပဒေအာဏာ တည်လျက်ရှိနေသမျှကာလပတ်လုံး မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေ၏ အခန်း(၃)၊ (၄)၊ (၅)နှင့် (၆)တို့ကို ရပ်သိမ်းထားဘိသကဲ့သို့ မှတ်ယူစေရမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်-

(ပုံ)မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်ရေး နည်းစနစ်များနှင့်အညီ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး၊ အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်၊ ဦးစီးဌာန၊ လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနအကြီးအကဲများသည် ရုံးအမှတ်(၂၇)မှ တက်ရောက်ခဲ့ကြပြီး ကော်ပိုရေးရှင်းများမှ ဥက္ကဋ္ဌနှင့်အမှုဆောင်အရာရှိချုပ်များသည် သက်ဆိုင်ရာဒေသမှနေ၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ ❖

### MRTV စိန်ရတုခရီး-ကြီးမားသည့်ဂုဏ်အင်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) (၇၅) နှစ်ပြည့် စိန်ရတုဂုဏ်ပြုဆောင်းပါး

စာ ➤ ၆

### အာဖရိကတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃ ဒသမ ၆၈ သန်းကျော် ရှိကြောင်း အာဖရိက သမဂ္ဂကျန်းမာရေး စောင့်ရှောက်မှုကော်မရှင် အဖွဲ့ပြော

စာ ➤ ၁၃

# ကောင်းကျိုးလိုလား မေတ္တာစကား

တစ်စုံတစ်ယောက်သောသူကိုမျှ ကြမ်းကြုတ်သောစကားကို မဆိုလင့်။ ကြမ်းကြုတ်သောစကားကိုဆိုလျှင် သင့်ကိုလည်း သူတစ်ပါးတို့က ပြန်လှန်၍ ဆိုကုန်ရာ၏။ ချုပ်ချယ်လွန်ကျူးသောစကားသည် ဆင်းရဲဒုက္ခကိုဖြစ်စေတတ်၏။ သူတစ်ပါးကို ဒဏ်ပြုက အတုံ့အလှည့် ဒဏ်တို့သည် သင့်ထံသို့ ရောက်ကုန်ရာ၏။

ဒဏ္ဍဝဂ္ဂ(ဓမ္မပဒ-၁၃၃)

ကြမ်းကြုတ်သောစကား၊ ရုန့်ရင်းသောစကား၊ ကြားရသူတို့ မကြားလို မနာလိုသောစကား၊ စိတ်နှလုံးမချမ်းမြေ့ဖွယ်စကားတို့ကို ခေတ်လူတို့အလွယ်တကူပြောထွက်နေကြသည်ဟူ၍ပင် ထင်ရသည်။ အထူးသဖြင့် လူမှုကွန်ရက်များတွင် အတွေ့ရများနေခြင်းဖြစ်သည်။ တစ်ယောက်က အစ၊ အယောက်ပေါင်းများစွာ။ အပြန်အလှန်ကြမ်းကြုတ်နေကြသည်မှာ မိမိတို့၏ လူ့အဖွဲ့အစည်းတွင် ယဉ်ကျေးမှုရှိမှ ရှိပါသေးရဲ့လားဟုပင် ယူဆချင်စရာဖြစ်သည်။

အသက်ရှင်သန်နေသည့်လူတိုင်း ပြုလုပ်ကြသည့်အပြုအမူများကို ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှု ဟူ၍ သုံးမျိုးခွဲခြားနိုင်သည်။ ကာယကံ၊ ဝစီကံ၊ မနောကံဟူ၍လည်း သိထားကြသည်။ လူတို့ပြုမူကြသည့် ကောင်းမှု၊ မကောင်းမှုတို့ကို ၎င်းကံသုံးပါးတို့ဖြင့် ပြုမူနေကြခြင်းဖြစ်သည်။ မကောင်းမှု ဒုစရိုက်(၁၀)ပါးရှိသည့်အနက် ဝစီဒုစရိုက်ခေါ် နှုတ်ဖြင့် ပြုမူသည့်မကောင်းမှုက (၄)ပါးရှိရာ လူတို့သည် မကောင်းမှုအများစုကို ပါးစပ်က ကျူးလွန်နေကြခြင်းပင် ဖြစ်သည်။ မဟုတ်မမှန်ပြောဆိုခြင်း၊ ကုန်းချောစကားပြောဆိုခြင်း၊ ကြမ်းတမ်းသောစကားကို ပြောဆိုခြင်း၊ သိမ်ဖျင်းသောစကားကို ပြောဆိုခြင်းတို့သည် ဝစီဒုစရိုက်(၄) ပါးဖြစ်ရာ နှုတ်ဖြင့်တိုက်ရိုက်ဖြစ်စေ၊ လူမှုကွန်ရက်ပေါ်တင်၍ဖြစ်စေ မိမိတို့သည် ဆိုခဲ့ပါ မကောင်းမှုတစ်ခုခုကို ယနေ့ယခု ပြုမိနေပြီလောဟု သတိပြုဆန်းစစ်ကာ ရှောင်ကြဉ်ကြခြင်းဖြင့် မိမိအတွက်ရော သူတစ်ပါးအတွက်ပါ၊ ပစ္စုပ္ပန်အတွက်ရော နောင်တမလွန်အတွက်ပါ ကောင်းကျိုးမပြုမည့် အကုသိုလ်အမှုတို့မှ ရှောင်လွဲနိုင်ကြမည်ဖြစ်သည်။

ပညာရှိသူတော်ကောင်းတို့မှလွဲလျှင် သာမန်အားဖြင့် လူတို့က အကြိုက်နှင့်အကောင်းကို မိမိတို့၏ ခံစားချက်ဖြင့်သာ ဆုံးဖြတ်လေ့ရှိကြသည်။ မိမိတို့ကြိုက်သောအရာသည်ကောင်း၍ မိမိတို့မကြိုက်သောအရာသည် မကောင်းဟူ၍ဖြစ်သည်။ ဉာဏ်ပညာဖြင့် ဆင်ခြင်သုံးသပ်ဆုံးဖြတ်အပ်ခြင်းမဟုတ်ဘဲ ခံစားမှုဖြင့် ဆုံးဖြတ်ခြင်းက တင်းပြည့်ကျပ်ပြည့်မှန်နိုင်မည်မဟုတ်။ အသိဉာဏ်နည်းပါးသူတို့အဖို့တွင် အမှန်တရားသည်ပင် ခါးသီးမှု ဖြစ်ကောင်းဖြစ်နေနိုင်သည်။

ရှေးအခါသော် ဟိမဝန္တာမှရသေ့မြတ်တစ်ပါးသည် ဗာရာဏသီပြည်သို့ ကြွလာကာ ဘုရင့်ဥယျာဉ်၌နေ၍ မြို့တွင်း၌ဆွမ်းခံသည်။ ရသေ့၏ဣန္ဒြေကိုမြင်သောအခါ ဘုရင်သည်ကြည်ညိုသဒ္ဓါပွား၍ ဆုံးမစကားကိုလည်း နာယူ၏။ ရသေ့က "မင်းကြီး... အမျက်ဒေါသမထွက်အောင် စောင့်စည်းပါ။ အမျက်ဒေါသထွက်သူကို တုံ့ပြန်ဒေါသမထွက်ပါနှင့်။ မြို့မှာဖြစ်စေ၊ ရွာမှာဖြစ်စေ၊ ချိုင့်ဝှမ်းမှာဖြစ်စေ၊ ကုန်းမြေမှာဖြစ်စေ အလုံးစုံသောအရပ်မှာ အမျက်မထွက်ပါနှင့်"ဟု ဆုံးမရာ ဘုရင်သည် ကြည်ညိုစိတ်များ တဖွားဖွားပေါ်ပေါက်လာပြီး ရသေ့အား အခွန်တစ်သိန်းထွက်သည့်ရွာကို လှူ၏။ ရသေ့လည်း မိမိနှင့်မအပ်စပ်သည်ဖြစ်၍ ငြင်းပယ်လိုက်သည်။ နှစ်များစွာကြာပြီးနောက် ရသေ့သည် ဂင်္ဂါကူးတို့ဆိပ်တစ်ခုတွင် အဖိုးအခဖြင့်ပို့ဆောင်သည့် ကူးတို့သမား၏လှေဖြင့် မြစ်တစ်ဖက်ကမ်းသို့ ကူးသည်။ တစ်ဖက်ကမ်းသို့ ရောက်သောအခါ ကူးတို့သမားတောင်းသည့် ကူးတို့ခငွေကို ပေးစရာမရှိသဖြင့် ဘုရင်ကိုဟောခဲ့သည့် "အမျက်ဒေါသမထွက်အောင်စောင့်စည်းပါ" ဟူသော တရားကိုပင် အဖိုးအခအဖြစ် ဟောကြားသည်။ ဘုရင်ကို ဟောခဲ့စဉ်က အခွန် တစ်သိန်းထွက်သော ရွာကိုပင် ရခဲ့သည့်တရားသည် ကူးတို့သမားကိုမူ အမျက်ဒေါသထွက်စေပြီး ရသေ့၏ မျက်နှာအား ရိုက်ပုတ်နှိပ်စက်သည့်အမှုကို ဖြစ်ပေါ်စေတော့သည်။

အခါကာလအားလျော်စွာ ပြောအပ်သည့်စကား၊ မှန်ကန်သည့်စကား၊ သိမ်မွေ့သည့်စကား၊ အကျိုးစီးပွားနှင့်စပ်လျဉ်းသည့်စကား၊ မေတ္တာစိတ်ဖြင့် ပြောဆိုသည့်စကားသည် အင်္ဂါငါးတန်နှင့် ပြည့်စုံသောစကားဖြစ်၍ ကောင်းစွာပြောဆိုအပ်သော စကားဖြစ်သည်။ သို့စေကာမူ လက်ခံနာယူသည့် လူပုဂ္ဂိုလ်မှာ ဉာဏ်ပညာနုန့်နဲ့ မိုက်မဲလျှင်မူကား အဖိုးတစ်သိန်းထိုက်သည့် မေတ္တာစကားသည်ပင် ခါးသီးနေမည်မှာ သံဝေဂယူဖွယ်ဖြစ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ "(၂၁) ရာစုပင်လုံ" မှသည် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၂) တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေး။

(၄) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၅) အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များ ပြုစုပျိုးထောင်ရေး။




**ညီညွတ်ခြင်းသည် စွမ်းအင် စည်းလုံးခြင်းလျှင် ခွန်အား ပြည်ထောင်စု၏ နှလုံးသား။**

**တစ်မြေတည်းနေ တစ်ရေတည်းသုံး ဒို့အားလုံးသည် ပြည်ထောင်စုသား သွေးချင်းများ။**

# ပါတီစုံဒီမိုကရေစီစနစ် ပိုမိုခိုင်မာပြီး စနစ်တကျ ရေရှည်တည်တံ့စေဖို့

ပါတီစုံဒီမိုကရေစီစနစ်မှာ တရားမျှတပြီး လွတ်လပ်တဲ့ ရွေးကောက်ပွဲများဟာ ဒီမိုကရေစီ စနစ် ရေရှည်တည်တံ့ခိုင်မာစေရေးအတွက် အဓိကလိုအပ်ချက်ပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ တစ်တိုင်းပြည်လုံးသို့ ပြောကြားခဲ့တဲ့ ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူးမိန့်ခွန်းမှာ "၂၀၂၀ ပြည့်နှစ်ဟာ နိုင်ငံအတွက် အရေးကြီးတဲ့နှစ်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြုလုပ်မယ့် နှစ်ဖြစ်လို့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေဖို့ အရေးကြီးကြောင်း" ထည့်သွင်းပြောကြားခဲ့ပါတယ်။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲများဖြစ်စေရေး၊ နိုင်ငံရေးဆောင်ရွက်ရာမှာ အမျိုးသားအကျိုးစီးပွားကို အလေးထားပြီး ရိုးသားစွာ ဆောင်ရွက်ကြစေရေးအတွက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ချုပ်ဆိုခြင်း ၃ နှစ်ပြည့်အခမ်းအနားမှာ "တိုင်းရင်းသားအရေး၊ အမျိုးသားအကျိုးစီးပွားအရေးထက် ပိုအရေးကြီးတာမရှိဘူး၊ ရိုးသားတဲ့ နိုင်ငံရေး၊ တရားမျှတတဲ့နိုင်ငံရေးကိုသာ လိုချင်ပါတယ်" လို့ ပြောခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၊ (၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးမှာလည်း ဒီမိုကရေစီစနစ်တည်ဆောက်ရာမှာ "ဥပဒေရဲ့အထက်မှာ မည်သူမျှမရှိ" ဆိုတဲ့ စကားရပ်ဟာ ဒီမိုကရေစီအုတ်မြစ် တည်တံ့ခိုင်မြဲစေဖို့ အခြေခံလိုက်နာရမယ့်အချက်ဖြစ်သလို နိုင်ငံတည်ဆောက်ရေး (State Building)၊ တိုင်းပြည်တည်ဆောက်ရေး (Nation Building) ဆောင်ရွက်ရာမှာလည်း အမျိုးသားအကျိုးစီးပွား၏အထက်မှာ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းမျှမရှိ" ဆိုတာ ခံယူရမှာဖြစ်တယ်လို့ ပြောဆိုခဲ့ပါတယ်။ ဒါတွေပြောဆိုရခြင်းဟာ တပ်မတော်အနေနဲ့ ပြည်သူတို့ လိုလားတောင့်တပြီး အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ပါတီစုံဒီမိုကရေစီစနစ် ပိုမိုခိုင်မာပြီး စနစ်တကျရေရှည်တည်တံ့စေဖို့အတွက်ပဲ ဖြစ်ပါတယ်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၈-၂-၂၀၂၂ ရက်နေ့တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ဗဟိုဘဏ် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် (၄၆/ ၂၀၂၂)

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်

ဗဟိုဘဏ် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များကို ဗဟိုဘဏ် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

(၁) ဒေါက်တာ ခင်နိုင်ဦး

(၂) ဦးအောင်ကျော်သန်း

အမိန့်အရ

(ပုံ)အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် (၄၇ / ၂၀၂၂)

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(၁) ဥက္ကဋ္ဌ၊ မြို့တော်ဝန်

(၂) ဒုတိယဥက္ကဋ္ဌ ၊ ဒုတိယမြို့တော်ဝန်

(၃) အဖွဲ့ဝင်(၄)ဦး

(၄) အတွင်းရေးမှူး

အမိန့်အရ

(ပုံ)အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

❖ *ရှေ့ဖုံးမှ*

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးက မိမိတို့ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များသည် ပြည်သူကိုဝန်ဆောင်မှုပေးနေရသည့် လုပ်ငန်းဖြစ်သဖြင့် ဆက်လက်၍ တာဝန်ကျေပွန်အောင် ထမ်းဆောင်သွားရန် လိုအပ်ပါကြောင်း၊ ၎င်းအပြင် နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရသည့် လုပ်ငန်းဌာနဖြစ်သည့်အတွက် ပြည်သူလူထုအပေါ် သစ္စာရှိရှိ၊ တာဝန်သိသိဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆက်လက်ကြိုးစား အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်း အရှိန်အဟုန်မပျက် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ဆောင်ရွက်စဉ်အခက်အခဲများ တွေ့ရှိပါကလည်း အချိန်နှင့်တစ်ပြေးညီ ပေးပို့တင်ပြသွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာန၊ လုပ်ငန်း၊ ကော်ပိုရေးရှင်းများမှ ဌာနကြီးမှူးများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး<br>ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးရဲတိုးသွင် | ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| (၂) | ဦးဟိန်းထက် | ညွှန်ကြားရေးမှူးချုပ်<br>ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| (၃) | ဦးဝင်းဇော်အောင် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့အင်အားဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |

စာအုပ်စာပေ၊ လူ့မိတ်ဆွေ

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဖွဲ့စည်းခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ( ၄၈ / ၂၀၂၁)**

**၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်**

**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(၁) ဥက္ကဋ္ဌ၊ မြို့တော်ဝန်
(၂) ဒုတိယဥက္ကဋ္ဌ ၊ ဒုတိယမြို့တော်ဝန်
(၃) အဖွဲ့ဝင်(၂)ဦး
(၄) အတွင်းရေးမှူး

**အမိန့်အရ**

(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများအား ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံစဉ်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများအား ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများအား နေပြည်တော်ရှိ ဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမမှ ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် တွေ့ဆုံဆွေးနွေးသည်။

**ပါဝင်တက်ရောက်**

တွေ့ဆုံပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ နှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင် အသင်းများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက Online မှ ပါဝင်တက်ရောက်ကြသည်။

**ပူးပေါင်းပါဝင်ပေးစေလို**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၊ ပြည်သူနှင့် လုပ်ငန်းရှင်များ အကျိုးရှိစေရေးအတွက် ဝန်ကြီးဌာနမှ ချမှတ်ထားသည့် မူဝါဒလုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်အပါအဝင် ညီနောင်အသင်းအဖွဲ့များမှ ယခုကဲ့သို့ တွေ့ဆုံရာတွင် ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ယုံယုံကြည်ကြည်နှင့် ပြောဆိုတင်ပြပေးစေလိုပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဤဝန်ကြီးဌာနကိုဂရုတစိုက်အထူးအလေးထားပါကြောင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်အပါအဝင် ညီနောင်အသင်းအဖွဲ့များမှ ခရီးသွားပြပွဲများ ဆောင်ရွက်ခြင်း၊ ရန်ကုန်မြစ်တွင်း အပျော်စီးသင်္ဘောခရီးစဉ် ပြေးဆွဲခြင်း၊ ခရီးသွားမြှင့်တင်ရေးအတွက် Digital Marketing ဆိုင်ရာ တင်ဒါခေါ်ယူမှုများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးမှုများအတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရာတွင် တစ်ဦးနှင့်တစ်ဦး၊ ယုံကြည်မှု၊ လေးစားမှုသည် အဓိကကျပါကြောင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အပါအဝင် ညီနောင်အသင်းအဖွဲ့များမှလည်း နားလည်မှုလွဲမှားသည့် အသင်းများရှိနေရင်လည်း ဖျောင်းဖျပြောဆို၍ ခရီးသွားမြှင့်တင်ရေး ဆောင်ရွက်မှုများတွင် ပူးပေါင်းပါဝင်ပေးစေလိုပါကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် Online မှ တက်ရောက်လာကြသည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အပါအဝင် ညီနောင်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက ရေတိုကာလ၌ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်၊ အသင်းများမှ ဝင်ငွေနည်းပါးသည့် အဖွဲ့အစည်းနှင့် ဝန်ထမ်းများအား နိုင်ငံတော်မှ ထောက်ပံ့ပေးရေးနှင့် အတိုးမဲ့ ချေးငွေရရှိနိုင်ရေးအတွက် အထောက်အကူပေးစေလိုမှု၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်လိုမှု၊ အသင်းရန်ပုံငွေ လိုအပ်မှု၊ ကျောက်မျက်ရတနာပြပွဲ ဆောင်ရွက်လိုမှု၊ ချေးငွေရရှိလိုမှုနှင့် အခွန်ထမ်းဆောင်မှု၊ ချေးငွေများနှင့်ပတ်သက်၍ ဘဏ်များနှင့် ညှိနှိုင်းပေးစေလိုသည့် အခြေအနေများအပါအဝင် လုပ်ငန်းဆောင်ရွက်မှုများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်း**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အပါအဝင် ညီနောင်အသင်းအဖွဲ့များမှ နားလည်မှု၊ ယုံကြည်မှုဖြင့် ဆွေးနွေးမှုအပေါ် များစွာကျေးဇူးတင်ရှိပါကြောင်း၊ လတ်တလောရေတိုကာလအတွင်း ဆောင်ရွက်နိုင်မည့် အစီအစဉ်များကို မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ စုစည်းတင်ပြပေးရန် ဖြစ်ပါကြောင်းနှင့် တင်ပြချက်များနှင့် စပ်လျဉ်း၍လည်း သက်ဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း တိုင်ပင် ဆွေးနွေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

သတင်းစဉ်



# ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ကောင်စီအဖွဲ့ဝင်များနှင့် ခရိုင်ကောင်စီဥက္ကဋ္ဌများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ကောင်စီအဖွဲ့ဝင်များနှင့် ခရိုင်ကောင်စီဥက္ကဋ္ဌများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၇ နာရီခွဲတွင် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

**အရှိန်အဟုန်မြှင့် ဆောင်ရွက်**

ညှိနှိုင်း အစည်းအဝေးတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက တိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းရေး၊ တိုင်းဒေသကြီးအတွင်း လုပ်ငန်းများ ပုံမှန်လည်ပတ်ပြီး စီးပွားရေးပြန်လည်ဦးမော့လာရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ ကိုဗစ်-၁၉ ရောဂါ တိုးတက် ဖြစ်ပွားလာနိုင်သည်ကို မျှော်မှန်း၍ ကာကွယ်တားဆီးရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေး၊ ၂၀၂၁ ခုနှစ် (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို သိုက်သိုက်ဝန်းဝန်း ကျင်းပနိုင်ရေး အတွက် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက လုပ်ငန်းကဏ္ဍအလိုက် ချက်ချင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ညှိနှိုင်းပေါင်းစပ်ပေးကာ နိဂုံးချုပ် အမှာစကား ပြောကြားခဲ့သည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲရေးမှူး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ ညွှန်ကြားရေးမှူးများ၊ သက်ဆိုင်ရာ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်ကောင်စီဥက္ကဋ္ဌများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

အသီးတစ်ရာ အညှာတစ်ခု
ဒို့ညီနောင်ထု ပြည်ထောင်စု။

ဒို့ညီနောင်ထု တည်ထောင်ပြု
ပြည်ထောင်စုနေ့ ဒို့မမေ့။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး

## ထားဝယ်မြို့နယ်ရှိ ငါးကျဲအင်းဘုန်းတော်ကြီးကျောင်းတိုက်သို့ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း



နေပြည်တော် ဖေဖော်ဝါရီ ၁၀

COVID-19 ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလတွင် ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများတွင် ဆွမ်းကိစ္စများ အဆင်ပြေစေရန်အတွက် တိုင်းစစ်ဌာနချုပ်များအလိုက် လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင်လည်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စောသန်းလှိုင်နှင့် တာဝန်ရှိသူများသည် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် သပြေချောင်းကျေးရွာရှိ ငါးကျဲအင်းဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောသရ အမှူးပြုသော သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် သာသနာရေးဆိုင်ရာများနှင့် ပတ်သက်၍ လျှောက်ထားတင်ပြကာ သင်္ကန်း၊ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုးနှင့် အဖွဲ့ဝင်များက ကျောင်းတိုက်ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များထံ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး ထားဝယ်မြို့နယ်၊ သပြေချောင်းကျေးရွာရှိ ငါးကျဲအင်းဘုန်းတော်ကြီးကျောင်း ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

## ပြည်နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်ရေး ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် ကုမ္ပဏီလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၀

**ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကချင်ပြည်နယ်အတွင်း ပြည်ထောင်စုဘဏ္ဍာ/ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် လျာထားဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် ကုမ္ပဏီ ၁၁၄ ခုမှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**

တွေ့ဆုံပွဲတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ယခင်ရက်များက စိုးရိမ်ပူပန်မှုများရှိခဲ့သည်ကို မိမိတို့အနေဖြင့် နားလည်သဘောပေါက်ပါကြောင်း၊ ယနေ့မိမိတို့ ပြည်နယ်ကောင်စီအနေဖြင့် ယခင်အုပ်ချုပ်ရေးပုံစံ၊ ယခင်စီးပွားရေးမူအတိုင်း မပြောင်းလဲဘဲ ယခင်အစိုးရလုပ်ခဲ့သည့် လုပ်ငန်းများအားလုံးကို တင်ဒါလုပ်ထုံးလုပ်နည်းနှင့်အညီ စာချုပ်ပါအတိုင်း တိတိကျကျ အမြန်ဆုံး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဒေသစီးပွားရေးနှင့် ကုန်စည်စီးဆင်းမှုကိုလည်း လုံးဝမရပ်ဆိုင်းဘဲ ပုံမှန်အတိုင်း ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ယနေ့ တစ်ကမ္ဘာလုံးရင်ဆိုင်နေရသည့် ကိုဗစ် - ၁၉ ကပ်ရောဂါကိုလည်း ဆက်လက်ကာကွယ်ထိန်းချုပ်သွားမည် ဖြစ်ကြောင်း၊ ဘာသာရေး လုပ်ငန်းများကိုလည်း ကိုဗစ်-၁၉ ကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ ပြန်လည်ပြုလုပ်ခွင့်ပေးမည်ဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့ပြည်နယ်တွင် အခံစားရဆုံးဟု ပြောနိုင်သည့် နေရပ်စွန့်ခွာပြည်သူများကိုလည်း ၎င်းတို့၏နေရပ်သို့ ပြန်လည်အခြေချနေထိုင်ရေးကို အမြန်ဆုံး ဆောင်ရွက်သွားမည်ဟု ပြောလိုပါကြောင်း၊ မိမိတို့ တိုင်းပြည်၊ မိမိတို့ပြည်နယ်သူ ပြည်နယ်သားများအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် အားလုံးက ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ကုမ္ပဏီလုပ်ငန်းရှင်များအား နှုတ်ခွန်းဆက်စကားများ ပြောကြားကြပြီး ကုမ္ပဏီလုပ်ငန်းရှင်များက လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရမှုများနှင့် ပတ်သက်၍ တင်ဒါစည်းမျဉ်းစည်းကမ်းများတွင် ဖြေလျှော့ပေးရန်ကိစ္စရပ်များ၊ လုပ်ငန်းပြီးစီးမှုအလိုက် ငွေထုတ်ယူရာတွင် ကြုံတွေ့ရသည့် နှောင့်နှေးကြန့်ကြာမှုများအပေါ် ဖြေရှင်းဆောင်ရွက်ပေးရေးတို့ကို တင်ပြကြရာ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်နယ်ကောင်စီအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးမှုများအပေါ် ပြည်နယ်ကောင်စီဥက္ကဋ္ဌက ဖြေလျှော့ပေးရေး ကိစ္စရပ်များအပေါ် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

ဆက်လက်၍ ကုမ္ပဏီလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအပြီးတွင် ပြည်နယ်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ပြည်ထောင်စုဘဏ္ဍာ/ ပြည်နယ်ဘဏ္ဍာဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုမ္ပဏီလုပ်ငန်းရှင်များ၏ တင်ပြချက်အပေါ် တင်ဒါလုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအတိုင်း ဖြေလျှော့ပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)






ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

## ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့် ပုသိမ်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များကို လှူဖွယ်များလှူဒါန်း

**ပုသိမ် ဖေဖော်ဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပမည့် ကန်သာယာယာ ပြည်ထောင်စုကွင်းသို့ ရောက်ရှိလာပြီး အစမ်းလေ့ကျင့်နေမှုများကို ကြည့်ရှုသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်သည် တာဝန်ရှိသူများနှင့်အတူ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မရမ်းချိုကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောဘိတ၊ မြောင်းမြကျောင်းတိုက်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသ၊ ဇေယျဝံသ(ရေတွင်းကုန်) ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏောဘာသ ဆရာတော်ကြီးများကို သွားရောက်ဖူးမြော်ကြည်ညိုကာ သာသနာရေးရာကိစ္စရပ်များကို လျှောက်ထားပြီး လှူဖွယ်များ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- မောင်မောင်မြင့်(ပြန် /ဆက်)**

***◆ကျောဖုံးမှ***

အဆိုပါ တဘူးလှဆည်သို့ ကားဖြင့် ရာသီမရွေး သွားလာနိုင်ရန် ကွန်ကရစ်လမ်း ခင်းကျင်းထားပြီး ဆက်လက်ခင်းကျင်းရန် သုံးမိုင်ကျော် မြေသားလမ်းသာ ကျန်ရှိကာ ရန်ကုန်မြို့နေပြည်သူများ လာရောက်အပန်းဖြေနိုင်ရန် လမ်းတစ်လျှောက် ကျေးလက်အလှ၊ ကျွန်းစိုက်ခင်း၊ အေးချမ်းသော တောတောင်အလှ၊ ဆည်အတွင်း စိမ်းစိုသော ကျွန်းစုများနှင့် အေးမြသောဥက္ကံချောင်းရေတို့က ရန်ကုန်မြို့၏ အနီးဆုံးအပန်းဖြေရာ နေရာတစ်ခုအဖြစ် ဆွဲဆောင်နေသည်။ တဘူးလှဆည်နှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသော အများပြည်သူစိတ်လက်အေးချမ်းစွာ အပန်းဖြေအနားယူနိုင်သည့် နေရာတစ်ခုအဖြစ် ကိုဗစ်-၁၉ ရောဂါ ဖြေလျှော့သောကာလနှင့် ကိုဗစ်လွန်ကာလတို့၌ ဖော်ဆောင်ခဲ့ပါက ထိုလမ်းပိုင်းရှိကျေးရွာတို့၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ပြီး ရန်ကုန်မြို့၏ ခရီးသွားကဏ္ဍကို အထောက်အပံ့ဖြစ်စေမည်ဖြစ်ရာ ဥက္ကံမြို့ရှိ တဘူးလှဆည်သဘာဝအလှတို့က မိသားစုအပန်းဖြေရာနေရာတစ်ခုအဖြစ် ဆွဲဆောင်လျက်ရှိကြောင်း သိရသည်။

**ဓာတ်ပုံ - သန်းစိုး၊ သန်းထိုက်**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) ၇၅ နှစ်ပြည့် စိန်ရတုဂုဏ်ပြုဆောင်းပါး

# MRTV စိန်ရတုခရီး – ကြီးမားသည့်ဂုဏ်အင်

**သပြေ**

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (Myanma Radio and Television–MRTV) ဟာ လာမယ့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှာ (၇၅)နှစ်မြောက် စိန်ရတုမှတ်တိုင်ကို ခန့်ထည်စွာ စိုက်ထူနိုင်တော့မှာ ဖြစ်ပါတယ်။**

**MRTV ဖွဲ့စည်းတည်ထောင်မှု**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဟာ ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှာ "ဗမာ့အသံ" (Burma Broadcasting Service– BBS) အမည်နဲ့ စတင်တည်ထောင်ခဲ့တာဖြစ်သော်လည်းပဲ ၂၀ ရာစုအလယ်ပိုင်း ၁၉၂၀ ပြည့်နှစ်ဝန်းကျင်မှာ ထင်ပေါ်ကျော်ကြားခဲ့တဲ့ ကမ္ဘာ့အသံလွှင့်ရုံစာရင်းမှာ BBS အမည်နဲ့ ပါဝင်နေခဲ့ပြီဖြစ်ပါတယ်။ အဲဒီနောက် အင်္ဂလိပ်ခေတ်၊ ဒုတိယကမ္ဘာစစ်ကာလနဲ့ ဂျပန်ခေတ်၊ ပါလီမန်ဒီမိုကရေစီခေတ်တွေမှာ နေရာပြောင်းရွှေ့ပြီး အမည်နာမမျိုးစုံနဲ့ ဖြတ်သန်းခဲ့ရတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။

၁၉၇၂ ခုနှစ် မတ်လ ၁၆ ရက်နေ့မှာ ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာနအဖြစ် အမည်ပြောင်းလဲခဲ့ပါတယ်။ ၁၉၈၀ ပြည့်နှစ် ဇွန်လ ၃ ရက်နေ့မှာ ရောင်စုံရုပ်မြင်သံကြားကို စမ်းသပ်ထုတ်လွှင့်ခဲ့ရာမှ နိုဝင်ဘာလ ၁ ရက်နေ့မှစပြီး ရုပ်မြင်သံကြားအစီအစဉ်များကို ရောင်စုံဖြင့် ထုတ်လွှင့်ခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီနောက် မူလရေဒီယိုအသံလွှင့်လုပ်ငန်းနဲ့ပူးပေါင်းကာ ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့မှာ "မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာန"(Myanmar Television and Radio Department–MTRD)အမည်နဲ့ ပြင်ဆင်ခဲ့ပြီး ၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၂၂ရက်နေ့မှာတော့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV) အမည်နဲ့ ပြောင်းလဲကာ ယနေ့တိုင် ခေါ်ဝေါ်သတ်မှတ်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

**တိုးတက်ပြောင်းလဲမှု**

မြန်မာ့အသံရေဒီယိုထုတ်လွှင့်မှုကို ယခုအခါ နေ့စဉ်နံနက် ၅: ၃၀ နာရီမှ ည ၁၁: ၃၀ နာရီအထိ ထုတ်လွှင့်လျက်ရှိပြီး မြန်မာပိုင်းအစီအစဉ်များနဲ့ အင်္ဂလိပ်ပိုင်း အစီအစဉ်များအပြင် တိုင်းရင်းသားဘာသာ ၁၇ ဘာသာကိုလည်း ထုတ်လွှင့်ပေးလျက် ရှိပါတယ်။ တိုင်းရင်းသားဘာသာတွေ ထုတ်လွှင့်ပေးရာမှာ မြန်မာနိုင်ငံအထက်ပိုင်းနေ တိုင်းရင်းသားဘာသာများဖြစ်တဲ့ ကချင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ ရခိုင်၊ ရှမ်း၊ ဝ၊ ကိုးကန့်၊ ပအိုဝ်းနဲ့ ဓနုဘာသာများကို နေ့စဉ်နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း၊ မွန်းလွဲ ၁ နာရီမှ ည ၈:၃၀ နာရီအတွင်း တစ်ဘာသာလျှင် ၁ နာရီခွဲစီဖြင့် ထုတ်လွှင့်လျက်ရှိပြီး မြန်မာနိုင်ငံအောက်ပိုင်း တိုင်းရင်းသားဘာသာများဖြစ်တဲ့ ကယား၊ ကယန်း၊ ဂေခို၊ ဂေဘား၊ အရှေ့ပိုးကရင်၊ အနောက်ပိုးကရင်၊ စကောကရင်နဲ့ မွန်ဘာသာတွေကို နေ့စဉ်နံနက် ၆နာရီမှ နေ့လယ် ၁၂ နာရီအတွင်း၊ မွန်းလွဲ ၁ နာရီမှ ည ၇:၃၀ နာရီအတွင်း တစ်ဘာသာလျှင် ၁ နာရီခွဲစီဖြင့် ထုတ်လွှင့်လျက်ရှိပါတယ်။ တိုင်းရင်းသား ၁၇ ဘာသာကို သုံးလတစ်ကြိမ် နာရီစဉ်အလှည့်ကျပြုလုပ်ပြီး တိုးချဲ့ထုတ်လွှင့်ပေးနေတာဖြစ်လို့ သက်ဆိုင်ရာဘာသာစကားများနဲ့လည်း နားဆင်နိုင်ပြီ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ရုပ်မြင်သံကြား ထုတ်လွှင့်မှုနဲ့ ပတ်သက်ပြီး ၁၉၈၉ ခုနှစ် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေ (The State– Owned Economic Enterprises Law)၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ်(၈/၉၆)၊ ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့မှာ ပြဋ္ဌာန်းထားခဲ့တဲ့ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေများအရ ပုဂ္ဂလိက Broadcasting လုပ်ငန်းတွေ အကျိုးတူဆောင်ရွက်ခွင့်ပြုခဲ့ပြီး ၂၀၀၄ ခုနှစ်မှာ Forever Group Co.,Ltd နဲ့ စတင်ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၄ ခုနှစ်မှာ MRTV– 4 ရုပ်သံလိုင်းကို Free to Air Channel အဖြစ် တိုးချဲ့ထုတ်လွှင့်ခဲ့သလို ၂၀၀၅ ခုနှစ်မှာ Digital စနစ်နဲ့ ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။

၂၀၀၈ ခုနှစ် မတ်လ ၁၆ ရက်နေ့မှာ နေပြည်တော်–တပ်ကုန်းမှာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်သံလွှင့်စက်ရုံသစ်ကြီးဖွင့်လှစ်ပြီး စက်ပစ္စည်းတွေ၊ ခေတ်မီဒစ်ဂျစ်တယ်နည်းပညာတွေနဲ့ ဖွဲ့စည်းတပ်ဆင်ပြီး ပြောင်းရွှေ့ထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်။

ပြည်သူအတွက် သတင်းအချက်အလက်နဲ့ ဖျော်ဖြေ



ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား။

**"ကမ္ဘာတစ်ဝန်းမှာ ကူးစက်ပျံ့နှံ့ဖြစ်ပွားခဲ့တဲ့ ကိုဗစ်- ၁၉ ကပ်ရောဂါဟာ မြန်မာနိုင်ငံမှာလည်း ၂၀၂၀ ပြည့်နှစ် မတ်လမှစပြီး ဖြစ်ပွားမှုနဲ့အတူ သွားလာနေထိုင်မှု ကန့်သတ်ချက်တွေ ပြုလုပ်ခဲ့ရပါတယ်။ အဲဒီစိန်ခေါ်မှုတွေကြားက ကိုဗစ်- ၁၉ ဆိုင်ရာ သတင်းအချက်အလက်နဲ့ ပညာပေးအစီအစဉ်တွေ၊ ဖျော်ဖြေရေးအစီအစဉ်တွေအပြင် သင်္ကြန်တွင်းကာလမှာ သင်္ကြန်ရင်ခုန်သံ ဖျော်ဖြေရေးအစီအစဉ်၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သတင်းအချက်အလက်၊ အသိပညာပေးမှုနဲ့ ဖျော်ဖြေရေးအစီအစဉ်တွေ၊ ၂၀၂၀ ပြည့်နှစ်မှာပဲ တိုက်ဆိုင်စွာကျရောက်လာတဲ့ မြန်မာ့ရုပ်ရှင်ရာပြည့်သဘင်နှင့် ရန်ကုန်တက္ကသိုလ် ရာပြည့်သဘင် အထိမ်းအမှတ်အခမ်းအနားကြီးတွေအတွက် မူလအစီအစဉ်တွေအပြင် အစီအစဉ်မျိုးစုံဖြင့် တိုးမြှင့်ထုတ်လွှင့်နိုင်ခဲ့ပါတယ်"**

ရေးကဏ္ဍတွေ ပိုမိုကျယ်ပြန့်စွာ သိရှိဖြန့်ဝေပေးနိုင်ဖို့ ၂၀၀၉ ခုနှစ်မှာ ပုဂ္ဂလိက FM လုပ်ငန်းအဖြစ် မန္တလေး FM ကို စတင်ဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။ ၂၀၀၁ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှာ အင်္ဂလိပ်ဘာသာနဲ့ စတင်ထုတ်လွှင့်ခဲ့တဲ့ MRTV– 3 Channel ကို ၂၀၁၀ ပြည့်နှစ်မှာ ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်နဲ့ အကျိုးတူပူးပေါင်းပြီး Myanmar International Television(MITV) အဖြစ် Channel Rebranding ပြုလုပ်ကာ Global Coverage နဲ့ နိုင်ငံတကာမှ ကြည့်ရှုနိုင်အောင် ဆောင်ရွက်ခဲ့ပါတယ်။ ပုဂ္ဂလိက ရုပ်သံလိုင်း ဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ပြီး ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်နဲ့ ပူးပေါင်းကာ Analogue / Digital စနစ်အပြင် Direct to Home (DTH) စနစ်နဲ့ ထုတ်လွှင့်တဲ့ ပုဂ္ဂလိကအခပေးရုပ်သံစနစ် Pay TV တွေကို ဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။

ဒါ့အပြင် ပုဂ္ဂလိက FM လုပ်ငန်းတွေ ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ဖို့နဲ့ နိုင်ငံတစ်ဝန်း သတင်းအချက်အလက် ပိုမိုဖြန့်ဝေပေးနိုင်ဖို့ ရည်ရွယ်ပြီး ပုဂ္ဂလိက FM ငါးခုဖြစ်တဲ့ ရွှေ FM ၊ ပတ္တမြား FM ၊ ပဒ္မဝတီ FM ၊ FM ပုဂံနဲ့ ချယ်ရီ FM တို့ကို ၂၀၁၀ ပြည့်နှစ်မှာ ထပ်မံခွင့်ပြုပေးနိုင်ခဲ့တာကြောင့် မန္တလေး FM အပါအဝင် FM ခြောက်ခုကို ခွင့်ပြုပေးခဲ့တာ ဖြစ်ပါတယ်။

**တိုးချဲ့ထုတ်လွှင့်မှု**

၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁၅ ရက်မှာတော့ MRTV Channel ကို Analogue စနစ်နဲ့ ထုတ်လွှင့်နေရာမှ Digital စနစ်သို့ပြောင်းလဲပြီး MRTV Multi Channel Playout System စနစ်တပ်ဆင်ကာ DVB– T2 စနစ်နဲ့ ထည့်သွင်းထုတ်လွှင့်ခဲ့ပါတယ်။ MRTV Channel အပြင် တိုင်းရင်းသား ၁၁ ဘာသာနဲ့ ထုတ်လွှင့်နေတဲ့ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း(NRC)၊ လွှတ်တော်ရုပ်သံလိုင်း (Hluttaw Channel)၊ တောင်သူလယ်သမားရုပ်သံလိုင်း (Farmers' Channel)နဲ့ ပြည်တွင်း/ ပြည်ပအားကစားရုပ်သံလိုင်း(MRTV Sport Channel)တို့ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုးချဲ့ထုတ်လွှင့်ပေးခဲ့ပါတယ်။ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း(NRC Channel)ကိုတော့ ကချင်၊ ကယား၊ စကောကရင်၊ အရှေ့ပိုးကရင်၊ အနောက်ပိုးကရင်၊ ချင်း(ချိုး)၊ ချင်း(လိုင်ဇိုး)၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် ဝဘာသာစတဲ့ တိုင်းရင်းသား ၁၁ ဘာသာဖြင့် လေးလတစ်ကြိမ် နာရီစဉ်အလှည့်ကျဖြင့် ဘာသာစကားအလိုက် ထုတ်လွှင့်မှုကို ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။

MRTV ရဲ့ Multi Channel Playout System မှာ ပုဂ္ဂလိကရုပ်သံလိုင်းများဖြစ်တဲ့ MRTV– 4 ၊ Channel 7၊ 5 Plus၊ MNTV နဲ့ Channel– 9 တို့ကို ထည့်သွင်းပြသခဲ့တာကြောင့် Free to Air ရုပ်သံလိုင်းတွေကို Digital စနစ်နဲ့ ကြည်လင်ပြတ်သားစွာနဲ့ ပြည်သူများ အခမဲ့ကြည့်ရှုနိုင်ပြီ ဖြစ်ပါတယ်။

MRTV ရဲ့ Channel လိုင်းအသစ် MRTV Entertainment Channel(me)ကို ၂၀၁၄ ခုနှစ်မှာ ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဧပြီလ ၁ ရက်နေ့မှာတော့ ပုဂ္ဂလိကမီဒီယာနဲ့ ပူးပေါင်းပြီး MRTV ရဲ့ DVB–T2 စနစ်မှာ Free to Air ထည့်သွင်းပြသနေတာ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာ MRTV နဲ့ ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်တို့ ပူးပေါင်းပြီး နိုင်ငံတကာဘာသာစကားနဲ့ Myanmar International Radio Channel(MIR) ရေဒီယိုကိုလည်း နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တွေမှာ ထုတ်လွှင့်နေပြီ ဖြစ်ပါတယ်။

**ရုပ်သံလုပ်ငန်းများတိုးတက်မှု**

Broadcasting လုပ်ငန်းဆောင်ရွက်မှုများကို ခေတ်စနစ်ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ဖို့ "ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ"ကို ၂၈–၈–၂၀၁၅ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပြီး အဲဒီဥပဒေကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့မှာ လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ခဲ့ပြီး နည်းဥပဒေကိုလည်း ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်မှာ လိုအပ်ချက်အရ ဘာသာစကားသုံးမျိုးနဲ့ နားဆင်နိုင်တဲ့ မေယု FM ကို ရခိုင်ပြည်နယ် ရသေ့တောင်၊ ဘူးသီးတောင်နဲ့ မောင်တောမြို့နယ်တွေမှာ ထုတ်လွှင့်ပေးခဲ့ပါတယ်။ ဒါ့အပြင် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်မှာလည်း Community Radio စမ်းသပ်ရှေ့ပြေးစီမံကိန်းအဖြစ် ခရေ FM ကို DW Akadimieနဲ့ ပူးပေါင်းပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှစ၍ Regional Radio အဖြစ် စမ်းသပ်ထုတ်လွှင့်လျက် ရှိပါတယ်။

ရုပ်သံမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှာ ပုဂ္ဂလိက Content Provider လုပ်ငန်းရှင်များ စိစစ်ရွေးချယ်ကာ Mizzima Channel, DVB Channel, Fortune Channel, Channel K, YTV Channel စတဲ့ Channel အသစ်ငါးခုကို စာချုပ်ချုပ်ဆိုကာ ထပ်မံတိုးချဲ့ထုတ်လွှင့်ပြီး MRTV ရဲ့ DVB– T2 စနစ်မှာ ထည့်သွင်းပြသနေပါတယ်။

ဒါ့အပြင် နိုင်ငံတော်က ပညာရေးကဏ္ဍကို အားပေးမြှင့်တင်နေတာနဲ့အညီ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေနဲ့လည်း ပညာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ပညာရေးရုပ်သံလိုင်း (Education Channel)ကို ၂၀၂၀ ပြည့်နှစ် မေလမှစပြီး ထပ်မံတိုးချဲ့ဆောင်ရွက်နေပါတယ်။

**ရုပ်သံအရည်အသွေးမြှင့်တင်မှု**

MRTV ရဲ့ Multi Channel Playout System နဲ့ ထုတ်လွှင့်တဲ့ Digital Channel တွေအပြင် DVB– T2 စနစ်နဲ့ Free to Air Channel ပေါင်း ၁၈ လိုင်းကို ထုတ်လွှင့်လျက် ရှိပါတယ်။ အဲဒီလို Digital စနစ်နဲ့ ထုတ်လွှင့်နေသလို မူလက ထုတ်လွှင့်နေတဲ့ Analogue စနစ်ကိုလည်း အပြိုင်လွှင့်နေဆဲ၊ ဝန်ဆောင်မှုပေးနေဆဲ ဖြစ်ပါတယ်။ အခုဆိုရင် DVB–T2 စနစ်နဲ့ တစ်နိုင်ငံလုံးရဲ့ စက်ရုံ ၁၅၃ ရုံမှ မြန်မာတစ်နိုင်ငံလုံးလူဦးရေရဲ့ ၈၈ ဒသမ ၇ ရာခိုင်နှုန်းသော ပြည်သူတွေ Digital DVB–T2 စနစ်နဲ့ ဖမ်းယူကြည့်ရှုနိုင်ပြီ ဖြစ်ပါတယ်။

TV ထုတ်လွှင့်မှုကို Digital ပြောင်းလဲသလို Radio ထုတ်လွှင့်မှုကိုလည်း FM Radio စနစ်နဲ့ တိုးချဲ့ထုတ်လွှင့်နိုင်ဖို့ အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာမှာ အခုဆိုရင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးစတဲ့ မြို့ကြီး၊ မြို့ငယ် ၈၅ မြို့မှာ မြန်မာ့အသံရေဒီယိုကို လှိုင်းတို (Short Wave)၊ လှိုင်းလတ် (Medium Wave)တို့အပြင် FM စနစ်နဲ့ မြန်မာနိုင်ငံလူဦးရေရဲ့ ၇၈ ဒသမ ၈၄ ရာခိုင်နှုန်းသော ပြည်သူတွေ ကြည်လင်ပြတ်သားစွာ နားဆင်နိုင်ပြီ ဖြစ်ပါတယ်။

နည်းပညာပိုင်း မြင့်မားအောင် တိုးချဲ့ဆောင်ရွက်ရာမှာ Digital ရုပ်မြင်သံကြားအသွင် ကူးပြောင်းသကဲ့သို့ ရေဒီယိုထုတ်လွှင့်မှုကိုလည်း Analogue စနစ်မှ Digital စနစ်ကို ကူးပြောင်းနိုင်ရေး ဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်မှုအဖြစ် ရန်ကုန်မြို့မှာ 750 W Digital Audio Broadcasting (DAB+) တပ်ဆင်ထုတ်လွှင့်နိုင်ရေး ရှေ့ပြေးစီမံကိန်း Pilot Project ကို ဆောင်ရွက်ခဲ့ပြီး ၂၀–၃–၂၀၁၇ ရက်နေ့မှစ၍ Digital ရေဒီယိုလိုင်းကို လှိုင်းနှုန်းတစ်ခုလျှင် ရေဒီယိုရှစ်လိုင်းအထိ စမ်းသပ်ထုတ်လွှင့်နိုင်ခဲ့ပါတယ်။

*စာမျက်နှာ ၇ သို့*

# ပဲခူးတိုင်းဒေသကြီးအတွင်း တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း ဦးဆောင်၍ တိုင်းဒေသကြီးအတွင်း တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၂ နာရီခွဲက ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)



ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်၏ အခြေအနေအရပ်ရပ်အား ဥပဒေနှင့်အညီသာ ဝင်ရောက်ထိန်းသိမ်းပေးခြင်းဖြစ်ကြောင်း၊ အရေးပေါ်ကာလ စတင်ကြေညာသည့် အချိန်မှစ၍ စီမံအုပ်ချုပ်ရေးကောင်စီ အဆင့်ဆင့်ကို ဖွဲ့စည်းပြီး နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ဒီမိုကရေစီလမ်းစဉ်အတိုင်း စုပေါင်းဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့၏ တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်း အရေးပေါ်ကာလ တစ်နှစ်အတွင်း အရှိန်အဟုန်မပြတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအလိုက် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆောက်လုပ်ဆဲလုပ်ငန်းများ လုပ်ဆောင်နေသည်များရှိပြီး ဆက်လက်၍ စည်းကမ်းနှင့်အညီသာ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ဆောင်ရွက်ဆဲ တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းစဉ်များအား အသေးစိတ် ရှင်းလင်းတင်ပြခဲ့ရာ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားကြောင်း သိရသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း၊ ကောင်စီဝင် ဗိုလ်မှူးကြီး လှမျိုးရွှေ၊ အတွင်းရေးမှူး ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# အသိပေးကြေညာခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်တွင်းပြည်ပသို့ ခရီးသွားလာမည့် ပြည်သူများအနေဖြင့် COVID-19 ရောဂါ ရှိ/မရှိ စစ်ဆေးခြင်းကို လွယ်ကူစွာ စစ်ဆေးဆောင်ရွက်နိုင်ရန် မင်္ဂလာဒုံမြို့နယ် ပြည်လမ်းမကြီးပေါ်ရှိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Yangon Airport Molecular Lab တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စံလုပ်ထုံးလုပ်နည်းများ (SOP)နှင့်အညီ စစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း လေးစားစွာ အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ**

# ကသာမြို့၌ ဧရာဝတီမြစ်ကမ်းနံဘေး ကမ်းပြိုကာကွယ်ရေး ကျောက်စီတမံ ကမ်းထိန်းနံရံပြုလုပ်

**ကသာ ဖေဖော်ဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့မြောက်ကျောင်းအောက်ဘက်ရှိ အများပြည်သူများ အားကိုးအားထား အသုံးပြုနေရသည့် ဆိပ်ကမ်းဖြစ်သော ဧရာဝတီမြစ်ကမ်းနံဘေး၌ ကမ်းပြိုကာကွယ်ရေး နိုင်ငံတော်ဘတ်ဂျက် ၆၃ ဒသမ ၃ သန်းဖြင့် တင်ဒါအောင်မြင် T A W ကုမ္ပဏီမှ ကျောက်စီတမံကမ်းထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် ရေအရင်းမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဘဏ္ဍာငွေခွင့်ပြုသည့် ဌာနခွင့်ပြုချက်ဖြင့် ကျောက်စီတမံ အလျား ၁၅၅ ပေကို တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း အင်ဂျင်နီယာဦးသန်းမြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒု/ ညွှန်မှူး(ငြိမ်း)က ပြောသည်။

ကသာမြို့နယ်သည် နှစ်စဉ် ရာသီအလိုက်ရေကြီးခြင်းဒဏ်ကို တွေ့ကြုံနေရသော ဒေသဖြစ်သည့်အတွက် ဧရာဝတီမြစ်ကမ်းပါးများ သစ်ပင်ကြီးများမရှိတော့သဖြင့် ကမ်းပါးပြိုကျခြင်းများ ဖြစ်ပေါ်လျက်ရှိရာ ကျေးရွာအချို့မှ လူနေအိမ်များ၊ စာသင်ကျောင်းများ ကမ်းပြိုခြင်းကြောင့် ပျက်စီးဆုံးရှုံး၍ ကျေးရွာရွှေ့ပြောင်းပေးရခြင်းများရှိကြောင်း၊ ယခု ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဖြင့် ထိန်းသိမ်းရေး လုပ်ဆောင်ပေးနေခြင်းအပေါ် ကျေးဇူးတင်ကြောင်း ကသာမြို့ အမှတ်(၁) ရပ်ကွက်နေသူတစ်ဦးက ပြောသည်။

**ငွေအိုး (ကသာ)**

# မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲနှင့် စံပြမြစိမ်းရောင်ကျေးရွာဆုချီးမြှင့်ပွဲ ရေနံချောင်း၌ ကျင်းပ

**ရေနံချောင်း ဖေဖော်ဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ခုနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲနှင့် မြစိမ်းရောင်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်က အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်လင်းနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးရခြင်းရည်ရွယ်ချက်နှင့် မြစိမ်းရောင်ကျေးရွာ စံပြဆုချီးမြှင့်ရခြင်း အကြောင်းများကို ရှင်းလင်းပြောကြားပြီးနောက် တက်ရောက်လာကြသော မြစိမ်းရောင်ကျေးရွာ ကော်မတီအဖွဲ့ဝင်များက အုပ်စုလေးစုဖွဲ့၍ စီမံကိန်းကျေးရွာ ရွေးချယ်ခြင်းနှင့် ရန်ပုံငွေ ထုတ်ချေးခြင်းဆိုင်ရာများ၊ စီမံကိန်းရန်ပုံငွေများ ဆုံးရှုံးမှုမဖြစ်ပေါ်စေရေးနှင့် သက်တမ်းတိုးဆောင်ရွက်သည့်ကိစ္စရပ်များ၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာများ၊ လုပ်ငန်းအားနည်းချက်၊ အားသာချက်များကို အုပ်စုလိုက်သုံးသပ်ဆွေးနွေးတင်ပြခဲ့မှုအပေါ် မြို့နယ်ဦးစီးမှူး ဦးဇော်လင်းနိုင်က ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာ တာဝန်ရှိသူများက စေတုတ္တရာမြို့နယ်အတွင်း ၂၀၁၅-၂၀၁၆ ခုနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော မြစိမ်းရောင်ကျေးရွာ ၃၂ ရွာရှိသည့်အနက် စံပြမြစိမ်းရောင်ကျေးရွာဆုကို ပထမအဖြစ် အုတ်ရှစ်ကုန်းကျေးရွာကိုလည်းကောင်း၊ ဒုတိယအဖြစ် ကံကြီးကျေးရွာကိုလည်းကောင်း၊ တတိယအဖြစ် ရုံးဆိပ်မြောက်ကျေးရွာအား လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်များ ချီးမြှင့်ခဲ့ပြီး ကျန်ကျေးရွာများအား ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းမောင်(မကွေး)**

## နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

*စာမျက်နှာ ၆ မှ*

ထို့အတူ MRTV Channel ကို ကြည်လင်ပြတ်သားစွာ ကြည့်ရှုနိုင်ဖို့ Standard Definition (SD) စနစ်ကနေ High Definition (HD) စနစ်သို့ MRTV ရဲ့ (၇၄)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့ စတင်ပြောင်းလဲ ထုတ်လွှင့်နိုင်ခဲ့ပြီး အရုပ်နဲ့ အသံကြည်လင်ပြတ်သားစွာဖြင့် တင်ဆက်နေပြီ ဖြစ်ပါတယ်။

### အွန်လိုင်းမီဒီယာ

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဟာ TV နဲ့ ရေဒီယို ထုတ်လွှင့်ခြင်းအပြင် Online Media ကိုလည်း ၂၀၁၃ ခုနှစ်မှာ MRTV Web portal ကို စတင်ဖွဲ့စည်းခဲ့ပြီး https://www.mrtv.gov.mm လိပ်စာဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါတယ်။ MRTV Facebook Page၊ MRTV Youtubeနဲ့ MRTV Website တွေမှတစ်ဆင့် MRTV ရဲ့ Channel မှ အစီအစဉ်တွေ၊ သတင်းတွေ၊ ဖျော်ဖြေရေး အစီအစဉ်တွေအပြင် အများပြည်သူသိသင့်သိထိုက်တဲ့ Public Service Announcement (PSA) နဲ့ Breaking News တွေကို အချိန်နဲ့တစ်ပြေးညီ သတင်းဦး၊ သတင်းထူးအဖြစ် ထုတ်လွှင့်လျက် ရှိပါတယ်။ အခုဆိုရင် MRTV Facebook Page ဟာ Page Like အရေအတွက် ၉ ဒသမ ၅၈၈ သန်းနဲ့ Followers ၉ ဒသမ ၉၈၉ သန်းရှိနေပြီဖြစ်ပြီး အများပြည်သူအတွက် အချိန်နှင့်တစ်ပြေးညီ တိကျမှန်ကန်တဲ့ သတင်းအစီအစဉ်တွေနဲ့ ဖျော်ဖြေရေးအစီအစဉ်များကို တင်ဆက်လျက် ရှိပါတယ်။

### ထူးခြားထင်ရှား ထုတ်လွှင့်မှုများ

MRTV ရဲ့ ထူးခြားထင်ရှားစွာ ဆောင်ရွက်နိုင်ခဲ့တဲ့ ခေါင်းစဉ်နဲ့ အကြောင်းအရာတွေထဲက အနည်းငယ်ထုတ်နုတ်တင်ပြရရင် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့က ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အာဇာနည်ခေါင်းဆောင်ကြီးတွေ လုပ်ကြံခံရတဲ့သတင်း၊ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားသတင်းတွေကို ရေဒီယိုကနေ တိုက်ရိုက်ထုတ်လွှင့်ခဲ့သလို ပါတီစုံဒီမိုကရေစီခေတ်မှာတော့ ၂၀၁၃ ခုနှစ်မှာ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တဲ့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (SEA Games)၊ ၂၀၁၄ ခုနှစ်မှာ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၊ မြန်မာနိုင်ငံမှာ ကျင်းပခဲ့တဲ့ အာဆီယံထိပ်သီးအစည်းအဝေးနဲ့ ဆက်စပ်အစည်းအဝေးများ၊ ၂၀၁၅ ခုနှစ်မှာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၇ ခုနှစ်မှာ ပြည်နယ်နဲ့ တိုင်းဒေသကြီးရှိ မြို့ကြီး ၁၁ မြို့မှာ လှည့်လည်ကျင်းပခဲ့ပြီး တိုက်ရိုက်(Live) ထုတ်လွှင့်ပြသခဲ့တဲ့ ငြိမ်းချမ်းရေးဂီတပွဲတော် (Peace Music Festival) တွေဟာ ထူးခြားထင်ရှားထုတ်လွှင့်မှုများဖြစ်ပါတယ်။

### စိန်ခေါ်မှုများကြားမှ ရုန်းထမှု

ကမ္ဘာတစ်ဝန်းမှာ ကူးစက်ပျံ့နှံ့ဖြစ်ပွားခဲ့တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါဟာ မြန်မာနိုင်ငံမှာလည်း ၂၀၂၀ ပြည့်နှစ် မတ်လမှစပြီး ဖြစ်ပွားမှုနဲ့အတူ သွားလာနေထိုင်မှု ကန့်သတ်ချက်တွေ ပြုလုပ်ခဲ့ရပါတယ်။ အဲဒီစိန်ခေါ်မှုတွေကြားက ကိုဗစ်-၁၉ ဆိုင်ရာ သတင်းအချက်အလက်နဲ့ ပညာပေးအစီအစဉ်တွေ၊ ဖျော်ဖြေရေးအစီအစဉ်တွေအပြင် သင်္ကြန်တွင်းကာလမှာ သင်္ကြန်ရင်ခုန်သံ ဖျော်ဖြေရေးအစီအစဉ်၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သတင်းအချက်အလက်၊ အသိပညာပေးမှုနဲ့ ဖျော်ဖြေရေးအစီအစဉ်တွေ၊ ၂၀၂၀ ပြည့်နှစ်မှာပဲ တိုက်ဆိုင်စွာ ကျရောက်လာတဲ့ မြန်မာ့ရုပ်ရှင်ရာပြည့်သဘင်နှင့် ရန်ကုန်တက္ကသိုလ်ရာပြည့်သဘင် အထိမ်းအမှတ်အခမ်းအနားကြီးတွေအတွက် မူလအစီအစဉ်တွေအပြင် အစီအစဉ်မျိုးစုံဖြင့် တိုးမြှင့်ထုတ်လွှင့်နိုင်ခဲ့ပါတယ်။

### ယနေ့ MRTV

ဒီနေ့အချိန်အခါမှာတော့ MRTV ရဲ့ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုအစီအစဉ်ပြုလုပ်ပြီး MRTV ရဲ့အောင်မြင်မှုတွေကို မှတ်တမ်းတင်ဂုဏ်ပြုတင်ဆက်နေပါတယ်။ MRTV ရဲ့ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အဖြစ် အင်္ဂလိပ်ဘာသာနဲ့ FM Channel အသစ်တစ်ခုကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့မှာ ကနဦးနားဆင်နိုင်ဖို့ စီစဉ်ဆောင်ရွက်နေသလို MRTV ရဲ့ မြန်မာပိုင်းအစီအစဉ်ထဲမှာလည်း အင်္ဂလိပ်ဘာသာနဲ့ သတင်းအစီအစဉ် ထည့်သွင်းထုတ်လွှင့်နိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။

### ရှေ့သို့လှမ်းချီ

ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်စတဲ့ ရည်ရွယ်ချက်များနဲ့ ၁၉၄၆ ခုနှစ်ကနေ စတင်ရှင်သန်ပေါက်ဖွားခဲ့တဲ့ ပြည်သူ့အတွက် MRTV ဟာ ယခု (၇၅)နှစ်မြောက် စိန်ရတုသက်တမ်းတိုင်အောင် ခေတ်အဆက်ဆက်မှာ တိုးတက်ပြောင်းလဲမှုတွေနဲ့အတူ နိုင်ငံပိုင်မီဒီယာဌာနကြီးတစ်ခုအဖြစ် မားမားမတ်မတ် ရပ်တည်လျက် ရှိပါတယ်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရဲ့ စိန်ရတုခရီးကို ပြန်ကြည့်ရင် နိုင်ငံနဲ့ပြည်သူအတွက် အလုပ်အကျွေးပြုဝန်ဆောင်မှုပေးခဲ့တဲ့ "ကြီးမားတဲ့ဂုဏ်အင်" ကို မြင်တွေ့ရမှာဖြစ်ပါတယ်။ MRTV ရဲ့ စိန်ရတုအတွေ့အကြုံတွေကို အားပြုပြီး ထက်သန်တဲ့ဆန္ဒ၊ ထက်မြက်တဲ့ ဉာဏ်ပညာ၊ မလျှော့တဲ့ ဇွဲလုံ့လဝီရိယတွေနဲ့အတူ ရှေ့သို့တက်လှမ်းနေမှာဖြစ်ကြောင်း တင်ပြလိုက်ပါတယ်။ ။

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

COVID-19 ရောဂါ ဖြစ်ပေါ်မှုအခြေအနေများကြောင့် ဖူးမြော်ခွင့် ယာယီရပ်ဆိုင်းထားရှိသည့် နိုင်ငံတစ်ဝန်းမှ ဘုရား၊ စေတီပုထိုးများကို COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို တရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်နေ့မှစတင်၍ ဖူးမြော်ခွင့်ပြုခဲ့သည်။

ထိုသို့ အများပြည်သူဖူးမြော်နိုင်ရေး ခွင့်ပြုပေးခဲ့ရာ ယနေ့တွင် ရန်ကုန်မြို့ရှိရွှေတိဂုံစေတီတော်မြတ်ကြီး၊ ဗိုလ်တထောင်စေတီတော်၊ မန္တလေးမြို့ရှိမဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး (ယာပုံ) တို့အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ လာရောက်ဖူးမြော် ကြည်ညိုကြသူ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ မိဘပြည်သူများ သည် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကုသိုလ်ယူလျက်ရှိကြကြောင်း သိရသည်။

သတင်းစဉ်



## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ထူးခြားသည့် ညအပူချိန်များမှာ ဟဲဟိုးမြို့နှင့် ဟားခါးမြို့တို့တွင် ၁ ဒီဂရီစင်တီဂရိတ်စီ၊ လွိုင်လင်မြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ရမ်ကလောင်းနှင့် ပြင်ဦးလွင်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ ကျောက်မဲမြို့နှင့် ပင်လောင်းမြို့တို့တွင် ၅ ဒီဂရီ စင်တီဂရိတ်စီနှင့် လားရှိုးမြို့၊ မိုင်းယန်းမြို့၊ မင်းတပ်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ် အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ လက်ခံကုသ၊ ပြင်ပမှဆရာဝန်များ ၎င်းတို့၏သဘောဆန္ဒအလျောက် ကုသရေးလုပ်ငန်းများတွင် လာရောက်ပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ ယာယီကုသရေး ဆေးရုံများဖွင့်လှစ်၍ ကျန်းမာရေး စောင့်ရှောက်မှုများနှင့် ခရီးသွားရောက်မည့် တိုင်းရင်းသားပြည်သူများအား COVID-19 ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့်စစ်ဆေးမှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ တပ်မတော်မှ ပြည်သူများအား လူသားချင်းစာနာစိတ်ဖြင့် ကူညီစောင့်ရှောက်ပေးနေသည်ကို သိရှိလာသဖြင့် ပြင်ပမှဆရာဝန် ၆ ဦးသည် ၎င်းတို့၏ သဘောဆန္ဒအလျောက် ကုသရေးလုပ်ငန်းများတွင် လာရောက်ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။



### စီမံဆောင်ရွက်ပေးလျက်ရှိ

ယင်းသို့ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများသို့ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၃၄၄၃ ဦး၊ အတွင်းလူနာ ၁၅၆၂ ဦးကို လွှဲပြောင်းခဲ့ပြီး တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ပြည်သူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေး စောင့်ရှောက်ပေးခြင်းနှင့် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

### ကုသပေးလျက်ရှိ

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၁၃၄ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၆၃ ဦး၊ စုစုပေါင်း ၁၉၇ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံ အသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၈၄ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၁၄၂ ဦးကို သာမန် မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ အနာဂတ်မျိုးဆက်သစ် ကလေးငယ် ၂၂၆ ဦးကို မွေးဖွားနိုင်ခဲ့သည်။

တိုင်းရင်းသား ပြည်သူများ အနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လာပါက နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ အချိန်မရွေး ဆက်သွယ်ဆေးကုသမှု ခံယူနိုင်ကြောင်းနှင့် သက်ဆိုင်ရာဆေးရုံများမှလည်း လွှဲပြောင်းကုသမှုခံယူနိုင်ကြောင်း သိရှိရသည်။

ယနေ့တွင် သက်ဆိုင်ရာမြို့နယ်များရှိ နယ်မြေခံတပ်မတော်ဆေးရုံများသို့ ဆေးရုံလာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး (ဝဲပုံ) စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

## ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ဒီဇင်ဘာလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၀၂ ဒသမ ၄၈ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၅၃ ဒသမ ၉၂ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၅၆ ဒသမ ၄၀ သန်း ဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၁၈ ဒသမ ၄၁ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၂၆ ဒသမ ၉၃ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၄၅ ဒသမ ၃၄ သန်း ဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ဒီဇင်ဘာလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၂၀၁ ဒသမ ၇၄ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၁၁၁ ဒသမ ၀၆ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၁၅၄ ဒသမ ၂၀ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈၇၀ ဒသမ ၅၀ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၀၂၄ ဒသမ ၇၀ သန်း ဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၁၄၀ ဒသမ ၀၃ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၆၇ ဒသမ ၉၂ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၉၀၇ ဒသမ ၉၅ သန်း ဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၇၉၃၂ ဒသမ ၆၅ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၁၁၆ ဒသမ ၇၅ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။ **သတင်းစဉ်**

## ကယားပြည်နယ် လွိုင်ကော်မြို့၌ ဆန္ဒထုတ်ဖော်နေသည့် ရဲတပ်ဖွဲ့ဝင်များမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သန္ဓေရဲတပ်ဖွဲ့ဝင်များမဟုတ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ကယားပြည်နယ် လွိုင်ကော်မြို့ မင်းစုရပ်ကွက်ရှိ မြို့လယ်မီးပွိုင့်အနီး၊ ဆူပူဆန္ဒပြနေသည့်နေရာသို့ နံနက် ၁၀ နာရီခန့်တွင် ရဲယူနီဖောင်း အပြည့်အစုံ ဝတ်ထားသူ ၂၀ ဦးခန့် မော်တော်ယာဉ် ၂ စီးဖြင့် လာရောက်၍ ဟောပြောနေသည့် ပုံစံများ၊ ဆန္ဒဖော်ထုတ်သည့်ပုံစံများဖြင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခြင်းများ ပြုလုပ်ခဲ့ကြပြီးနောက် ၁၀ နာရီခွဲခန့်တွင် မော်တော်ယာဉ်များဖြင့် မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ရဲတပ်ဖွဲ့၏ ယူနီဖောင်းဝတ်ဆင်ထားသူများမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သန္ဓေရဲတပ်ဖွဲ့ဝင်များ မဟုတ်ဘဲ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရေးအတွက် ဒေသအတွင်း၌သာ တာဝန်ထမ်းဆောင်စေရန် စုဖွဲ့ခန့်အပ်ထားသူများသာဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံအတွင်း ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားမှုမရှိစေရေး လုံခြုံရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ နေ့ညမပျက် ဆောင်ရွက်လျက်ရှိပြီး ဆူပူဆန္ဒပြမှုများ၊ ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပေါ်အောင် လုပ်ဆောင်နေမှုများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်နေသည်ဟု အထင်အမြင်လွဲမှားစေရန် ယခုကဲ့သို့ ပြုမူဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် ပါဝင်ပတ်သက်သူများကို လိုအပ်သည့်စစ်ဆေးမှုများ လုပ်ဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

**သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

## ရုံး/ဌာနများတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန် ကြီးကြပ်သူများ/ တာဝန်ကျဝန်ထမ်းများအနေဖြင့် အချင်းချင်း သတိပေးပြောကြားရမည့် အချက်များ

**(အနည်းဆုံး တစ်နေ့ (၃)ကြိမ် ပြောကြားပေးပါရန်)**

### ၁။ နံနက်ခင်း ရုံးသို့ လာရောက်စဉ်နှင့် ရုံးတက်ချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

- (COVID-19) ရောဂါပိုးသယ်ဆောင်ထားသော်လည်းအမြင်အားဖြင့်နေကောင်းကျန်းမာစွာဖြင့် ရောဂါလက္ခဏာတစ်စုံတစ်ရာ မပြသူများမှာ (၇၀%)အထက်တွင်ရှိနေသည်။
- (COVID-19)ရောဂါပိုးသည်အသက်ရှူထုတ်ခြင်းဖြင့်အကွာအဝေး(၅)ပေခန့်အထိ၊ ချောင်းဆိုးခြင်းဖြင့် တစ်စက္ကန့်လျှင်(၃၃)ပေနှုန်းဖြင့် (၆)ပေခွဲကျော်အထိ၊ နှာချေခြင်းဖြင့် တစ်စက္ကန့် လျှင် (၁၆၄)ပေနှုန်းဖြင့်(၁၉)ပေခွဲကျော်အထိ ရောက်ရှိနိုင်ပါသည်။
- (COVID-19)ရောဂါပိုးသည် အလုံပိတ်အခန်းများ/Air-con အခန်းများတွင် လေထဲလွင့်မျော၍ ကူးစက်ခြင်း(air borne transmission) မှတစ်ဆင့်ကူးစက်နိုင်ပါသည်။

(က) ဝန်ထမ်းကြို/ပို့ယာဉ်များပေါ်တွင် အချင်းချင်းသတိပေးပြောကြားရန်-

- အိမ်အပြင်သို့ ထွက်ရာတွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ။
- ဝန်ထမ်းကြို/ပို့ယာဉ်များကို စောင့်ဆိုင်းသည့်စုရပ်တွင် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆)ပေအကွာ ခပ်ခွာခွာနေပါ။
- ဝန်ထမ်းကြို/ပို့ယာဉ်များပေါ်တွင်စီးနင်းရာ၌ ထိုင်ခုံတစ်ခုတွင် တစ်ယောက်ချင်းစီသာ ဘေးလွယ်ခုတ် အနေအထားဖြင့် ခပ်ခွာခွာထိုင်ပါ၊ ထိုင်ခုံတစ်ခုတည်းတွင် တစ်ဦးနှင့်တစ်ဦး နီးကပ်စွာ မထိုင်ရပါ။

(**မှတ်ချက်**။ အများသုံးယာဉ်များအသုံးပြုပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ၊ အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေပါ၊ အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်ကို မကြာခဏ အသုံးပြုပါ။)

(ခ) ရုံး/ဌာနသို့ ရောက်ရှိချိန်နှင့် ရုံးချိန်အတွင်းတွင် အချင်းချင်းသတိပေးပြောကြားရန်-

- ရုံး/ဌာနသို့ ဝင်ရောက်သည့်အခါ (Physical Distancing) မူနှင့်အညီ တစ်ဦးနှင့် တစ်ဦး အနည်းဆုံး (၆)ပေအကွာ ခပ်ခွာခွာ ဝင်ရောက်ပါ။
- ရုံး/ဌာနအတွင်းသို့ မဝင်မီ ဆပ်ပြာနှင့် ရေကို အသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် လက်ဆေးပါ၊ (သို့မဟုတ်) အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။
- ရုံးဝင်ပေါက်နေရာများတွင် Non-touch thermometer အသုံးပြု၍ ကိုယ်အပူချိန်တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပါ။ ပုံမှန်ကိုယ်အပူချိန် (၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်အောက်) ရှိမှသာ လုပ်ငန်းခွင်သို့ ဝင်ရောက်ပါ။
- ရုံးချိန်အတွင်း ဧည့်သည်လက်ခံခြင်း မပြုရပါ။
- ရုံးချိန်အတွင်းတွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ။ အသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စွန့်ပစ်သည့်အခါ အဖုံးပါသည့် အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပါ။
- ရုံးတွင်း/ရုံးပြင် စာပေး/စာယူဌာနများတွင် တာဝန်ကျသူများသည် ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face Shield)၊ လက်အိတ် (Glove) တို့ကို စနစ်တကျ ဝတ်ဆင်ရပါမည်။
- အလုပ်ခွင်၌ ဝန်ထမ်းတစ်ဦးနှင့် တစ်ဦးအကြား (၆)ပေခွာ၍ အလုပ်လုပ်ပါ၊ တတ်နိုင်သမျှ မျက်နှာချင်းဆိုင်မနေရပါ။ ဖြစ်နိုင်ပါက တစ်ဦးနှင့် တစ်ဦးအကြား စားပွဲတင်ပလတ်စတစ်အကာ (Plastic Cover) အသုံးပြုပါ။
- အခြားသူများနှင့် ထိတွေ့မှု အများဆုံးရှိနိုင်သည့် မျက်နှာပြင်များ (ဥပမာ-အလုပ်စားပွဲမျက်နှာပြင်များ)ကို မကြာခဏ ပိုးသတ်သန့်စင်ပါ။
- ရုတ်တရက် နှာချေခြင်း၊ ချောင်းဆိုးခြင်း ပြုသည့်အခါတိုင်း ပါးစပ်နှင့်နှာခေါင်းကို တစ်ခါသုံးတစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့် လုံခြုံအောင် ဖုံးအုပ်ပါ။ အသုံးပြုပြီးတစ်ရှူးကို အဖုံးပါသည့်အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပါ၊ ပြီးလျှင် လက်ကို စနစ်တကျ ဆေးကြောပါ။
- ရုံးချိန်အတွင်းတွင် ဆပ်ပြာနှင့် ရေကို အသုံးပြု၍ လက်ကို စက္ကန့် (၂၀) ကြာအောင် မကြာခဏ စနစ်တကျ ဆေးကြောပါ၊ (သို့မဟုတ်) အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။

- လုပ်ငန်းခွင်အတွင်း လုပ်ငန်းသဘာဝကြောင့်ဖြစ်စေ၊ မေ့လျော့၍ဖြစ်စေ တစ်ဦးနှင့်တစ်ဦး နီးကပ်စွာ ဆက်ဆံပြောဆိုခြင်း မရှိစေရန် အချင်းချင်းအထူးသတိပေးပါ။

### ၂။ ထမင်းစားချိန်တွင်-

- ထမင်းစားချိန်တွင် စုဝေး၍စားသောက်ခြင်း မပြုရပါ၊ မိမိ၏ အလုပ်စားပွဲ (သို့မဟုတ်) ထမင်းစားရန်သတ်မှတ်ထားသော နေရာတွင်သာ တစ်ဦးချင်း သီးသန့် စားသောက်ပါ။
- အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများကို မျှဝေသုံးစွဲခြင်း မပြုရပါ။

### ၃။ ညနေခင်း ရုံးဆင်းချိန်နှင့် အိမ်ပြန်ရောက်ချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

(က) ရုံးဆင်းချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

- ရုံး/ဌာနမှပြန်ချိန်တွင်လည်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆)ပေ အကွာ နေထိုင်ခြင်း (Physical Distancing) မူကို လိုက်နာပါ။
- ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ။

- ဖျားခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် COVID-19 ရောဂါ သံသယဖြစ်ဖွယ်လက္ခဏာများ ခံစားနေရခြင်း၊ လွန်ခဲ့သော (၁၄)ရက်အတွင်း (COVID-19) ဓာတ်ခွဲအတည်ပြုလူနာ၊ စောင့်ကြည့်လူနာနှင့် အသွားအလာ ကန့်သတ်ခြင်းခံရသူတို့နှင့် ထိတွေ့မှုရှိခြင်း၊ ရောဂါဖြစ်ပွားမှု များပြားနေသောဒေသများသို့ ခရီးသွားရောက်ခဲ့ခြင်းတို့ရှိခဲ့ပါက ရုံး/ဌာနသို့ လာရောက်ခြင်း လုံးဝမပြုရပါ၊ သက်ဆိုင်ရာဌာနအကြီးအကဲ နှင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ဆက်သွယ်အကြောင်းကြားပါ။

- ဝန်ထမ်းကြို/ပို့ယာဉ်များ (သို့မဟုတ်) အများပြည်သူသုံးယာဉ်များကို စီးနင်းချိန်တွင် (၁-က) တွင် ဖော်ပြထားသည့် လိုက်နာရန်အချက်များကို ပြန်လည်သတိပေး ပြောကြားပေးပါ။

(ခ) အိမ်ပြန်ရောက်ချိန်တွင်လိုက်နာရန်ပြောကြားရမည့်အချက်များ

- အိမ်သို့ပြန်ရောက်ပါက ဆပ်ပြာနှင့်ရေကို အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် လက်ဆေးပါ၊ အဝတ်အစားများကို ဆပ်ပြာဖြင့် မိနစ်(၃၀)စိမ်ပြီးနောက် လျှော်ဖွပ်ပါ၊ ဆပ်ပြာဖြင့် ရေချိုးပါ။
- ကိုယ်လက်သန့်စင်ခြင်းမပြုမီ နေအိမ်ရှိ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် အနီးကပ် ထိတွေ့ခြင်းမပြုရပါ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# မဟာအောင်မြေမြို့နယ်တွင် ဖြစ်ပွားခဲ့သည့် ဆူပူဆန္ဒပြမှုဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ရဲတပ်ဖွဲ့ဝင်များအား တပ်မတော်ဆေးရုံများတွင် အထူးကြပ်မတ်ကုသပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ အချို့မြို့ကြီးများ၌ ဆူပူဆန္ဒပြမှုများဖြစ်ပေါ်လျက်ရှိရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်ပျက်ပြားစေသည့်အပြင် ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားစေနိုင်သည်ဟု ယုံကြည်ယူဆသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ – ၁၄၄ ကို ထုတ်ပြန်၍ လူ ၅ ဦး သို့မဟုတ် ၅ ဦးထက်ပို၍ လူစုဝေးခြင်းမပြုရန် တားမြစ်ချက်များအား ထုတ်ပြန်ထားရှိပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် လုံခြုံရေးတာဝန်များကို နေ့ညမပြတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် အတွင်း ဆူပူဆန္ဒပြသူများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လုံခြုံရေးယာဉ်များ ထိခိုက်ပျက်စီးခဲ့သည်။ အဆိုပါ ဒဏ်ရာရရှိသူများအား မန္တလေးမြို့နှင့်ပြင်ဦးလွင်မြို့များရှိ တပ်မတော်ဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် သက်ဆိုင်ရာ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိသည်။



ထိခိုက်ဒဏ်ရာရရှိသည့် ရဲတပ်ဖွဲ့ဝင်များအနက် ရဲအရာရှိတစ်ဦးမှာ ဦးခေါင်းတွင် ပြင်းထန်စွာထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဦးခေါင်းရိုးအတွင်း သွေးခဲခြင်းဒဏ်ရာဖြင့် ပြင်ဦးလွင် တပ်မတော်ဆေးရုံ အရေးပေါ်ဌာနတွင် အထူးကြပ်မတ်ကုသမှုခံယူလျက်ရှိကာ အသက်အန္တရာယ်စိုးရိမ်ရသည့် အနေအထားတွင် ရောက်ရှိနေကြောင်း သိရှိရသည်။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအနေဖြင့် တိုင်းပြည်အပေါ်သစ္စာရှိသည့် နိုင်ငံ့ဝန်ထမ်းကောင်းတစ်ဦး ဆုံးရှုံးမှုမရှိစေရေး နေ့ညမပြတ် ကြိုးပမ်းကုသပေးလျက်ရှိသည်။

နိုင်ငံအဝန်း၌ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်လျက်ရှိရာ အေးချမ်းစွာဆန္ဒထုတ်ဖော်သူများရှိသကဲ့သို့ ဆူပူအကြမ်းဖက်မှုဖြစ်အောင်လှုံ့ဆော်နေသည့် အဖျက်အမှောင့်သမားများလည်း ပါဝင်နေသည့်အတွက် မိဘပြည်သူများအနေဖြင့် သတိပြုကြရန်လိုအပ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# COVID-19 ကာကွယ်ဆေးနှင့် ပတ်သက်သောမေးခွန်းနှင့်အဖြေများ (အပိုင်း–၂)

**(၁) မြန်မာနိုင်ငံမှာ ကိုဗစ်–၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်–၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဗဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ်မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

**(၂) ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်–၁၉ ကာကွယ်ဆေးထိုး၍ရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်–၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးသင့်သောသူများ ဖြစ်ပါသည်။

**(၃) ကိုဗစ်–၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်–၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာ သက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်–၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
- နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ် အောက် လူအုပ်စုများတို့ကို ကိုဗစ်–၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။
  (ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

**(၄) ကိုဗစ်–၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်–၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။
မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို(၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပါတ်(၄)ပါတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

**(၅) ကိုဗစ်–၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ – အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည်ဖြစ်ပါသည်။

**(၆) မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် လက်ရှိတရားဝင် ခွင့်ပြုထားသော ကိုဗစ်–၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို လတ်တလော တရားဝင်ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများအတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

**(၇) COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

**(က) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦး တွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ရောင်ခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချိခြင်း၊ မအီမသာဖြစ်ခြင်း၊

**(ခ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာချေ/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

**(ဂ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစာစားချင်စိတ်လျော့နည်းခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်မတည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**
**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကဒ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှုခံယူရန် လာရောက်သည့်အခါတွင် မပျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

**မှတ်ချက်။** ကိုဗစ်–၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid-19) disease in individuals 18 years of age and older. (Revised: 01 January 2021).
Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ဘန်စလေအိမ်ကွင်းရှန်းအားက ချယ်ဆီးအသင်းကို အခက်တွေ့သွားစေနိုင်လား

အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်မှ ဝုဖ်နှင့် ဆောက်သမ်တန်၊ ဘန်စလေနှင့် ချယ်ဆီးအသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ဝုဖ်အသင်းနှင့် ဆောက်သမ်တန်အသင်းတို့သည် ပရီမီယာလိဂ်ကလပ်အသင်း အချင်းချင်းတွေ့ဆုံနေသည့်အတွက် စိတ်ဝင်စားဖွယ်ကောင်းနေသည်။

အဆိုပါနှစ်သင်း၏ အမှတ်ပေးဇယားရပ်တည်မှုကိုကြည့်လျှင် ဝုဖ်အသင်းသည် ၂၃ ပွဲကစားပြီး ၂၇ မှတ်ဖြင့် အဆင့်(၁၄)နေရာတွင် ရပ်တည်နေသည်။ ဆောက်သမ်တန်အသင်းက ၂၂ ပွဲကစားပြီး ရမှတ် ၂၉ မှတ်ဖြင့် အဆင့် (၁၂) နေရာတွင် ရပ်တည်နေသည်။ ထို့ကြောင့် အဆိုပါ နှစ်သင်း၏ ရမှတ်ကွာဟမှုမှာ နှစ်မှတ်သာရှိနေသည့်အတွက် ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲ ဖြစ်လာဖွယ်ရှိနေသည်။ လတ်တလောခြေစွမ်းကို နှိုင်းယှဉ်ကြည့်လျှင် ဝုဖ်အသင်းက နောက်ဆုံးလေးပွဲတွင် ခရစ္စတယ်ပဲလေ့စ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးပွဲတစ်ပွဲသာ ကြုံတွေ့ထားသည့်အတွက် ခြေစွမ်းအတက်ဘက်ရောက်နေသည်ဟု ဆိုနိုင်ပေသည်။ ဆောက်သမ်တန်အသင်းက နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် လေးပွဲတွင် လေးပွဲစလုံးရှုံးနိမ့်ထားသည့်အတွက် ခြေစွမ်းအကျဘက်ရောက်နေသည်ဟု ဆိုနိုင်ပေသည်။

ထို့အပြင် ဝုဖ်အသင်းနှင့် ဆောက်သမ်တန်အသင်းတို့ နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှု သုံးကြိမ်တွင် ဝုဖ်အသင်းကအသာရထားပြီး နှစ်ပွဲသရေကျထားကာ တစ်ပွဲနိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည်။ ဝုဖ်အသင်းသည် အက်ဖ်အေဖလားပြိုင်ပွဲတွင် ခရစ္စတယ်ပဲလေ့စ်အသင်း၊ ချော်လေအသင်းတို့ကို တစ်ဂိုး-ဂိုးမရှိစီဖြင့် အနိုင်ရရှိကာ ပဉ္စမအဆင့်သို့ တက်ရောက်လာနိုင်သည့်အသင်းဖြစ်ရာ ဆောက်သမ်တန်အသင်းက ရှရူးဘူရီတောင်း၊ အသင်းကြီး အာဆင်နယ်အသင်းတို့ကို အနိုင်ရရှိကာ ယခုအဆင့်သို့ တက်ရောက်ထားနိုင်သည့်အသင်းဖြစ်သည်။ ထူးခြားသည်မှာ အဆိုပါ အနိုင်ရရှိခဲ့သည့်ပွဲစဉ်များတွင် ဝုဖ်အသင်းရော၊ ဆောက်သမ်တန်အသင်းပါ ဂိုးမပေးရအောင် စွမ်းဆောင်ထားနိုင်သည်ကို တွေ့ရသည်။ လက်ရှိဝုဖ်အသင်းတွင် ဒဏ်ရာရကစားသမားများအနေဖြင့် ပိုဒင့်စ်၊ မာကယ်၊ ဂျီမီနက်ဇ်၊ နော်ရီ၊ ဘိုလီတို့ရှိနေပြီး ဆောက်သမ်တန်အသင်းဘက်တွင် ဒီရယ်လို၊ အိုဘာဖီမီ၊ အမ်းစထောင်း၊ ဝဲလ်ကော့သ်နှင့် စမဲလ်ဘုန်းတို့ရှိနေသည်။ ဒဏ်ရာရကစားသမား အများအပြားရှိနေသည့် အသင်းနှစ်သင်းတွေ့ဆုံနေသည့် အတွက်သော်လည်းကောင်း၊ ပရီမီယာလိဂ်အသင်း အချင်းချင်းတွေ့ဆုံနေပြီး ရမှတ်ကွာဟမှု နှစ်မှတ်သာရှိနေသည့်အတွက်သော်လည်းကောင်း ပွဲမှာ ပြိုင်ဆိုင်မှုပြင်းထန်လာဖွယ်ရှိနေသည်။ လတ်တလောခြေစွမ်းအရ အတက်ဘက်ရောက်နေသော ဝုဖ်အသင်းအနေဖြင့် အကျဘက်ရောက်နေသော ဆောက်သမ်တန်အသင်းကို အနိုင်ရရှိကာ နောက်တစ်ဆင့်သို့ တက်ရောက်သွားနိုင်မလား စိတ်ဝင်စားဖွယ်ရာပင်။

ဘန်စလေနှင့် ချယ်ဆီးအသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၂ နာရီခွဲတွင် ဘန်စလေအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ချန်ပီယံရှစ် ကလပ်မှ ဘန်စလေအသင်းနှင့် ပရီမီယာလိဂ်ကလပ်မှ အသင်းကြီး ချယ်ဆီးအသင်းတို့ ဆုံတွေ့နေသည့်အတွက် စိတ်ဝင်စားဖွယ်ကောင်းနေသည်။ အဆိုပါနှစ်သင်း ၏ လက်ရှိအမှတ်ပေးဇယား ရပ်တည်မှုကိုကြည့်လျှင် ဘန်စလေအသင်းက ချန်ပီယံရှစ်တွင် ၂၇ ပွဲကစားပြီး ရမှတ် ၃၆ မှတ်ဖြင့် အဆင့် (၁၂) နေရာတွင် ရပ်တည်နေသည့်အသင်းဖြစ်သည်။ ချယ်ဆီးအသင်းက ပရီမီယာလိဂ်တွင် ၂၃ ပွဲကစားပြီး ရမှတ် ၃၉ မှတ်ဖြင့် အဆင့် (၅) နေရာတွင် ရပ်တည်နေသည့်အသင်းဖြစ်သည်။

ထို့အပြင် အဆိုပါနှစ်သင်း၏ လတ်တလောခြေစွမ်းကိုနှိုင်းယှဉ်ကြည့်သော် ဘန်စလေအသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားထားသည့် ငါးပွဲတွင် နိုင်ပွဲတစ်ပွဲသာရရှိထားသည့်အတွက် ခြေစွမ်းအဆိုးဘက်ဦးတည်နေသည်ဟု ဆိုနိုင်ပေသည်။ ချယ်ဆီးအသင်းက နောက်ဆုံးယှဉ်ပြိုင်ကစားထားသည့် ငါးပွဲတွင် ရှုံးပွဲကြုံတွေ့ထားခြင်းမရှိဘဲ သရေတစ်ပွဲနှင့် နိုင်ပွဲလေးပွဲအထိ ရယူထားနိုင်သောကြောင့် ခြေစွမ်းအကောင်းဘက်ဦးတည်နေသည်ဟု ဆိုနိုင်ပေသည်။ လတ်တလောခြေစွမ်းအရ ချယ်ဆီးအသင်းက အသာရထားသည်ကိုဆိုသော်ငြား ဘန်စလေအသင်း၏ ရှန်းအားက ယခုပွဲစဉ်တွင် မည်မျှအထိ သက်ရောက်မှုရှိသွားမလဲ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

ဘန်စလေအသင်းတွင် ဒဏ်ရာကြောင့် ဟဲလ်မီ၊ ဝီလီယံစ်၊ ကစ်ချီးတို့ ပါဝင်လာနိုင်ဖွယ်မရှိသလို ချယ်ဆီးအသင်းမှ ပူလီဆစ်၊ ဟာဗက်ဇ်၊ ဆီးလ်ဗား၊ ဝါနာတို့သည်လည်း ဒဏ်ရာကြောင့် ယခုပွဲစဉ်ကို ပါဝင်ကစားရန် မသေချာပေ။ ဘန်စလေအသင်းနှင့် ချယ်ဆီးအသင်းတို့ နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှုမှာ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၂၄ ရက်က ဖြစ်ပြီး ချယ်ဆီးအသင်းက ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။ သို့သော်လည်း အက်ဖ်အေဖလား နောက်တစ်ဆင့်သို့ တက်ရောက်သွားနိုင်မည့်အသင်းက မည်သည့်အသင်းဖြစ်မည်ဆိုသည်ကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၂ နာရီခွဲတွင် အဆုံးအဖြတ်ပေးသွားတော့မည်ဖြစ်သည်။

**ဇော်ဇော်**

● *ကျောဖုံးမှ*

သုံးဂိုးစီ သရေကျခဲ့သောပွဲစဉ်မှ ကစားသမားများကို ခြောက်ဦးအထိ အပြောင်းအလဲ ပြုလုပ်ခဲ့ပြီး ဂိုးသမားနေရာတွင် ဟန်ဒါဆန်ကို အသုံးပြုကာ တဲလ်လပ်စ်၊ မာတစ်၊ ဗန်ဒီဘိခ်၊ ရပ်ဖို့ဒ်၊ ဂရင်းဝုဒ်၊ မာရှယ်တို့ဖြင့် ပွဲထွက်လာခဲ့သည်။ ဝက်စ်ဟမ်းနည်းပြ ဒေးဗစ်မိုယက်စ်ကတော့ ပြီးခဲ့သည့် သီတင်းပတ်တွင် ဖူလ်ဟမ်အသင်းကို ဂိုးမရှိသရေကျခဲ့သောပွဲစဉ်မှ ကစားသမားများကို သုံးဦးအထိ အပြောင်းအလဲပြုလုပ်ခဲ့ပြီး ဖော်နေးလ်၊ ဆော့ဆက်၊ ဘိုဝင်၊ ရိုက်စ်၊ ခရက်စ်ဝဲလ်၊ ဒေါ်ဆင်၊ ဖေဘီယန်စကီး စသည့်ကစားသမားများကို အသုံးပြုကာ မန်ယူအသင်းကို ရင်ဆိုင်လာခဲ့သည်။

မန်ယူအသင်းသည် ဘောလုံးပိုင်ဆိုင်မှုအပိုင်း၊ ဂိုးပေါက်ကန်သွင်းယူမှုအပိုင်းတွင် ဝက်စ်ဟမ်းအသင်းကို အသာစီးရယူနိုင်ခဲ့သော်လည်း လိုအပ်နေသည့် အနိုင်ဂိုးကို အချိန်ပိုမိနစ်တွင်မှ တွန်မီနေးက မာကပ် ရပ်ဖို့ဒ်၏ ဖန်တီးပေးမှုမှတစ်ဆင့် သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ မက်တွန်မီနေးလ်သည် ယခုပွဲစဉ်အပါအဝင် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ဆောက်သမ်တန်၊ အဲဗာတန်အသင်းတို့နှင့်ပွဲစဉ်တွင် မန်ယူအသင်းအတွက် သုံးပွဲဆက်ဂိုးသွင်းယူထားနိုင်သည် ကစားသမားတစ်ဦးဖြစ်သည်။ ယခုပွဲစဉ်တွင် ဂိုးရရှိအောင် ဖန်တီးပေးနိုင်ခဲ့သည့် မားကပ်ရပ်ဖို့ဒ်သည်လည်း ယခုနှစ်ရာသီတွင် မန်ယူအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ဂိုးဖန်တီးပေးနိုင်မှု ကိုးကြိမ်အထိ ရှိလာခဲ့ပြီဖြစ်သည်။ ရပ်ဖို့ဒ်သည် နော်မန်ဝှိုက်ဆိုက် (၂၂နှစ် ၁၉၂ ရက်)၊ ဂျော့ဘတ် (၂၂နှစ် ၁၉၉ ရက်)၊ ရိုင်ယန်ဂစ် (၂၂ နှစ် ၃၀၁ ရက်) ပြီးနောက် ၂၃ နှစ် ၁၀၁ ရက်ဖြင့် မန်ယူအသင်းသမိုင်းတစ်လျှောက် ပွဲ ၂၅၀ ပြည့်မြောက်သည့် စတုတ္ထမြောက် အသက်အငယ်ဆုံး ကစားသမားဖြစ်လာခဲ့ကြောင်း သိရသည်။

ဝက်စ်ဟမ်းအသင်းနည်းပြ ဒေးဗစ် မိုယက်စ်သည် ယခုပွဲစဉ်ကို အနိုင်ရရှိရန် အားစိုက်ကစားလာခဲ့သော်လည်း မက်တွန်မီနေးလ်၏ အချိန်ပိုသွင်းဂိုးကြောင့် အက်ဖ်အေဖလားပြိုင်ပွဲ ပဉ္စမအဆင့်မှ နှုတ်ဆက်ထွက်ခွာခဲ့ရပြီလည်း ဖြစ်သည်။ ထို့ကြောင့် မန်ယူအသင်းသည် အက်ဖ်အေဖလားပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်သို့ နောက်ဆုံးခုနစ်နှစ်ဆက်တိုက် တက်ရောက်ထားနိုင်သည့် အသင်းဖြစ်ပြီး ၂၀၁၆ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အဆိုပါ အက်ဖ်အေဖလားကို ကိုင်မြှောက်ခွင့်ရရှိသွားမလား စိတ်ဝင်စားဖွယ်ရာပင်။

မန်ယူအသင်းသည် ယခုပွဲစဉ်ပြီးလျှင် ဖေဖော်ဝါရီ ၁၄ ရက်၌ ပရီမီယာလိဂ်ပွဲစဉ် ၂၄ အဖြစ် တန်းဆင်းဇုန်အတွင်းမှ ဝက်စ်ဘရွန်းအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ ဝက်စ်ဟမ်းအသင်းက လာမည့်ပွဲစဉ်အဖြစ် ပရီမီယာလိဂ်ပြိုင်ပွဲ၌ ဖေဖော်ဝါရီ ၁၆ ရက်တွင် အမှတ်ပေးဇယားအောက်ဆုံးမှ ရှက်ဖီးလ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ **အောင်ဇော်**

## မူဆယ်မြို့နယ်၌ ဓားခုတ်မှုဖြစ်ပွား တစ်ဦးသေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ် မူဆယ်မြို့ တောင်ရပ်ကွက်နေ ဦးလုတာဟောင်း(၃၉)နှစ်၏ စိုက်ပျိုးရေးခြံအတွင်း၌ ခြံအလုပ်သမားများဖြစ်သည့် မကွေးမြို့နယ် လယ်ပြင်သာကျေးရွာနေ ဇင်ကိုထက်(၂၁နှစ်) နှင့် မြို့သစ်မြို့နယ် မကြီးချိုကျေးရွာနေ မျိုးညွန့်(၂၂ နှစ်)တို့ နှစ်ဦးသည် ဖေဖော်ဝါရီ ၈ ရက် ည ၈ နာရီက ခြံဝင်းအတွင်း အရက်အတူသောက်စားရင်း စကားများကြရာမှ ဇင်ကိုထက်က မျိုးညွန့်အား ဓားဖြင့် ခုတ်ခဲ့ရာ ပြတ်ရှဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သဖြင့် ဇင်ကိုထက်အား မူဆယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ပြွန်တန်ဆာမြို့၌ ဈေးမီးလောင်မှုဖြစ်

**ညောင်လေးပင် ဖေဖော်ဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး ပြွန်တန်ဆာမြို့ မြို့မ(၂)ရပ်ကွက်ရှိ ပြွန်တန်ဆာဈေး၌ ယမန်နေ့ နံနက် ၂ နာရီခန့်က မီးလောင်မှုဖြစ်ပွားသည်။

ဖြစ်စဉ်မှာ ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ မြို့မ ၂ ရပ်ကွက်ရှိ ပြွန်တန်ဆာဈေးတွင် မီးလောင်မှုဖြစ်ပွားကြောင်း အဆိုပါ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦး ဖုန်းဆက်သတင်းပေးမှုကြောင့် ပြွန်တန်ဆာနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ရဲသူရဖြိုးဝေအောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသိန်းထိုက်နှင့် တပ်ဖွဲ့ဝင်များ၊ ပြွန်တန်ဆာမြို့ မီးသတ်ဦးစီးမှူး ဒုတိယဦးစီးမှူး ဦးရဲမင်းနိုင်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ရေယာဉ် သုံးစီး၊ ရေသယ်ယာဉ် ငါးစီးတို့ဖြင့် ရပ်ကွက်နေပြည်သူများနှင့် ဝိုင်းဝန်းငြိမ်းသတ်ကြသဖြင့် နံနက် ၂ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် ဆိုင်ခန်း ၁၇ ခန်းခန့် မီးလောင်ခဲ့ပြီး ဆိုင်ခန်းအတွင်းရှိ ပစ္စည်းများ ခန့်မှန်းထိခိုက်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုနှင့် ပက်သက်၍ သက်ဆိုင်ရာမှ တာဝန်ရှိသူများ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းအဝိုင်းအနီး၌ ဆူပူဆန္ဒပြသူများအား ထိန်းသိမ်းစဉ် ရဲတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ အချို့မြို့ကြီးများ၌ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်ပျက်ပြားစေသည့်အပြင် ရန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားလာနိုင်သဖြင့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၁၄၄ ကို ထုတ်ပြန်၍ လူ ၅ ဦး သို့မဟုတ် ၅ ဦးထက်ပို၍ လူစုဝေးခြင်းမပြုရန် တားမြစ်ချက်များ ထုတ်ပြန်ထားပြီးဖြစ်သည်။

ထိုသို့ ထုတ်ပြန်ထားရှိသော်လည်း နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းအဝိုင်းအနီး၌ လူအင်အား ၁၅၀ ခန့်ပါဝင်သော ဆူပူဆန္ဒပြသူများသည် ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းမှစတင်၍ ကြွေးကြော်သံများ ကြွေးကြော်ခြင်း၊ လှုံ့ဆော်ဆန္ဒပြခြင်း၊ ရန်းရင်းဆန်ခတ်ပြုမူခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ယင်းသို့ လုပ်ဆောင်လျက်ရှိသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက လူစုခွဲရန် မေတ္တာရပ်ခံပြောဆိုခဲ့သော်လည်း လူစုခွဲခြင်းမရှိဘဲ ဆူပူဆန္ဒပြသူ ၁၀၀၀ ကျော်ခန့်အထိ စုဝေးလာခဲ့ကာ ကြွေးကြော်သံများ ကြွေးကြော်ခြင်း၊ လှုံ့ဆော်ဆန္ဒပြခြင်း၊ ရန်းရင်းဆန်ခတ်ပြုမူခြင်းတို့ကို လုပ်ဆောင်လာခဲ့သောကြောင့် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၁၄၄ ကြေညာထားရှိကြောင်းနှင့် လူစုခွဲရန် လက်ကိုင်အသံချဲ့စက်များဖြင့် ထပ်မံသတိပေး ပြောကြားခဲ့သည်။

ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၁၄၄ ကြေညာထားရှိသဖြင့် ဥပဒေကိုလေးစားလိုက်နာရန် အကြိမ်ကြိမ်ပြောကြားခဲ့သော်လည်း ဆူပူဆန္ဒပြသူများသည် မွန်းလွဲပိုင်းအထိ လူစုခွဲခြင်းမရှိသည့်အပြင် ပိုမိုအရှိန်မြှင့်၍ ဆူပူမှုအသွင်ဖန်တီးလာသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ဆူပူအကြမ်းဖက်မှုဖြိုခွဲရေး လုပ်ငန်းစဉ်များအတိုင်း ဥပဒေနှင့်အညီ ဆန္ဒပြလူအုပ်ကြီးအား လူစုခွဲနိုင်ရေး ဆောင်ရွက်ခဲ့ရာ ဆူပူဆန္ဒပြသူများက လေးခွများ၊ ကျောက်ခဲ၊ အုတ်ခဲများ၊ တုတ်များဖြင့် ပစ်ပေါက်ခြင်း၊ ပြင်းထန်စွာထိခိုက်ဒဏ်ရာရစေနိုင်သော ကုန်းသီး၊ သံမူလီခေါင်းတို့ဖြင့် ပစ်ခတ်ခြင်းများ စသည့် အကြမ်းဖက်လှုပ်ရှားမှုများပြန်လည်လုပ်ဆောင်ခဲ့ပြီး မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ဆူပူဆန္ဒပြသူများသည် ရဲတပ်ဖွဲ့ဝင်များအား ရန်လိုသည့်အပြုအမူများပါ ကျူးလွန်လာသဖြင့် မလွဲသာမရှောင်သာ ပစ်ခတ်ထိန်းသိမ်းခဲ့ရာ ဆန္ဒပြသူခြောက်ဦး ဒဏ်ရာရရှိခဲ့ပြီး မွန်းလွဲ ၁ နာရီခွဲခန့်မှသာ လူစုကွဲခဲ့ကြောင်း သိရှိရသည်။



ဆူပူဆန္ဒပြသူများ အသုံးပြုပစ်ပေါက်ခဲ့သော အုတ်ခဲ၊ ကျောက်ခဲများကို တွေ့ရစဉ်။



ဆူပူဆန္ဒပြသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာရရှိမှုကို တွေ့ရစဉ်။

ထိုသို့ ဆူပူဆန္ဒပြသူများအား ထိန်းသိမ်းစဉ် ၎င်းတို့၏ အကြမ်းဖက်လုပ်ဆောင်မှုများကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၆ ဦး ထိခိုက်ဒဏ်ရာ အသီးသီးရရှိခဲ့ပြီး ရဲအသုံးအဆောင်ပစ္စည်းများ ထိခိုက်ပျက်စီးခဲ့ကြောင်းနှင့် ဆန္ဒပြသူ ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# သတင်းတု၊ သတင်းမှားများ သတိထား


















# အာဖရိကတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃ ဒသမ ၆၈ သန်းကျော်ရှိကြောင်း အာဖရိကသမဂ္ဂကျန်းမာရေးစောင့်ရှောက်မှု ကော်မရှင်အဖွဲ့ပြော

**အဒစ္စအာဘာဘာ ဖေဖော်ဝါရီ ၁၀**

အာဖရိက၏ ကိုဗစ်-၁၉ အတည်ပြု ကူးစက် ဖြစ်ပွားသူပေါင်းသည် ဖေဖော်ဝါရီ ၉ ရက်အထိ ၃၆၈၂၀၉၇ ဦးအထိ ရှိလာကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ထုတ်ပြန်ဖော်ပြလိုက်သည်။

အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန၏ ကိုဗစ်-၁၉ စာရင်းများအရ အာဖရိကတိုက် တစ်ဝန်းလုံး ကိုဗစ်-၁၉ ကြောင့် သေဆုံးသူသည် ၉၅၅၈၉ ဦး အထိ ရှိကြောင်းနှင့် ကိုဗစ်-၁၉ ကူးစက်ခံထားရသူ ၃၂၁၁၄၉၁ ဦး ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း သိရသည်။

အာဖရိက တောင်ပိုင်းသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးဒေသတစ်ခုဖြစ်ပြီး ဒုတိယ ကိုဗစ်-၁၉ ကူးစက်မှုအများဆုံးမှာ အာဖရိက မြောက်ပိုင်းဖြစ်ကြောင်း အာဖရိကသမဂ္ဂ ကျန်းမာရေးစောင့်ရှောက်မှု ကော်မရှင်အဖွဲ့က ပြောကြားလိုက်သည်။

တောင်အာဖရိက နိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်မှု အများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၁ ဒသမ ၅ သန်းနီးပါး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိကာ ၄၆၀၀၀ သေဆုံးကြောင်း သိရသည်။

မော်ရိုကို၊ တူနီးရှား၊ အီဂျစ်နှင့် အီသီယိုပီးယားနိုင်ငံတို့သည်လည်း အာဖရိကတိုက်တွင် ကိုဗစ်-၁၉ ကူးစက်မှု အများဆုံးဖြစ်ပွားသည့် နိုင်ငံများဖြစ်ကြောင်း အာဖရိက သမဂ္ဂ ကျန်းမာရေးစောင့်ရှောက်မှု ကော်မရှင်အဖွဲ့က ပြောကြားလိုက်သည်။

ဆင်ဟွာ



ကိပ်ဗ်တောင်းမြို့တွင် အများပြည်သူများ နှာခေါင်းစည်းတပ်ဆင်သွားလာနေသည်ကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းနှင့်ပတ်သက်သည့် မမှန်သတင်းများ ဖေ့စ်ဘွတ်ခ်က ကျယ်ကျယ်ပြန့်ပြန့်ဖယ်ရှားသွားမည်

**ဆန်ဖရန်စစ္စကို ဖေဖော်ဝါရီ ၁၀**

လူမှုကွန်ရက်ဖေ့စ်ဘွတ်ခ်သည် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းနှင့် ပတ်သက်သည့် ဟန့်တားနှောင့်ယှက်မှုဆိုင်ရာ လျှို့ဝှက်ပူးပေါင်းကြံစည်ချက်များကို ပိုမိုဖယ်ရှားနိုင်ရေး ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်မည်ဖြစ်ကြောင်း ဖေ့စ်ဘွတ်ခ်ကုမ္ပဏီ၏ ကြေညာချက်အရ သိရသည်။

ဒီဇင်ဘာလကတည်းက မိမိတို့သည် ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့် ပတ်သက်သော မမှန်စွပ်စွဲပြောကြားမှုနှင့်ပတ်သက်ပြီး ဖယ်ရှားရှင်းလင်းခဲ့ကြောင်း၊ ယနေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကဲ့သို့သော ဦးဆောင်ကျန်းမာရေးအဖွဲ့အစည်းနှင့် တိုင်ပင်ဆွေးနွေးပြီးနောက် ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့်ပတ်သက်ပြီး မမှန်စွပ်စွဲပြောကြားမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဖယ်ရှားမည်ဖြစ်ကြောင်း ဖေ့စ်ဘွတ်ခ်ကုမ္ပဏီက ဖေဖော်ဝါရီ ၈ ရက်က ပြောကြားလိုက်သည်။



စည်းမျဉ်းစည်းကမ်းအသစ်များအရ ဖေ့စ်ဘွတ်ခ်သည် ကိုဗစ်-၁၉ ကာကွယ်ဆေးသည် ထိရောက်မှုမရှိဟု စွပ်စွဲပြောကြားထားသည့်ပို့စ်များကို ဖယ်ရှားရှင်းလင်းမည်ဖြစ်ကြောင်း၊ ထို့အပြင် ကာကွယ်ဆေးထိုးခံခြင်းထက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားခြင်းက ပိုမိုကောင်းမွန်သည်ဆိုသည့် ပြောကြားချက်မျိုး၊ ကာကွယ်ဆေးသည် အဆိပ်ဖြစ်သည်၊ အန္တရာယ်ဖြစ်စေသည် သို့မဟုတ် အထီးကျန်စိတ်ဝေဒနာဖြစ်စေသည်ဟု ပြောကြားချက်များကိုလည်း ဖယ်ရှားမည်ဖြစ်ကြောင်း ကုမ္ပဏီက ဆက်လက်ပြောကြားလိုက်သည်။

ဖေ့စ်ဘွတ်ခ်သည် စာမျက်နှာများနှင့်ပတ်သက်ပြီး မူဝါဒသစ်များကို ပိုမိုအလေးထား စောင့်ကြည့်လျက်ရှိကြောင်းနှင့် စည်းကမ်းချက်များကိုဖောက်ဖျက်သည့်အုပ်စု သို့မဟုတ် အကောင့်များကို ပိုမိုစိစစ်တင်းကျပ်မှုများ ပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။ ထို့အပြင် မမှန်သည့်သတင်းများကို ထပ်ခါထပ်ခါ ပြန်လည်မျှဝေသည့် ဖေ့စ်ဘွတ်ခ်နှင့် အင်စတာဂရမ်အကောင့်များကို ဖယ်ရှားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အဆိုပါ မူဝါဒသစ်များသည် ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့်ပတ်သက်သည့် သတင်းမှားများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရာတွင် ကူညီပေးမည်ဖြစ်ကြောင်း ကုမ္ပဏီက ဆက်လက်ပြောကြားလိုက်သည်။

ဖေ့စ်ဘွတ်ခ်သည် ကိုဗစ်-၁၉ ကာကွယ်ဆေးများနှင့်ပတ်သက်ပြီး မမှန်သတင်းများကို ကန့်သတ်ရန် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလကတည်းက စတင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

# ပီရူးနိုင်ငံတွင် ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံပေး

**လီမာ ဖေဖော်ဝါရီ ၁၀**

ပီရူးနိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ဆန့်ကျင်သည့် အမျိုးသားအဆင့် ကာကွယ်ဆေးထိုးမှု ပထမအဆင့်ကို စတင်လိုက်ပြီဖြစ်ကြောင်းနှင့် တရုတ်ကာကွယ်ဆေးကုမ္ပဏီ ဆီနိုဖမ်း၏ ကိုဗစ်-၁၉ ကာကွယ်ဆေးကို ကျန်းမာရေးဝန်ထမ်းများအား စတင်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

လီမာရှိ အာဇိုဘီစ်ပိုဆေးရုံ၏ အရေးပေါ်ဌာနနှင့် ရုတ်တရက် စောင့်ရှောက်မှုပေးရေးဆိုင်ရာ အကြီးအကဲဖြစ်သူ ဂျိုးဆက်ဖ်ဗယ်လီဂျော့စ်အက်စီဗီဒိုက ဆေးဝန်ထမ်းများကို ပထမဦးစားပေးအုပ်စုအဖြစ် သတ်မှတ်ပြီး ကာကွယ်ဆေးထိုးပေးခြင်းကို မိမိအနေဖြင့် အလွန်ကျေနပ်မိကြောင်း ပြောကြားလိုက်သည်။

အလွန်ကျေနပ်မိကြောင်း၊ ပီရူးဆေးဘက်နယ်ပယ်တွင် သမိုင်းတွင်သည့် နေ့တစ်နေ့ဖြစ်ခဲ့ကြောင်း၊ အထူးသဖြင့် မိမိတို့ကိုဆိုးရွားစွာ ထိခိုက်မှုဖြစ်စေသော ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးကို တိုက်ခိုက်ကာကွယ်ရာတွင် အထူးအရေးပါသော နေ့တစ်နေ့ဖြစ်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

အဆိုပါ ဆေးရုံရှိ ဆရာဝန်အုပ်စုများသည် ကာကွယ်ဆေးစတင်ထိုးနှံရန် လုပ်ငန်းစဉ်အတွက် ရွေးချယ်ခံခဲ့ရပြီး အစိုးရက ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု ဆက်လက်မဖြစ်ပွားဘဲ ရပ်တန့်ရန် ရည်ရွယ်ချက်ထားလုပ်ဆောင်လျက်ရှိကြောင်း ဗယ်လီဂျော့စ်က ပြောကြားလိုက်သည်။

“သူတို့က လက်မောင်းကို ကာကွယ်ဆေးထိုးပေးရုံမှလွဲပြီး အဲဒီထက်မပိုပါဘူး။ ကာကွယ်ဆေးကြောင့်တိကျတဲ့ ရောဂါလက္ခဏာလည်း မဖြစ်ပါဘူး။ ခေါင်းမူးခြင်း သို့မဟုတ် နာကျင်ခြင်းလည်း မရှိပါဘူး” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကိုဗစ်-၁၉ ဆန့်ကျင်ကာကွယ်ဆေးထိုးလုပ်ခြင်းကို အဆင့်သုံးဆင့် ခွဲခြားထားသည်။ ပထမအဆင့်တွင် ကျန်းမာရေးဝန်ထမ်းများကို ရည်ရွယ်ထားကြောင်း သိရသည်။

အဘယ်ကြောင့်ဆိုသော် ကိုဗစ်-၁၉ ကပ်ရောဂါအတွင်း ဆရာဝန် ၃၀၂ ဦး သေဆုံးခဲ့ပြီး ၁၂၄၆၅ ဦး ကူးစက်ခံထားရကာ ၅၀ မှာ အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဒုတိယအဆင့်တွင် အသက် ၆၀ ကျော်အရွယ်သက်ကြီးပိုင်းများပါဝင်ပြီး တတိယအဆင့်တွင် အသက် ၁၈ နှစ်မှ ၅၉ နှစ်အကြား အသက်အရွယ်များကို ဦးစားပေးထားကြောင်း သိရသည်။

ပီရူးနိုင်ငံသည် ကိုဗစ်-၁၉ ဒုတိယလှိုင်း ကူးစက်မှုကို လတ်တလောတွင် ရင်ဆိုင်နေရကြောင်းသိရပြီး အစိုးရက ပထမလှိုင်းထက် ဒုတိယလှိုင်းကို ပိုမိုဂရုတစိုက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ပီရူးနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၁၉၁၂၂၁ ဦး ရှိလာကြောင်း သိရပြီး ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၂၄၆၇ ဦး ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

# ဘရာဇီးနိုင်ငံတွင် တစ်နေ့လျှင် ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၁၃၅၀ ရှိပြီး ကူးစက်ဖြစ်ပွားသူ ၅၀၀၀၀ ကျော်ရှိ

**ဆော်ပေါ်လို ဖေဖော်ဝါရီ ၁၀**

ဘရာဇီးနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၃၅၀ ရှိကြောင်း မှတ်တမ်းတင်ဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း စုစုပေါင်းသေဆုံးသူဦးရေသည် ၂၃၃၅၂၀ ရှိလာပြီ ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ဖော်ပြချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၁၄၈၆ ဦး တိုးလာမှုနှင့်အတူ စုစုပေါင်းနိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူသည် ၉၅၉၉၅၆၅ ဦးအထိ ရောက်ရှိလာခဲ့သည်။

ကိုရိုနာဗက်ကာကွယ်ဆေးနှင့် အက်စ်ထရာဇနီကာ ကာကွယ်ဆေးများကို အရေးပေါ်သုံးစွဲခွင့်ပြုလိုက်ပြီးနောက် လူပေါင်း လေးသန်းကျော်ကို ကာကွယ်ဆေးထိုးပေးခဲ့ပြီးဖြစ်ကြောင်း အစိုးရက ပြောကြားလိုက်သည်။ ဘရာဇီးဒေသခံ တိုင်းရင်းသားလူဦးရေ ၅၁ ရာခိုင်နှုန်းတို့ကို ကာကွယ်ဆေးထိုးပေးပြီးဖြစ်ကြောင်း အစိုးရက ပြောကြားလိုက်သည်။

ဆော်ပေါ်လိုပြည်နယ်သည် ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားမှု အများဆုံးနေရာတစ်ခုဖြစ်ပြီး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၈၆၄၉၇၇ ဦးနှင့် စုစုပေါင်းသေဆုံးသူ ၅၅၀၈၇ ဦးရှိကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် လက်တင်အမေရိကတွင် အကြီးဆုံးစီးပွားရေးတည်ရှိရာ နိုင်ငံဖြစ်ပြီး အမေရိကန်ပြည်ထောင်စုနှင့် အိန္ဒိယပြီးလျှင် ကမ္ဘာတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသေဆုံးမှု ဒုတိယအများဆုံး နိုင်ငံဖြစ်သည်။

ဆင်ဟွာ



ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရန် လုပ်ဆောင်နေသည်ကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ ကာကွယ်ဆေးရရှိရေး ယှဉ်ပြိုင်မှုပြိုင်ပွဲ မျှတမှုမရှိ

**နှင်းမိုးအိမ်**

**ကိုဗစ် -၁၉ ကပ်ရောဂါကို အဆုံးတိုင် တိုက်ဖျက်ရေးအတွက် ကာကွယ်ဆေးမှာအရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်သကဲ့သို့ သာတူညီမျှ ဖြန့်ဝေခွင့်ရရှိရေးမှာလည်း အမှန်တကယ်ပင် အရေးကြီးလှသည်။**

### ဘဏ္ဍာရေးအခက်အခဲရှိ

ချမ်းသာသည့်နိုင်ငံများမှာ လုံလောက်သည့် ပမာဏထက်ပင် ကာကွယ်ဆေးပိုမိုပိုင်ဆိုင်ထားပြီး အချို့သောနိုင်ငံများတွင်မူ ကာကွယ်ဆေးရရှိရန် လိုအပ်လျက်ရှိသည်။ ကွန်ဂိုသမ္မတနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ အရေအတွက်မှာ ၈၀၀၀ ဝန်းကျင်တွင်ရှိနေပြီး မြို့တော်တွင်လည်း ပီစီအာ ဆေးစစ်ပေးရေး စင်တာများ အပြည့်ဖွင့်လှစ်ထားသည်။ ၎င်းတို့ထဲမှ လူတစ်စုမှာ ကာကွယ်ဆေးအထိုးခံလိုသော်လည်း လက်ရှိဗဟိုအာဖရိကနိုင်ငံတစ်နိုင်ငံတွင် ကာကွယ်ဆေးဝယ်ယူရန် ဘဏ္ဍာရေးအရ အခက်အခဲရှိသည်။ ငွေကြေးလုံလောက်ခြင်းမရှိသဖြင့် ကာကွယ်ဆေးဝယ်ယူရန်လည်း မဖြစ်နိုင်ပေ။

### စိုးရိမ်ပူပန်မှုများ တိုးလျက်ရှိ

ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများမှာလည်း စိုးရိမ်ပူပန်မှုများ တိုးလျက်ရှိသည်။ ကိုဗစ် -၁၉ ဆေးစစ်ပေးရေးစင်တာများတွင် အလုပ်လုပ်ကိုင်နေသည့် မိုက်ကယ်ကွန်ဘိုက ကိုဗစ် -၁၉ တိုက်ဖျက်ရေးအတွက် ရှေ့တန်းမှ လုပ်ကိုင်နေကြသူများကို ဦးစွာ ကာကွယ်ဆေးထိုးပေးသင့်သည်ဟု ပြောသည်။ တစ်ချိန်လုံး လူနာများနှင့် ထိတွေ့နေရသည့်အတွက် ကာကွယ်ဆေးထိုးရန် ပိုမိုလိုအပ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ကိုဗစ် -၁၉ အတွက် ဆေးစစ်ပေးနေစဉ် လူနာများနှင့် မတော်တဆ ထိတွေ့မှုများရှိနေသည်ဟု ၎င်းက ပြောသည်။ ထိုစဉ် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သည့် အောက်စ်ဖန်း၏လေ့လာမှုများအရ အချို့သောနိုင်ငံများတွင် နိုင်ငံအတွင်းရှိ လူဦးရေထက်ပို၍ ကာကွယ်ဆေးကို ဝယ်ယူထားသည်ဟု သိရသည်။

### မညီမျှမှုများရှိ

ကနေဒါနိုင်ငံသည် ၎င်းတို့နိုင်ငံရှိ လူဦးရေထက် ငါးဆပို၍ ကာကွယ်ဆေးဝယ်ယူထားသည်ဟု အဆိုပါအဖွဲ့အစည်းက ပြောသည်။ ဆင်းရဲသည့်နိုင်ငံများတွင်မူ အခြေအနေမှာ ထိုသို့မဟုတ်ပေ။ ယခုနှစ်အတွင်း နိုင်ငံပေါင်း ၆၇ နိုင်ငံတွင် လူ ၁၀ ဦးလျှင် တစ်ဦးသာ ကာကွယ်ဆေးထိုးနိုင်သည်ဟု ဖော်ပြလျက်ရှိသည်။ ယနေ့ဖြစ်ပေါ်နေသည့် အခြေအနေများကိုကြည့်လျှင် ကာကွယ်ဆေးဖြန့်ဖြူးပေးရာတွင် မညီမျှမှုများရှိနေသည်ကို ဖော်ပြလျက်ရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အာဖရိကဒေသတွင်းဆိုင်ရာ ညှိနှိုင်းရေးမှူး မတ်ရှိဒီဆို မိုတီကပြောသည်။ တစ်ကမ္ဘာလုံးဆိုင်ရာ စည်းလုံးညီညွတ်မှုအခြေအနေကို ပြသနိုင်ခြင်းမရှိဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ နိုင်ငံတိုင်း နိုင်ငံတိုင်းမှာ ၎င်းတို့ချည်း တံခါးပိတ်နေထိုင်၍ မရနိုင်ကြောင်း အဆင်ပြေသည့် နည်းလမ်းများကို ရှာဖွေရမည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။



**“ယနေ့ဖြစ်ပေါ်နေသည့် အခြေအနေများကိုကြည့်လျှင် ကာကွယ်ဆေးဖြန့်ဖြူးပေးရာတွင် မညီမျှမှုများ ရှိနေသည်ကို ဖော်ပြလျက်ရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အာဖရိကဒေသတွင်းဆိုင်ရာ ညှိနှိုင်းရေးမှူး မတ်ရှိဒီဆို မိုတီက ပြောသည်။ တစ်ကမ္ဘာလုံးဆိုင်ရာ စည်းလုံးညီညွတ်မှုအခြေအနေကို ပြသနိုင်ခြင်းမရှိဟု ၎င်းက ဆက်လက်ပြောကြားခဲ့”**

### ခက်ခဲနေသေး

အိန္ဒိယနိုင်ငံတွင် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဇန်နဝါရီလအတွင်းမှ စတင်ခဲ့သည်။ နွေရာသီအရောက်တွင် ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၊ အသက် ၅၀ နှင့်အထက် ပုဂ္ဂိုလ်များအပါအဝင် လူဦးရေသန်းပေါင်း ၃၀၀ ကို ကာကွယ်ဆေးထိုးပြီးရန် ရည်ရွယ်ထားသည်။ လူပေါင်းသန်းနှင့်ချီ၍ ဆေးထိုးပြီးဖြစ်သော်လည်း နိုင်ငံတစ်ဝန်းဝေးလံခေါင်းပါးသည့်နေရာများတွင် နေထိုင်ကြသူများအတွက်မူ ခက်ခဲနေသေးသည်။ ပရာဘီရာ ချက်တာကြီးသည် အနောက်ဘင်္ဂလားပြည်နယ်ရှိ ကျေးလက်ဒေသဆေးရုံတွင် အလုပ်လုပ်ကိုင်နေသူဖြစ်သည်။

### မလွယ်ကူ

ကာကွယ်ဆေး လုံလုံလောက်လောက်ရရှိရန်မှာ အရေးပါသည့် အကြောင်းပြချက်တစ်ခုဖြစ်သကဲ့သို့ ကာကွယ်ဆေးများ ဖြန့်ဖြူးပေးရာတွင် စီမံခန့်ခွဲပေးနိုင်ရန်မှာလည်း နောက်ထပ်အကြောင်းတစ်ခု ဖြစ်သည်။ ကာကွယ်ဆေးများကို ကီလိုမီတာ ၂၀ ဝေးသည့် ဆေးဘက်ဌာနခွဲများသို့ ပေးပို့ရသည်။ ထိုသို့ပေးပို့ရာတွင် အအေးခန်း၌ သိုလှောင်ထိန်းသိမ်းထားရန်လည်း လိုအပ်သည်။ သို့သော်လည်း ဆေးရုံတွင် အိမ်သုံးရေခဲသေတ္တာသာရှိသည်။ ထို့ပြင် လျှပ်စစ်မီးထောက်ပံ့မှုမှာလည်း အချိန်ပြည့်မရနိုင်ပေ။ ကာကွယ်ဆေးများကို အာနိသင်မပျောက်စေဘဲ အကောင်းဆုံးအနေအထားဖြင့် ထိုးနှံပေးနိုင်ရေးမှာ မလွယ်ကူဟု ၎င်းက ပြောကြားခဲ့သည်။

### ကြိုးပမ်းလျက်ရှိ

ထို့ပြင် ဆေးရုံများတွင်လည်း ဆရာဝန်လုံလောက်မှုမရှိပေ။ ဒေသခံပေါင်း ၁၃၀၀၀ ကို ဆရာဝန်နှစ်ယောက်ဖြင့် ကုသပေးနေရသည်။ လူတိုင်းလူတိုင်းကို ကာကွယ်ဆေးထိုးပေးနိုင်ရေးအတွက် ပုံမှန်အလုပ်များကို ဖျက်ထားရမည်ဖြစ်သည်။ ဒေါက်တာ ပရာဘီယာတို့အလုပ်လုပ်သည့်ဆေးရုံတွင်လည်း အိမ်သုံးရေခဲသေတ္တာတစ်လုံးသာရှိသည်။ အိန္ဒိယအစိုးရသည် ဆေးဘက်ဝန်ထမ်းများနှင့် ရဲအရာရှိများအပါအဝင် လူပေါင်းသန်း ၃၀ အတွက် ကာကွယ်ဆေး အခမဲ့ထောက်ပံ့ပေးပြီးဖြစ်သည်။ အချို့သောလူများမှာမူ ကာကွယ်ဆေးထိုးရန် ပိုက်ဆံပေးရမည်ကို စိုးရိမ်လျက်ရှိသည်။ တစ်ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ဆေး ညီညီမျှမျှဖြန့်ဖြူးပေးရေး အစီအစဉ်ဖြစ်သည့် ကိုဗက်သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကာကွယ်ဆေး အညီအမျှဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

### ကူးစက်ခံရသူသန်း ၁၀၀ ကျော်လွန်လာပြီဖြစ်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ယင်းအစီအစဉ်ကို တည်ထောင်သည့်အထဲတွင် ပါဝင်ပြီး နိုင်ငံပေါင်း ၁၉၀ လည်း ပါဝင်သည်။ သို့သော်လည်း ကာကွယ်ဆေးဖြန့်ဖြူးပေးရေး အစီအစဉ်များကိုမူ မစတင်ရသေးပေ။ ကိုဗက်အစီအစဉ်သည် ယခုလအတွင်းမှစတင်ကာ ကာကွယ်ဆေးထိုးပေးရေးအစီအစဉ်များကို စတင်ရန်ရည်ရွယ်ထားပြီး မတ်လအကုန်တွင် သန်းပေါင်း ၁၅၀ ကို ကာကွယ်ဆေးထိုးပေးနိုင်ရန် မျှော်မှန်းထားသည်။ လက်ရှိအချိန်တွင် တစ်ကမ္ဘာလုံး ကိုဗစ် -၁၉ ဖြစ်ပွားသူဦးရေမှာ သန်းတစ်ရာကျော်လွန်ပြီဖြစ်သည်။ ကိုဗစ်- ၁၉ ကြောင့် ၂ ဒသမ ၂ သန်း အသက်ဆုံးရှုံးခဲ့ပြီးဖြစ်သည်။

### သံသရာလည်နေဦးမည်

နိုင်ငံတိုင်းမှ လူတိုင်းလူတိုင်း ကာကွယ်ဆေးမထိုးရသေးသရွေ့ ကပ်ရောဂါမှာ ရပ်တန့်မည်မဟုတ်ဟု ကာကွယ်ဆေး မဟာမိတ်အုပ်စုဖြစ်သည့် ဂါဗီမှ စီအီးအိုဖြစ်သူ ဒေါက်တာဘာကလေက ပြောသည်။ အကယ်၍ ကမ္ဘာ့နေရာအတော်များများတွင် ကာကွယ်ဆေး မထိုးရသေးပါက ဗိုင်းရပ်စ်ကူးစက်မှုမှာ ဆက်လက်သံသရာလည်နေဦးမည်ဖြစ်သည်။ ကူးစက်မှုစက်ဝန်းမပြတ်သေးလျှင် လူတိုင်းလူတိုင်းတွင် ဘေးအန္တရာယ်ကျရောက်နိုင်သည်။ ။

**အင်န်အိတ်ချ်ကေ**

# နိုင်ငံတကာသတင်းတိုများ

## ဂျပန်နိုင်ငံတွင် အရေးပေါ်အခြေအနေကြေညာခြင်းကို အဆုံးသတ်တော့မည်

**တိုကျို ဖေဖော်ဝါရီ ၁၀**

ဂျပန်အစိုးရသည် မတ်လ ၇ ရက်မတိုင်မီ ခရိုင်အချို့တွင် နိုင်ငံတော်အရေးပေါ်အခြေအနေအဆုံးသတ်ပေးနိုင်ရေးနှင့်ပတ်သက်ပြီး စဉ်းစားဆုံးဖြတ်လျက်ရှိသည်။

တိုကျိုအပါအဝင် စီရင်စု ၁၀ စုတို့သည် နိုင်ငံတော်အရေးပေါ်အခြေအနေကျရောက်လျက်ရှိသည်။ အဆိုပါ စီရင်စုများ၌ မတ် ၇ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

ဂျပန်ကျန်းမာရေးဝန်ကြီး တာမူရာ နိုရီဟီဆာက ကိုဗစ်-၁၉ ကူးစက်မှုကျဆင်းသွားပြီဖြစ်ကြောင်း၊ အရေးပေါ်အခြေအနေကို ဆက်လက်ထားရှိသွားပါက လူမှုရေးဆိုင်ရာ သို့မဟုတ် စီးပွားရေးဆိုင်ရာ ပြဿနာများ ဖြစ်ပွားနိုင်ကြောင်း ပြောကြားလိုက်သည်။

အခြေအနေအကြောင်းအရာအချက်အလက်များအပေါ် မူတည်ပြီး နောက်ဆုံး ဆုံးဖြတ်ချက်ကို ချမှတ်မည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## စပိန်နိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ သုံးသန်းကျော်အထိ တိုးလာ

**မက်ဒရစ် ဖေဖော်ဝါရီ ၁၀**

စပိန်နိုင်ငံတွင် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၆၄၀၂ ဦးရှိကြောင်း ဖော်ပြခဲ့ရာ ယခုအခါ နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းသည် ၃၀၀၅၄၈၇ ဦးရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၉ ရက်တွင် ထုတ်ပြန်ဖော်ပြလိုက်သည်။

လွန်ခဲ့သော ၂၄ နာရီက ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၇၆၆ ဦးရှိကြောင်း ဖော်ပြခဲ့မှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းသည် ၆၀၆၁ ဦးရှိလာပြီဖြစ်ကြောင်း သိရသည်။ ကိုဗစ်-၁၉ နှင့်ပတ်သက်ပြီး ကူးစက်မှုနှုန်း ဆက်လက်ကျဆင်းလျက်ရှိကြောင်းလည်း သိရသည်။ စပိန်နိုင်ငံတွင် ယခုအချိန်အထိ ကိုဗစ်-၁၉ ကာကွယ်ဆေးကို လူပေါင်း ၂၁၆၇၂၄၁ ဦး ထိုးပေးပြီးဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးအာဏာပိုင်များက လွန်ခဲ့သောသီတင်းပတ်က ရောက်ရှိလာသော အက်စ်ထရာဇနီကာကာကွယ်ဆေး ပမာဏ ၁၉၆၈၀၀ စတင်အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။ ယခုအခါတွင် အဆိုပါကာကွယ်ဆေးကို အသက် ၁၈ နှစ်မှ ၅၅ နှစ်ကြားအရွယ်များကို ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို တားဆီးထိန်းချုပ်ရန် ဖေဖော်ဝါရီ ၉ ရက်ကလည်း စပိန်အစိုးရသည် ဘရာဇီး၊ တောင်အာဖရိက၊ အင်္ဂလန်နိုင်ငံတို့မှ ရောက်လာသည့်လေကြောင်းလိုင်းများကို တားဆီးထားကြောင်း သိရသည်။ ပေါ်တူဂီနှင့်ထိစပ်လျက်ရှိသော စပိန်နယ်စပ်ကိုလည်း မတ်လ ၁ ရက်အထိ ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ “နေအိမ်တွင်သာ နေထိုင်ရေး အစီအစဉ် (Stay at home)”တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသော မြို့နယ်များတွင် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **“COVID-19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လှုပ်ရှားမှုစီမံချက် (Mask and Face Shield Campaign)”** ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လှုပ်ရှားမှုစီမံချက်တွင်

- ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေးစည်းရုံးလှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များပေးဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန




သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။

## ၁၀-၂-၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၇၈၀၅၁၁၃ | ၁၇၆၄၂၅၅၆ | ၄၇၉၈၃၉ |
| ၂။ | အိန္ဒိယ | ၁၀၈၅၉၀၅၇ | ၁၀၅၆၀၅၉၃ | ၁၅၅၂၈၆ |
| ၃။ | ဘရာဇီး | ၉၆၀၂၀၃၄ | ၈၅၂၃၄၆၂ | ၂၃၃၅၈၈ |
| ၄။ | ရုရှား | ၄၀၁၂၇၁၀ | ၃၅၁၆၄၆၁ | ၇၈၁၃၄ |
| ၅။ | ဗြိတိန် | ၃၉၇၂၁၄၈ | ၁၉၈၃၆၅၀ | ၁၁၃၈၅၀ |
| ၆။ | ပြင်သစ် | ၃၃၆၀၂၃၅ | ၂၃၅၇၁၇ | ၈၀၁၄၇ |
| ၇။ | စပိန် | ၃၀၀၅၄၈၇ | စိစစ်ဆဲ | ၆၃၀၆၁ |
| ၈။ | အီတလီ | ၂၆၅၅၃၁၉ | ၂၁၄၉၃၅၀ | ၉၂၀၀၂ |
| ၉။ | တူရကီ | ၂၅၄၈၁၉၅ | ၂၄၃၇၃၈၂ | ၂၆၉၉၈ |
| ၁၀။ | ဂျာမနီ | ၂၃၀၄၇၀၃ | ၂၀၇၃၁၀၀ | ၆၃၄၈၁ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၀ – ၂ – ၂၀၂၁

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၁၈၃၅၅၅ | ၉၈၂၉၇၂ | ၃၂၁၆၇ |
| ဖိလစ်ပိုင် | ၅၄၁၅၆၀ | ၄၉၉၉၇၁ | ၁၁၄၀၁ |
| မလေးရှား | ၂၅၁၆၀၄ | ၁၉၈၄၉၅ | ၉၂၃ |
| မြန်မာ | ၁၄၁၄၈၇ | ၁၂၈၆၉၂ | ၃၁၈၁ |
| စင်ကာပူ | ၅၉၇၄၇ | ၅၉၅၀၆ | ၂၉ |
| ထိုင်း | ၂၃၉၀၃ | ၁၈၉၁၄ | ၈၀ |
| ဗီယက်နမ် | ၂၀၉၁ | ၁၄၈၀ | ၃၅ |
| ကမ္ဘောဒီးယား | ၄၇၈ | ၄၅၇ | ၀ |
| ဘရူနိုင်း | ၁၈၂ | ၁၇၅ | ၃ |
| လာအို | ၄၅ | ၄၁ | ၀ |







ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ သင့်ရဲ့လက်တွေမှာ ပါရှိလာနိုင်ပါတယ်။ မျက်နှာကို မထိပါနဲ့။ လက်ကို သန့်သန့်ရှင်းရှင်းထားပါ။ အပြင်ထွက်တိုင်းနှင့် အပြင်မှပြန်လာပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျဆေးပါ။







# ညောင်ဦးမြို့နယ် ငါ့သရောက်မြို့နယ်ရှိ ထန်းတောင်သူများ ထန်းလုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်နေကြ

**ညောင်ဦး ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်နှင့် ငါ့သရောက်မြို့ ကျေးလက်တောင်သူများ ထန်းတက်လုပ်ငန်းစတင်ရန် ထန်းတက်ပင်များ ကြိုတင်ပြင်ဆင်နေကြပြီဖြစ်ကြောင်း ငါ့သရောက်မြို့ ထန်းပေါက်ကုန်းကျေးရွာ ထန်းတောင်သူ ဦးဝင်းစိုးက ပြောသည်။

ထန်းတောင်သူများ ထန်းတက်လုပ်ငန်း လုပ်ကိုင်ခြင်းကို ပြာသိုလ၊ တပို့တွဲလတို့တွင် စတင် ပြင်ဆင်လုပ်ကိုင်ကြပြီး ထန်းပင်များပြင်ဆင်ရန်အတွက် ရင်းထောင်၊ ရင်းဆွဲများပြုလုပ်ရန်အတွက် ဝါးဝယ်ယူခြင်း၊ ထန်းဆွဲမြူအိုးဝယ်ယူစုဆောင်းထားခြင်း၊ ထန်းလျက်ချက်လုပ်ရန် ထန်းလျက်ချက်ဖိုပြင်ဆင်ခြင်းလုပ်ငန်းများ ကြိုတင်လုပ်ဆောင်နေကြောင်းလည်း သိရသည်။ ညောင်ဦးမြို့နယ်နှင့် ငါ့သရောက်မြို့တို့သည် ထန်းတောင်သူအများစုကျန်ရှိနေသေးသည့် မြို့များဖြစ်ကာ အချို့ကျေးရွာများသည် တစ်ရွာလုံးထန်းတက်လုပ်ငန်းလုပ်ကိုင်ကြသည့် ကျေးရွာများရှိနေသေးကာ အချို့ကျေးရွာများမှာ ထန်းတက်လုပ်ငန်း စွန့်လွှတ်ကာ ရေကြည်ရာ၊ မြက်နုရာသို့ ထွက်ခွာအလုပ်သွားလုပ်ကြကြောင်း သိရသည်။ ထန်းတက်လုပ်ငန်းသည် ထန်းသမားတစ်မိသားစုလုံးပင်ပန်းသည့် လုပ်ငန်းဖြစ်ကာ အိမ်ရှိလူကုန် နံနက်ပိုင်းမှစတင်ပြီး ညနေမိုးချုပ်သည်အထိ ပင်ပင်ပန်းပန်း လုပ်ကိုင်ရသည့် လုပ်ငန်းဖြစ်ကြောင်း၊ နံနက်မိုးမလင်းမီမှစတင်ကာ ထန်းတက်လုပ်ငန်းလုပ်ရကြောင်း၊ ထန်းရည်များ အချိန်မီချက်လုပ်နိုင်ရန် မိုးပြဲဒယ်ဖြင့် ထန်းလျက်ချက်ဖိုပေါ်တင်ကာ အဆက်မပြတ် မီးထိုးရကြောင်း၊ ထန်းလျက်ချက်ပြီးချိန် ညနေထန်းပြန်တက်ရန်ပြင်ဆင်ရကြောင်း၊ နားရန်ပင်အချိန်မရှိဘဲ မနားမနေလုပ်ကိုင်ရသည့် ထန်းတက်လုပ်ငန်းဖြစ်ကာ ထန်းလျက်ပေါ်ဦးပေါ်စတွင် တစ်ပိဿာ ငွေကျပ် ၁၅၀၀ ရောင်းချရပြီး ထန်းလျက်လှိုင်လှိုင်ပေါ်ချိန် ထန်းလျက်ဈေးနှုန်းလည်း ကျဆင်းလာကာ ငွေကျပ် ၁၀၀၀ အထိ ဈေးနှုန်းကျဆင်းလာကြောင်း ထန်းတောင်သူများက ပြောသည်။

ထန်းတောင်သူများ ထန်းတက်လုပ်ငန်းစတင်ဝင်ရောက်ရန်အရင်းအနှီးအဖြစ် ထန်းဆွဲမြူအိုးကြိုး၊ ထန်းဆွဲအိုး၊ ဝါး၊ လေ့ကားဆံလုပ်ရန် သစ်၊ ထန်းလျက်ချက်ဖိုအတွက် မြေနီ၊ မြေစေး၊ ကောက်ရိုး၊ ထန်းလျက်ချက်ရန် သတ္တုဒယ်ကြီး၊ ချက်ပြီးသား ထန်းလျက်ထည့်ရန် ထန်းလက်ဗန်း၊ ထန်းလက်ကပ်၊ စသည်တို့ကို ထန်းတက်လုပ်ငန်းမဝင်မီ ကြိုတင်စီစဉ်စုဆောင်းထားရကြောင်း ပိုင်ထန်းတဲပိုင်ရှင် ဦးမောင်ဆန်းက ရှင်းပြသည်။ ထန်းပင်ပြင်ခ ထန်းသမားတစ်ဦး ငွေကျပ် ၁၅၀၀၊ ကျွမ်းကျင်သည့် ထန်းသမားတစ်ဦး ထန်းပင်ပြင်လျှင် တစ်နေ့ ထန်းခုနစ်ပင်ပြင်ပြီးကြောင်း၊ ထန်းသမား အများစု တစ်ရက်ထန်းပင် အပင် ၅၀ မှ ၅၅ ပင်အထိ ထန်းတက်ထန်းလှီးနိုင်ကြောင်း၊ ထန်းပင် တစ်ပင်လျှင် တစ်လ ထန်းရွက်တစ်ရွက်သာ ထွက်ပြီး တစ်နှစ်မှ ထန်းရွက် ၁၂ ရွက်သာ ထွက်ရှိကြောင်း သိရသည်။ ထန်းပင်အမြင့် တစ်နှစ်ပတ်လုံးမှ ကြက်မတစ်ဝပ်စာသာ တက်ကြောင်းလည်း သိရကာ ထန်းလျက်လှိုင်လှိုင်ပေါ်ချိန် ထန်းလျက်ဈေးကောင်းရရန် ထန်းတောင်သူများ မျှော်လင့်နေကြောင်း ငါ့သရောက်မြို့ ဆင်သားမွေးကျေးရွာ ဦးမြင့်ကျော်က ပြောကြားသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# ဖလမ်းမြို့ မိုးလုံလေလုံအားကစားခန်းမအသစ် ဆောက်လုပ်ရန် မြေသန့်ပန္နက်တင်မင်္ဂလာအခမ်းအနားပြုလုပ်

**ဖလမ်း ဖေဖော်ဝါရီ ၁၀**

ချင်းပြည်နယ် ဖလမ်းမြို့ မိုးလုံလေလုံအားကစားခန်းမအသစ် ဆောက်လုပ်ရန် မြေသန့်ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီပထမပတ်က ဖလမ်းမြို့ ကျင်မွှာလ်ရပ်ကွက် အားကစားကွင်း၌ ပြုလုပ်သည်။

ရှေးဦးစွာ သိက္ခာတော်ရဆရာတော် ထောင်းဘိခ်က အဖွင့်ဆုတောင်း ဆက်ကပ် အပ်နှံပေးသည်။ ထို့နောက် ဖလမ်းခရိုင်တရားသူကြီး ဦးလှဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကြားအွယ်၊ ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမာန်မနား၊ သိက္ခာတော်ရဆရာတော် ထောင်းဘိခ်၊ မြို့မိမြို့ဖတာဝန်ရှိသူတို့က မိုးလုံလေလုံ အားကစားခန်းမအသစ် ဆောက်လုပ်ရန် မြေသန့်ပန္နက်တင်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ မိုးလုံလေလုံအားကစားခန်းမ ဆောက်လုပ်ရန် တင်ဒါအောင်မြင်သော ကုမ္ပဏီတာဝန်ခံ အင်ဂျင်နီယာ ဦးတင်မင်းထွဋ်က အားကစားခန်းမဆောက်လုပ်မည့်အခြေအနေနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြသည်။

ဖလမ်းမြို့ မိုးလုံလေလုံအားကစားခန်းမကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ငွေလုံငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၂၈၅ သန်းကျခံကာ (၁၂၀ x ၉၀ x ၃၆) ပေ Steel Structure ဖြင့် ဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လှိုင်းအသင့်အတင့် ရှိမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တို့တွင် ယနေ့ သာယာမည်။

**မိုး/ဇလ**

## COVID-19
## ကပ်ရောဂါကူးစက်မှုလျှော့ချနိုင်ဖို့ လေဝင်လေထွက်ကောင်းမွန်မှုမရှိသော အလုံပိတ်နေရာများကို ရှောင်ကြဉ်ပါ



#LETSBEATCOVIDTOGETHER

COVID-19 ကပ်ရောဂါကူးစက်မှုကို လျှော့ချနိုင်ဖို့ ဆောင်ရန်၊ ရှောင်ရန်တွေက ဘာတွေလဲ?

ရှောင်ကြဉ်သင့်တဲ့အရာတစ်ခုကတော့ လူအများအပြားရှိပြီး လေဝင်လေထွက်ကောင်းမွန်မှုမရှိတဲ့ "အလုံပိတ်နေရာများ" ပဲ ဖြစ်ပါတယ်။ ဒီလိုနေရာတွေက COVID-19 ပိုင်းရပ်စ်ပိုးတွေ အကြိုက်ပါပဲ။ လေအေးပေးစက်အသုံးပြုထားတဲ့ အလုံပိတ်နေရာတွေထဲမှာ ပိုင်းရပ်စ်ပိုးတွေဟာ အချိန်ကြာမြင့်အောင် လွင့်မျောနေနိုင်ပါတယ်။ ကောင်းမွန်တဲ့ လေဝင်လေထွက်စနစ်မရှိတဲ့ အလုံပိတ်အခန်းတွေဟာ ဝေးဝေးရှောင်ရမယ့်အရာပါပဲ။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲနေပြီး အိမ်ထဲမှာလည်း လေဝင်လေထွက်ကောင်းအောင် ပြုလုပ်ထားသင့်ပါတယ်။ လူကြပ်တဲ့အချိန်တွေမှာလဲ ဘတ်စ်ကားအသုံးပြုမှုကို ရှောင်ကြဉ်ပါ။

## အများသုံး သယ်ယူပို့ဆောင်ရေးယာဉ် အသုံးပြုတဲ့အခါ



#LETSBEATCOVIDTOGETHER

လူထုထပ်တဲ့နေရာတွေကို ဂရုစိုက်ပါ။ ဥပမာ - ဘတ်စ်ကားစီးနင်းတဲ့အခါမျိုးပါ။ ပြည်တွင်းကူးစက်မှုတွေကလဲ တဖြည်းဖြည်း မြင့်မားနေပါတယ်။ လေအေးပေးစက်အသုံးပြုတဲ့ ဘတ်စ်ကားတွေ စီးမယ်ဆိုရင် နှာခေါင်းစည်း၊ Face shield၊ လက်အိတ်စတဲ့ တစ်ကိုယ်ရည်သုံး ကာကွယ်ရေး ပစ္စည်းတွေ ဝတ်ဆင်ဖို့ မမေ့ပါနဲ့။ မိမိရဲ့မျက်နှာကိုလဲ လက်တွေနဲ့ မထိပါနဲ့။ အိမ်ပြန်ရောက်တဲ့အခါမှာလည်း လက်ကို သေချာစွာဆေးကြောပေးပါ။

## လူထုအားလုံး ကျန်းမာရေး
## ကျန်းမာရေးဝန်ထမ်းများကို ကူညီပံ့ပိုးပေး



#LETSBEATCOVIDTOGETHER

တစ်ကမ္ဘာလုံးက COVID-19 နှင့် တိုက်ခိုက်နေရပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေနဲ့ စေတနာ့ဝန်ထမ်းတွေက ကူးစက်ရောဂါကို ရှေ့တန်းစစ်မျက်နှာမှာ တိုက်ခိုက်နေတာဖြစ်ပါတယ်။ သူတို့က COVID-19 ကူးစက်ခံထားရတဲ့ လူနာများနှင့် နေ့စဉ်ထိတွေ့နေရပါတယ်။ လူသားအားလုံးကို ကူညီကာကွယ်ဖို့ ရောဂါကူးစက်နိုင်ခြေရှိတဲ့ အခြေအနေတွေကို သူတို့ လက်ခံ ကြုံတွေ့နေရပါတယ်။ ရောဂါကို တိုက်ဖျက်ပြီး လူတိုင်းပြန်ပြီး ကျန်းမာလာစေဖို့ သူတို့အစွမ်းကုန်ကြိုးစားနေကြပါတယ်။ တတ်နိုင်သမျှ ကျန်းမာရေးဝန်ထမ်းတွေကို ကူညီပံ့ပိုးကြပါစို့။

## ဆေးလိပ်သောက်ခြင်းနှင့် ကိုဗစ်ဟာ အန္တရာယ်ရှိတဲ့ ပေါင်းစပ်မှုတစ်ခုပါ



#LETSBEATCOVIDTOGETHER

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏အဆိုအရ ဆေးရုံတင်ထားရသည့် COVID-19 လူနာများထဲမှာ ရောဂါလက္ခဏာ ပြင်းထန်စွာခံစားရခြင်းနှင့် သေဆုံးမှုမြင့်တက်ခြင်းဟာ ဆေးလိပ်သောက်ခြင်းနှင့် ဆက်စပ်မှုရှိတယ်လို့ ဆိုပါတယ်။ ဆေးလိပ်သောက်ခြင်းက နှလုံးနှင့်အဆုတ်ရောဂါဖြစ်နိုင်ခြေကို မြင့်တက်စေပါတယ်။ ဒီလိုအကြောင်းတွေကြောင့် ယခုအချိန်က သင်ဆေးလိပ်ဖြတ်ဖို့အတွက် အသင့်တော်ဆုံးအချိန်ပါ။ ဒီလိုဖြတ်လိုက်မယ်ဆိုရင် သင့်မိသားစုကလည်း ကျေးဇူးတင်မှာပါ။

# အင်းစိန် မင်းဓမ္မကုန်းတော် လောကချမ်းသာအဘယလာဘမုနိ (ကျောက်တော်ကြီး) ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကြည်ညိုဖူးမြော်ပူဇော်နိုင်ရန် ပြန်လည်ဖွင့်လှစ်



အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာ အဘယလာဘမုနိ (စကျင်) ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးတွေ့ရစဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ် ပူဇော်တော်မူသော လောကချမ်းသာ အဘယလာဘမုနိ (စကျင်) ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖေဖော်ဝါရီ ၉ ရက်က မြို့နယ် သံဃနာယကအဖွဲ့၏ ဩဝါဒခံယူကာ ဆရာတော် သံဃာတော် အရှင်သူမြတ်များက အနေကဇာတင်ပြီး ရဟန်းရှင်လူ ပြည်သူအများ ကြည်ညိုဖူးမြော်ပူဇော်နိုင်ရန် ပြန်လည်ဖွင့်လှစ်သည်။

ဂေါပကအဖွဲ့ဝင်များက ကျန်းမာရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ နံနက် ၆ နာရီမှ မွန်းလွဲ ၁ နာရီအထိနှင့် ညနေ ၃ နာရီမှ ၆ နာရီအထိ အချိန်နှစ်ပိုင်းခွဲ၍ ရဟန်းရှင်လူ ပြည်သူများအား ကြည်ညိုဖူးမြော် ပူဇော်ခွင့်ပေးထားကြောင်း သိရသည်။

လောကချမ်းသာ အဘယလာဘမုနိ (ကျောက်တော်ကြီး) ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စည်းကမ်းချက်များအတိုင်း ဂေါပကအဖွဲ့ဝင်များက အတက်/အဆင်းလမ်းများ သတ်မှတ်ထားပြီး လက်ဆေးရန် လက်ဆေးဘေစင်၊ ဆပ်ပြာရည်များ နေရာမလပ် စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**ရွှေမြိုင်မောင်ဖုန်း**















**အမြို့မြို့အနယ်နယ်**
**ပျံ့နှံ့သည့် သတင်းစာ**
**မြန်မာ့အလင်း**
**သတင်းစာတွင်**
**ကြော်ငြာပါ**


**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မိမိဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀ - ၂ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၅၅၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၄၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၇၅၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၅၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၄၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၇၅၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၉၀/၇၂၅ | ကျပ် | ၇၂၅/၇၃၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၇၀၀/၇၄၀ | ကျပ် | ၇၄၀/၇၅၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၅၅/၆၈၅ | ကျပ် | ၇၂၀/၇၂၅ | ကျပ် |
| အောက်တိန်း ၉၅ | ၇၈၀/၈၀၀ | ကျပ် | ၈၄၅/၈၆၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၉၆ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၉၄ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၅၄ . ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၃၃ . ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၃၆ . ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၈၁ . ၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၇ . ၀၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၉ . ၁၆၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၆ . ၃၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၅ . ၈၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၇၀၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၉၁ | ၈၄၆၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၁၃၈၃ | ၄၈၄၁၀၀၀ |
| MCB | ၈၀၀၀ | ၈၂၀၀ | ၆၀ | ၄၈၀၆၀၀ |
| FPB | ၂၂၀၀၀ | ၀ | ၀ | ၀ |
| TMH | ၂၆၅၀ | ၂၇၀၀ | ၂၁ | ၅၆၆၅၀ |
| EFR | ၃၂၅၀ | ၃၂၀၀ | ၅၀ | ၁၆၂၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) ၇၅ နှစ်ပြည့် စိန်ရတုဂုဏ်ပြုဆောင်းပါး

# ကျွန်မတို့ချစ်သော မြန်မာ့အသံ

မိုးဆင့်သူ(မြန်မာစာ)

မြန်မာ့အသံဆိုတာ ကျွန်မတို့ ငယ်စဉ်ကတည်းက နှစ်သက်စွဲမက်ခဲ့ရတဲ့ တစ်ခုတည်းသော ပျော်ရွှင်မှုပါ။ ကျွန်မတို့ထက် အသက်ကြီးတဲ့ မြန်မာ့အသံက ကျွန်မတို့ကို ငယ်စဉ်ကတည်းက ချော့မြူထိန်းကျောင်း လမ်းကောင်းပေါ် တင်ခဲ့တယ်ဆိုရင်လည်း မမှားပါဘူးရှင်။ ဗမာ့အသံ၊ မြန်မာ့အသံ၊ မြန်မာအသံနှင့် ရုပ်မြင်သံကြား ဆိုပြီး အဆင့်ဆင့်ပြောင်းလဲခေါ်တွင်ခဲ့တဲ့ ဒီဌာနကြီးဟာ အခုနှစ် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်ဆိုရင် သက်တမ်း (၇၅) နှစ် ပြည့်ခဲ့ပါပြီ။

**ငယ်ဘဝရဲ့အဖော်**

ဗမာ့အသံဘဝမှာ ကျွန်မတို့ မသိမမီခဲ့ရပေမယ့် မြန်မာ့အသံကိုတော့ မီခဲ့ပါတယ်။ လူမှန်းသိတတ်စအရွယ် ကတည်းက ရေဒီယိုကို မြတ်မြတ်နိုးနိုးကြိုက်ခဲ့တာ ကျွန်မတစ်ယောက်တည်း မဟုတ်ပါဘူး။ မြန်မာပြည် တစ်ပြည်လုံးမှာရှိတဲ့ ပြည်သူတွေ အကုန်ဆိုတာ အားလုံး သိကြပါတယ်။ ကျွန်မတို့ငယ်စဉ်က အခုခေတ်လို စိတ်ပျော်ရွှင်စရာတွေ အများကြီး မရှိပါဘူး။ ရေဒီယိုသာလျှင် ကျွန်မတို့အဖော်ပါ။ လူကြီး လူငယ် မရွေး ရေဒီယိုကို နှစ်နှစ်သက်သက် နားထောင်ကြတာပါ။ ကျွန်မကတော့ ကိုယ့်ကိုယ်ကိုယ် သူများထက်ပိုတယ်လို့ ထင်မိပါတယ်။

မနက် ၇ နာရီကတည်းကနေ ည ၉ နာရီထိုးသည် အထိ လာသမျှအစီအစဉ် အကုန်လုံးကို နေ့ရက်အလိုက် ကျွန်မအလွတ်ရသူပါ၊ အဲဒီလောက်ကို စိတ်ဝင်တစားနဲ့ ကြိုက်နှစ်သက်စွာ နားထောင်သူပါ။ “ပြန်ကြားပေးရန် မြန်မာ့အသံ”၊ “ဖျော်ဖြေပေးရန် မြန်မာ့အသံ”၊ “ပညာပေးရန် မြန်မာ့အသံ” ဆိုတဲ့ဆောင်ပုဒ်နဲ့အညီ မြန်မာ့အသံဟာ ပြည်သူလူထုအတွက် ပြန်ကြားရေး တာဝန်၊ ဖျော်ဖြေရေးတာဝန်၊ ပညာပေးခြင်း တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ခဲ့သော ဌာနကြီးတစ်ခုပါ။

ကျွန်မတို့ ငယ်စဉ်ကလေးဘဝမှာ မြန်မာ့အသံ အစီအစဉ်တွေမှာ အကြိုက်ဆုံးက တနင်္ဂနွေနေ့လယ်မှာ လာတဲ့ ပုံပြင်လက်ဆောင်ပါ ရှင်။ “မောင်ညီမလေးတို့ရေ” ဆိုတဲ့ ပုံပြောတဲ့ မမခင်နီနီကိုရဲ့ အသံကို မကြားရခင် ပုံပြင်လက်ဆောင်တီးလုံးလာကတည်းက ရေဒီယိုရှေ့မှာ အသင့်နေရာယူထားပြီးသားပါ။ ပုံပြင်ကို နားထောင်ပြီးရင် နေရာကမခွာသေးပါဘူး။ ဆက်လာမယ့် ရုပ်ရှင်သီချင်းတွေကို နားစွင့်ပါသေးတယ်။ တစ်ပတ်လုံးမှာ အဲဒီတစ်ရက်ကို အကြိုက်ဆုံးလို့ ဆိုရပါမယ်။

မနက် ၇ နာရီမှာလာတဲ့ “နံနက်ချိန်ခါ တေးသံသာ” အစီအစဉ်ကစပြီး နားထောင်တာပါ။ နေ့ခင်းဆိုရင် “တို့ကျေးရွာ” အစီအစဉ်လည်း ကြိုက်သလို “ဇာတ်လမ်းပမာ နားဆင်စရာ” ကိုလည်း ကျွန်မ မလွတ်ပါဘူး။ မှတ်မှတ်ရရ နေ့လယ်ဇာတ်လမ်းပမာ နားဆင်စရာ နားဆင်ရင်း ကျွန်မမျက်ရည်ကျခဲ့ရတာက “ကက်စီယိုကြောင့် ကိုဘ ပင်စင်ယူလိုက်ရပြီ” ဆိုတဲ့ ဇာတ်လမ်းလေးပါ။ အလုပ်အတန်းတွေမှာ နဲ့မှုတ်ပြီး အသက်မွေးဝမ်းကျောင်းပြုတဲ့ ကိုဘဆိုတဲ့ ဦးလေးကြီး ကက်စီယိုဆိုတဲ့ ခေတ်ပေါ် တူရိယာ ပေါ်လာလို့ အလုပ်လက်မဲ့ဖြစ်သွားရတဲ့ အကြောင်းလေးပါ။ နောက်တစ်ခုက နိုင်ငံခြားပစ္စည်းကိုမှ အထင်ကြီးတဲ့သူတွေကို ပညာပေးဆုံးမထားတဲ့ “မိတ်အင်ရွာလွတ်” ဆိုတဲ့ ဇာတ်လမ်းလေးပါ။ ထိထိမိမိနဲ့ သရော်ထားတာပါ။ တစ်ခါ... နာမည် ထူးထူးဆန်းဆန်းတွေပေးပြီး လူတကာထက် ထင်ပေါ်ချင်သူတွေကို ပညာပေးသရော်ထားတဲ့ “လောင်းပန်း ဂမုန်းအင်” ဆိုတဲ့ ဇာတ်လမ်းလေးလည်း အမှတ်တရ ရှိခဲ့ပါတယ်။

**အမှတ်တရသူ့လက်သံ**

မြန်မာ့တူရိယာတွေကို ပိုင်ပိုင်နိုင်နိုင် တီးခတ်ပြီး ရသပေါ်လွင်လှတဲ့ “သူ့လက်သံ” အခန်းကိုတော့ ကျွန်မ အဘိုးအဘွားတွေ အလွန်သဘောကျလှပါတယ်။ မျက်လုံး ကလေးတွေမှိတ်ပြီး ပက်လက်ကုလားထိုင်မှာ အိပ်ရင်း နားထောင်လေ့ ရှိကြပါတယ်။ ကျွန်မတို့ ကလေးတွေကတော့ နားထောင်ပေမယ့် ရေရေရာရာတွေ ခံစားချက် မရှိခဲ့ပါဘူး။ လူကြီးတွေနဲ့ ကျွန်မတို့ကြိုက်တာ တူတာ တစ်ခုက “ဟဒယ ရွှင်ဆေး” ပါ။ တကယ်ကို အနှစ်အသား




❒ ပညာရှာတဲ့အရွယ်ဖြစ်တဲ့ ကျွန်မတို့လို လူငယ်တွေ၊ တိုင်းပြည်ရဲ့အနာဂတ် အင်အားလို့ဆိုရမယ့် လူငယ်တွေအတွက် မြန်မာ့အသံဟာ ပညာပြည့်ဝ နှလုံးလှအောင် ပြုပြင်ပေးနေတဲ့ဌာနလို့ ဆိုနိုင်ပါတယ်။ မြန်မာ့အသံနဲ့ မြန်မာ့ရုပ်မြင်သံကြားရဲ့ စုံလင်လှတဲ့ အစီအစဉ်များကတစ်ဆင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စတဲ့ ကျွန်မတို့ သိသင့်သိအပ်သော ဗဟုသုတများကို လုံလောက်အောင် ရရှိခဲ့ကြပါတယ်။ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ တိုးပွားရှင်သန်ခဲ့ကြရပါတယ်

ပါတဲ့ ပြက်လုံးတွေနဲ့ ပြည်သူတွေရဲ့ ဟဒယနှလုံးအိမ်ကို ရွှင်လန်းစေခဲ့ပါတယ်ရှင်။ ခေတ်ဆီ ခေတ်စံ စသော လူရွှင်တော်ကြီးတွေကို ပြန်ပြောင်းအောက်မေ့မိသလို “ရေနံချောင်းက ဖေကံကောင်း” ဆိုတဲ့ ပြက်လုံးကလည်း ယခုတိုင် ကျွန်မတို့ ဟဒယနှလုံးအိမ်ကို ရွှင်လန်းစေတုန်းပါ။

ဘောလုံးပွဲအစီအစဉ်ကိုတော့ ကျွန်မအဖေက အကြိုက်ဆုံးပါ။ အားနဲ့မာန်နဲ့ အာမေဋိတ်သံတွေပါ ထည့်ပြီး ကြေညာတတ်တဲ့ ဘောလုံးပွဲ အစီအစဉ်ကြောင့် ဘောလုံးဝါသနာမပါတဲ့ ကျွန်မဟာ နိုင်ငံလက်ရွေးစင် ဘောလုံးသမားတွေကို တော်တော်ရင်းနှီး သိခဲ့ရသလို ခံစားမိခဲ့ပါတယ်။ တပ်မတော်သားရဲ့ သားသမီးတွေဖြစ်တဲ့ ကျွန်မတို့အတွက် “တပ်မတော် စာတိုက်ခန်း” ကလည်း စိတ်ဝင်စားဖွယ် အထိပါ။ အန်တီဒေါ်သန်းနှစ်ရဲ့ “တပ်မတော်စာတိုက်ခန်းကို ရောက်ရှိလာတဲ့ အမှာစာများကို ဖတ်ကြားပါတော့မယ် ရှင်” ဆိုတဲ့ အသံရဲ့အဆုံး “ကိုယ်ပိုင်အမှတ်...တပ်သား...အား မိဘများနှင့် အဆက်အသွယ်ပြုပါရန် အကြောင်းကြားပါသည်” ဆိုတဲ့ အသံကလေးရဲ့ နောက်က ဘဝလေးတွေကို ကျွန်မငယ်စဉ်ကတည်းက စိတ်ကူးထဲမှာ ပုံဖော်လေ့ရှိစမြဲ။ “စစ်သည်အတွက် တေးလက်ဆောင်” ဆိုရင်တော့ မထတမ်း နားထောင်တတ်တဲ့ ကျွန်မ အန်တီဒေါ်တင်တင်မြရဲ့ “အိုဘယ့် တံချူရှင်”၊ အန်တီထားရဲ့ “နက်ဖြန် သို့မဟုတ် ဘယ်သောအခါ” စတဲ့ သီချင်းတွေကစလို့ နောက်ပိုင်း အန်တီစိမ်းမို့မို့ရဲ့ “တောင်ပြာတန်းက စစ်သားဇာနည် ညီမရဲ့အစ်ကိုရေ” ဆိုတာမျိုး၊ မေဆွိရဲ့ “ပန်းသပြေနဲ့ကြိုနေမယ်” ဆိုတာတွေထိ သဘောကျမဆုံး ဖြစ်ခဲ့ပါတယ်။

**အကြိုက်ခဲ့ရဆုံးသီချင်းများ**

ငယ်စဉ်က ရေဒီယိုသီချင်းတွေ နားထောင်ရာမှာ အဖွဲ့လိုက်ဆိုတဲ့ သီချင်းတွေကိုလည်း ကျွန်မကြိုက်ခဲ့ပါတယ်။ ဆိုတဲ့တူရိယာဝိုင်းတွေရဲ့ အမည်တွေကို မမှတ်မိပေမယ့် သီချင်းစာသားတွေကိုတော့ ယနေ့ထိ နှလုံးသားမှာ စွဲငြိနေဆဲပါ။ နှုတ်ဖျားမှာ အလွတ်ရနေဆဲပါ။ ကျွန်မ အကြိုက်ဆုံး တေးပြုစာဆိုကြီး ဂီတလုလင် ဦးကိုကို ရေးတဲ့ “လက်ပံပွင့်ကောက် အရောက်လာမယ်” ဆိုတဲ့ သီချင်း၊ အန်တီမာမာအေး ဆိုတဲ့ “ပျို့မောင်ဖုန်း” သီချင်းတွေဟာ ကျွန်မတို့အိမ်မှာ ကတမ်း ခုန်တမ်းကစားရင် ဆိုနေကျ သီချင်းတွေပါ။ ခနေဖြူစိုးသိန်းဆိုတဲ့ ဦးလေးကြီးရဲ့ “စာရေးကြီးလို့ အဝေးအနီးကခေါ် ၊ သွေးမကြီးနိုင်ပါသနော်၊ ပဲပြုတ်နဲ့ချဉ်ပေါင်ကြော် နေ့စဉ်တုတ်ရင်း အလုပ်ဆင်းရတယ် ကျွန်တော်” ဆိုတာကို ရယ်ရယ်မောမော ဆိုပြော... ပြောတတ်ခဲ့ရပါတယ်။ ဦးမိုးမင်းဝင်းဆိုတဲ့ “အချစ်ချောင်းလေး ခြားမှာစိုးတယ်”၊ အန်တီအေးအေးအောင်ရဲ့ ‘၅၂၈’၊ အန်တီတင်တင်မြရဲ့ “ချစ်သူတို့လျှောက်သော လမ်းကလေး”၊ ကိုသန်းလှိုင်ရဲ့ “တစ်ဆောင်းသစ်ပြန်ပြီ၊ ချစ်သော သူတစ်ယောက်” စတဲ့ စတဲ့ သီချင်းတွေ အို.. ပြောရရင် အများကြီးပါ။ ဘယ်သူရေးလို့ ဘယ်သူဆိုမှန်း မမှတ်မိတော့တဲ့ သီချင်းတွေလည်း အများကြီးပါ။ အဖွဲ့လိုက်သီဆိုတဲ့ သီချင်းတွေထဲမှာဆိုရင် “လာလာကောတဲ့လော လောကမှာ ပြုံး... ပြုံးကြပါ ပြုံးပြုံးလေးနေပါ.. ပြုံး...ပြုံး...ပြုံးတတ်တဲ့ မူရာ လူတိုင်းကိုယ်စီပါသဗျ” ဆိုတဲ့ “ပြုံးပဒေသာ” သီချင်းကို ခွေလှိမ့်ရင်းအော်နေကျဖြစ်သလို “မေတ္တာဆိုတဲ့တရား ကြီးမားတာ အမှန်ယုံ သေချာစွာစောင့်ထိန်းကြစေကုန်.. မေတ္တာဖျန်းမှ လန်းဆန်းမယ်သာယုံ” ဆိုတာမျိုးကိုလည်း ရေချိုးရင်း ဆိုညည်းခဲ့ကြပါတယ်။ ဆိုညည်းရင်းလည်း မေတ္တာတရားရဲ့ ကြီးမားတဲ့ စွမ်းဆောင်နိုင်မှုများကို နားလည်ရပါတယ်။ “နှလုံးသားဝယ် အမုန်းများဖယ် အပြုံးများဖလှယ်ကြမယ်ကွယ်” ဆိုတဲ့သီချင်းနဲ့လည်း နှလုံးသားကို အလှဆင်ခဲ့ကြပါတယ်။ တက္ကသိုလ်ဆိုတာ ဘယ်ဆီမှန်း မသိသေးတဲ့ အလယ်တန်းကျောင်းသူ ကျွန်မက “မြကျွန်း ညိုညို” ကို ကြိုက်တတ်နေခဲ့ရတာ မြန်မာ့အသံရဲ့ကျေးဇူးကြောင့် ဆိုရင် မှားမယ် မထင်ပါဘူး ရှင်။ အဲဒီလို ကြိုက်နှစ်သက်ရာက စိတ်ကူးထဲနေရာယူ... လိုချင်တဲ့နေရာအရောက်သွား တက္ကသိုလ်တံခါးဝ ရောက်ခဲ့ရတာပါ။ ပညာတတ်တစ်ယောက်ဖြစ်ဖို့ လမ်းစတွေပေါ်ခဲ့ရတာပါ။ ကျွန်မတို့ လူငယ်တွေရဲ့ စိတ်ကူးအတွေးဟာ ကျွန်မတို့ တစ်ချိန် အကောင်အထည်ဖော်မယ့် အရာတွေဖြစ်တာမို့ စိတ်ကူးအတွေးတွေကို လူငယ်တွေရဲ့ ရင်ထဲထည့်ပေးလိုက်တဲ့ မြန်မာ့အသံရဲ့ အခန်းကဏ္ဍဟာ အရေးလှပါတယ်လို့ ဆိုပါရစေ။

အချစ်မပြယ်တဲ့ အနှစ်နှစ်ဆယ်တေးတွေ၊ ခေတ်ဟောင်းတေးတွေကို ဒီနေ့ အချိန်ထိ အလွတ်ရနေခဲ့တာ ကြိုက်နှစ်သက်တတ်ခဲ့ရတာဟာ မြန်မာ့အသံရဲ့ ကျေးဇူးကြောင့်ပါ။ မြန်မာသံစဉ်သီချင်းတွေရဲ့ အရသာကို နားလည်ခံစားမိပြီး ကိုယ့်ရိုးရာကိုယ့်ဂီတကို မြတ်နိုးတတ်၊ ထိန်းသိမ်းတတ်လာပါတယ်။ ညပိုင်းလာတဲ့ “အသံလွှင့်ဇာတ်လမ်း” ကတော့ တစ်အိမ်လုံးအကြိုက်ညီတဲ့ အစီအစဉ်တစ်ခု ဖြစ်ပါတယ်။ ရေဒီယိုတင်ထားတဲ့ ဗီရိုအောက်မှာ ဗီရိုကိုမှီရင်း နားထောင်သူကျွန်မတို့ မောင်နှမတစ်စု၊ ပက်လက်ကုလားထိုင်မှာထိုင်ရင်း နားထောင်တဲ့ ကြီးကြီး၊ အဖေ ထမင်းစားပြီးလို့ ဆေးရင်းကြောရင်း အိမ်ရှေ့ကရေဒီယိုသံကို နားစွင့်နေတဲ့အမေ စသဖြင့် တစ်မိသားစုလုံး အားပေးကြိုက်နှစ်သက် ခဲ့ကြပါတယ်။ အသံလွှင့်ဇာတ်ကို နားထောင်ရင်း ဇာတ်လမ်းထဲက အသံကိုခန့်မှန်းပြီး “ခင်သန်းနု အသံ”၊ “ကောလိပ်ဂျင်နေဝင်း အသံ”၊ “ဗိုလ်ဗကို အသံ”၊ “ညွန့်ဝင်း အသံ” စသဖြင့် တစ်ယောက်တစ်မျိုး ထင်ကြေးပေးရတာတွေ ဇာတ်လမ်းပြီးလို့ ကြေညာတော့မှ အဖြေတိုက်ရတာတွေဟာ အလွန်ပျော်စရာ ကောင်းလှပါတယ်ရှင်။

**ဘာသာရေးနဲ့ပါ အကျွမ်းတဝင်ဖြစ်ခဲ့**

ဝါတွင်း ကာလတွေမှာ ဗုဒ္ဓဝင်ဇာတ်လမ်းတွေကို နားထောင်ရပါတယ်။ အလင်္ကာကျော်စွာ ဘဘရွှေမန်း တင်မောင်ရဲ့ “ဖွားတော်မူခန်း”၊ “လေးတော်တင်ခန်း”၊ “လယ်ထွန်မင်္ဂလာ”၊ “တောထွက်ခန်း” စတာတွေကို ကလေးငယ်တွေဖြစ်တဲ့ ကျွန်မတို့တွေ ခုံခုံမင်မင်ရှိခဲ့ရပါတယ်။

ဒီဗုဒ္ဓဝင်တွေ နားထောင်ခဲ့ရလို့ ဘာသာတရားနှင့် အကျွမ်းတဝင်ရှိခဲ့ရပါတယ်။ ဒီအတိုင်း ဗုဒ္ဓဝင်ကို စာလိုသင်ခဲ့ရင် ဒီလောက် နှစ်နှစ်သက်သက်စွဲလမ်းမိမှာ မဟုတ်တာ အမှန်ပါရှင်။ အနုပညာက လူသားတွေရဲ့ နှလုံးသားကို အထိရောက်ဆုံး ခံစားချက်များပေးနိုင်လှပါတယ်။ ဘဘဦးခေတ်ရှင်ရဲ့ “ဟုတ်ပဲ့မလား မောင်ကာလုရဲ့... ဒါထက်တောင် တတ်သေး” ဆိုတာမျိုး၊ ဘဘရွှေမန်းတင်မောင်ရဲ့ “သုဒ္ဓေါ်လေးတောင် မပါဘူးလား သားတော်ရယ်” ဆိုတာမျိုး၊ “ကိုယ်တော်ဆီကို မရောက်ဘူး သူ့ဆီတင်လန်.. လန်ကျနေပြီ”ဆိုတာမျိုး၊ လူရွှင်တော်ကြီး ဦးအောင်ငွေ၊ ဦးမိုးညို၊ ဦးဖျောက်ဆိတ်တို့ရဲ့ ဗိုက်ထိန်း...ဟိန်းဟိန်းဟိန်း...ဗိုက်ဝန်ထောက်...ဟောက်ဟောက်...ဗိုက်စာရေး ဟေးဟေး ဆိုတာမျိုး နားရည်ဝပြီး အခုအသက်ကြီးသည်အထိ အကြောင်းတိုက်ဆိုင်ရင် ပုံခိုင်းနှိုင်း ပြောစမှတ်ပြုနေဆဲပါ။

ဝါတွင်းသုံးလရောက်မှသာ အလင်္ကာကျော်စွာ ဘဘရွှေမန်းတင်မောင် နဲ့ ဝဏ္ဏကျော်ထင် ဘဘစိန်အောင်မင်းတို့ရဲ့ ဗုဒ္ဓဝင်ဇာတ်လမ်းများကို နားဆင်ရတာမို့ ဇာတ်သဘင် အလွန်ကြိုက်လှတဲ့ ကျွန်မတို့အိမ်ကလူကြီးများအတွက် နားစည်းစိမ်အရဆုံး အချိန်တွေဆိုရင် မမှားပါဘူးရှင်။

မနက် ၈ နာရီထိုးရင် (ပူနောင် ပူနောင်)၂...ဆိုပြီး တီးလုံးသံ...ပြီးရင်နာရီထိုးသံ... ပြီးရင် “မြန်မာစံတော်ချိန် မနက်ရှစ်နာရီ” ရှိပါပြီ ဆိုတဲ့အသံက ကျောင်းသွားဖို့ တပ်လှန့်လိုက်တဲ့ အသံလို့ ဆိုလို့ရသလို အဖေ့ကို နာရီတိုက်ဖို့ သတိပေးလိုက်တဲ့အသံလည်း ဖြစ်ခဲ့ပါတယ်။ အလွန်ပျော်တတ်တဲ့ အဖေက အဲဒီတီးလုံးလာရင် “အမေတို့အိမ်က ခေါက်ဆွဲကြော်... အမေတို့အိမ်က ခေါက်ဆွဲကြော်” ဆိုပြီး တီးလုံးနှင့်အကိုက် လိုက်ဆိုနောက်တတ်တာလေးက အခုထိ သတိရစရာ ဖြစ်ခဲ့ရပါတယ်။

*စာမျက်နှာ ၂၁ သို့*

## (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ပုံပြောပြိုင်ပွဲ ဖာပွန်မြို့၌ ကျင်းပ

**ဖာပွန် ဖေဖော်ဝါရီ ၁၀**

ကရင်ပြည်နယ် ဖာပွန်မြို့၌ ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပုံပြောပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သက်ဦးက ကလေးငယ်များနှင့် ကျောင်းသား ကျောင်းသူများ ကာယ၊ ဉာဏစွမ်းရည်မြင့်မားလာစေရန်၊ဉာဏ်ရည်ထက်မြက်လာစေရန်၊ နှုတ်ပြောစွမ်းရည်မြင့်မားစေရန်၊ ရဲဝံ့စွာ ပြောဆိုတတ်စေရန်နှင့် ရပ်ကွက်၊ ကျေးရွာ စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ပုံပြောပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကိုဆက်လက်ကျင်းပရာ ရပ်ကွက်၊ ကျေးရွာ စာကြည့်တိုက် ကိုယ်စားပြု ကျောင်းသား ကျောင်းသူများက မိမိတို့ကြိုက်နှစ်သက်ရာ ပုံပြင်များဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ ပြိုင်ပွဲကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ကျင်းပကြောင်း သိရသည်။

**စိုင်းကျော်ဝဏ္ဏ၊ စောအောင်မျိုးလွင်(ပြန်/ဆက်)**



## မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာများ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည်

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၌ ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာ ၆၅ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျေးလက်နှင့် မြို့ပြ ကွာဟမှုများ ကျဉ်းမြောင်းစေရန်၊ ကျေးလက်နေပြည်သူများ ခေါင်းဆောင်မှု တိုးတက်လာစေရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၀၀ ထောက်ပံ့ပေးပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာများတွင် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ ဝမ်းတွင်း၊ မလှိုင်၊ သာစည်မြို့နယ်များတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေဖြင့် ကျေးရွာ ၆၅ ရွာကို ဆောင်ရွက်မည်ဖြစ်ပြီး ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်က ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ နှုန်းနှင့် ကျေးရွာလူထုထည့်ဝင်ငွေ၊ လူထုလုပ်အားများပူးပေါင်းပြီး ကျေးရွာ၏ အခြေခံလိုအပ်ချက်ဖြစ်သော ရေရရှိရေးလုပ်ငန်း၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်း၊ ၄၀၀ ဗို့အား လျှပ်စစ်မီးလိုင်းသွယ်တန်းခြင်းလုပ်ငန်း၊ ကျေးရွာတွင်း လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် ကျေးရွာဘက်စုံသုံးခန်းမဆောက်လုပ်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။ ယင်းစီမံကိန်းကို မိတ္ထီလာမြို့နယ်တွင် ကျေးရွာ ၂၀၊ ဝမ်းတွင်းမြို့နယ်တွင် ကျေးရွာ ၁၅ ရွာ၊ မလှိုင်မြို့နယ်တွင် ကျေးရွာ ၁၅ ရွာနှင့် သာစည်မြို့နယ်တွင် ကျေးရွာ ၁၅ ရွာတို့တွင် ငွေကျပ်သိန်း ၆၅၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မြင့်ဝင်းထံမှ သိရသည်။

မိတ္ထီလာခရိုင်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ ကျေးရွာ ၁၄၅ ရွာကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ကန့်ဘလူမျိုးသန့်ခြံမှ မျိုးသန့်မျိုးပွားမျိုးစေ့များကို စိုက်ပျိုးထုတ်လုပ်ပြီး ဒေသခံတောင်သူများအား ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ

**ကန့်ဘလူ ဖေဖော်ဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ရှိ ကန့်ဘလူမျိုးသန့်ခြံ၏ ၂၀၂၀-၂၀၂၁ ခုနှစ် ဆောင်းသီးနှံများ ရိတ်သိမ်းခြွေလှေ့သန့်စင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ပဲစင်းငုံ (မုံရွာရွှေဒင်္ဂါး)၊ နှမ်း (ဆင်းရတနာ၁၁၄)၊ နေကြာ (ရေဆင်း-၁) နှင့် မတ်ပဲ (T.B.L.g) သီးနှံများ မျိုးဖြန့်ဖြူးနိုင်မည့် သီးနှံအထွက်တင်းများကို လာမည့် မိုးသီးနှံ စိုက်ပျိုးရာသီအတွင်း မျိုးသန့် မျိုးပွား မျိုးစေ့များအဖြစ် ဒေသတွင်းတောင်သူများသို့ သင့်တင့်သောနှုန်းထားဖြင့် ဖြန့်ဖြူးရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဖြန့်ဖြူးနိုင်ရန်အတွက် အထက်မြန်မာပြည် မျိုးစေ့ဓာတ်ခွဲခန်းသို့ မျိုးစေ့နမူနာများပေးပို့၍ မျိုးစေ့အရည်အချင်း စစ်ဆေးခြင်းလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။ ဓာတ်ခွဲခန်းမှ မျိုးစေ့အရည်အသွေးထောက်ခံချက် ရရှိလျှင် ဒေသခံတောင်သူများအား မျိုးစေ့အဖြစ် ဖြန့်ဖြူးရောင်းချပေးမည်ဖြစ်ကြောင်း မျိုးသန့်ခြံတာဝန်ခံဦးစီးအရာရှိ ဦးခင်မောင်လင်းက ပြောသည်။




ကန့်ဘလူမျိုးသန့်ခြံတွင် ပဲစင်းငုံ (မုံရွာရွှေဒင်္ဂါး) ၅၉ ဧက၊ နှမ်း (ဆင်းရတနာ- ၁၄) ဧက ၄၀၊ နေကြာ (ရေဆင်း- ၁) ၂၀ ဧက နှင့်မတ်ပဲ (T. B. L. g) ၃၅ ဧက စိုက်ပျိုးရာ စုစုပေါင်း တင်း ၅၀၀ ကျော်ထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

အဆိုပါ မျိုးစေ့များကို ဒေသခံတောင်သူများ ဝင်ငွေတိုးတက်ရရှိစေရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန် ကန့်ဘလူမျိုးသန့်ခြံမှ နှစ်စဉ်စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။ ထို့ပြင် သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဆောင်ရွက်ရန်၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ တိုးတက်အောင် ဆောင်ရွက်ရန်နှင့် စိုက်ပျိုးပညာပေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်သွားရန်၊ စီးပွားရေးတွက်ခြေကိုက်၍ ဈေးကွက်ဝင်သော သီးနှံများ ပိုမိုစိုက်ပျိုးလာစေရန်၊ ပြောင်းလဲလာသော ရာသီဥတုနှင့် ကိုက်ညီသော စိုက်ပျိုးရေးစနစ်များ ကျင့်သုံးရန်၊ ဓာတုဗေဒပစ္စည်းများဖြစ်သော ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများသုံးစွဲမှု လျှော့ချရေးနှင့် သဘာဝမြေဩဇာများကို ပိုမိုသုံးစွဲ၍ ဘေးအန္တရာယ်ကင်းရှင်းသော လယ်ယာထွက်ကုန်များ စိုက်ပျိုးထုတ်လုပ်ရန် တောင်သူများအား စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ငါန်းဇွန်မြို့နယ်၌ ထုတ်ချေး

**ငါန်းဇွန် ဖေဖော်ဝါရီ ၁၀**

ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်အတွက် ရည်ရွယ်ပြီး မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးကြောင်း မြို့နယ်ဦးစီးမှူး ဦးမိုးအောင်က ပြောသည်။

အဆိုပါရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၀ ရက်က ငါန်းဇွန်မြို့နယ် ကျောက်တလုံးကျေးရွာ၌ ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြောင်း သိရသည်။

ကျောက်တလုံးကျေးရွာသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော ကျေးရွာဖြစ်ပြီး ဒေသခံပြည်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးကို အတိုးနှုန်း ၀ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ကျေးရွာကော်မတီကတစ်ဆင့် ထုတ်ချေးပေးခဲ့ကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းဖြင့် ဒေသခံပြည်သူများ အကြွေးဝန်ထုပ်ဝန်ပိုး လျော့ကျလာနိုင်ပြီး ဝင်ငွေတိုးပွားတော့မည်ဖြစ်ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

*စာမျက်နှာ ၂၀ မှ*

အတန်းကြီးလို့ ပညာသင်ကြားတဲ့အခါ အတန်းထဲမှာ မြန်မာစာ၊ မြန်မာစကားနှင့် ပတ်သက်ပြီး အငြင်းပွားစရာ အသံထွက်များ ကြုံလာခဲ့တဲ့အခါ မြန်မာ့အသံရဲ့မူကိုသာ "စံ" အဖြစ် သတ်မှတ်ပြီး အတည်ပြုခဲ့ကြတာပါ။ မြန်မာ့အသံဟာ အချိန်နာရီတိကျမှုအတွက်ဖြစ်စေ၊ ဘာသာစကား၏ "စံ" အတွက်ဖြစ်စေ အစဉ်အမြဲ ကျွန်မတို့ အလေးထားခဲ့ရသော နေရာတစ်ခုပါ။

**ရေဒီယိုက သိလာရတဲ့ နိုင်ငံရေးအခြေအနေ**

ကျွန်မတို့ငယ်စဉ်ကတည်းက မြန်မာ့လူနေမှုစနစ်မှာ မြန်မာ့အသံကဟာ ကျွန်မတို့ ပြည်သူတွေနဲ့အတူ နေ့ရက်တိုင်းကို အတူတကွရင်ဆိုင်ကျော်ဖြတ်ခဲ့တယ်လို့ ဆိုနိုင်ပါတယ် ရှင်။ ပြန်ကြားပေးရန် မြန်မာ့အသံဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ကျွန်မတို့ငယ်စဉ်က အရေးအခင်းကာလမှာတောင် မြန်မာ့အသံက အချိန်နှင့်တစ်ပြေးညီ သတင်းများကို ထုတ်လွှင့်ပေးခဲ့ပါတယ်။ တိုင်းပြည်ပျက်လို့ အိမ်ထဲက အိမ်ပြင်မထွက်ရဲတဲ့ အချိန်အခါမှာ ရေဒီယိုကိုသာ အားကိုးပြီး တိုင်းပြည်အခြေအနေ မင်းပြောင်း မင်းလွဲများကို သိခဲ့ကြရပါတယ်။ တိုင်းပြည်ရဲ့ အခြေအနေကို ရေဒီယိုကတစ်ဆင့် အရာအားလုံး သိခွင့်ရခဲ့ပါတယ်။ အခက်အခဲများကြားမှာလည်း အတူရှိနေပေးသော မြန်မာ့အသံပါရှင်။

၁၉၉၇ ခုနှစ်မှာ မြန်မာ့အသံကနေပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရယ်လို့ ပြောင်းလဲခဲ့ပါတယ်။ တိုးတက်လာတဲ့ခေတ်နဲ့အညီ အသံတင်မက အရုပ်ကိုပါ မြင်ခဲ့ရပါတယ်။ မြန်မာ့ရုပ်မြင်သံကြား ပေါ်လာတဲ့အခါမှာ တိုင်းပြည်အတွက် ပိုပြီးအကျိုးရှိလာပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ စာပေ၊ အနုပညာ အားလုံး မြန်မာ့အသံနဲ့ဘယ်ဟာမှ မလွတ်ပါဘူး။ မြန်မာပြည် တစ်ပြည်လုံးမှာရှိတဲ့ တိုင်းရင်းသားလူမျိုးများအတွက် ဖျော်ဖြေရင်း၊ ပညာပေးရင်း၊ ပြန်ကြားရင်းနဲ့ ကောင်းကျိုးပြုခဲ့ပါတယ်။

မြန်မာ့အသံဟာ ရေဒီယိုအဆိုတော်များ၊ ဓာတ်ပြားရအဆိုတော်များစွာကို မွေးထုတ်ခဲ့ရာ ဌာနကြီးပါ။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုအတွက် အမှတ်တရစကားဆိုရာမှာ အဆိုတော်ကြီး ဦးသန်းမြတ်စိုးက "၁၉၆၇ တုန်းက မြန်မာ့အသံကသာ သူ့ရဲ့သီချင်းကို လွှင့်မပေးခဲ့ရင် အဆိုတော်ဖြစ်ဖို့ ဝေလာဝေးပါပဲ" လို့ဆိုပါတယ်။ "ရေဒီယိုအဆိုတော်ဆိုတဲ့ ဂုဏ်ပုဒ်က အင်မတန်ဂုဏ်ယူစရာလည်း ဖြစ်တော့ မြန်မာ့အသံကို အလွန်ကျေးဇူးတင်ခဲ့ရပါတယ်"လို့လည်း ဆိုပါတယ်ရှင်။ ဒါကြောင့် မြန်မာ့အသံဟာ တစ်ခေတ်တစ်ခါက အနုပညာရှင်များအတွက် မဏ္ဍိုင်ကြီးသဖွယ် ဖြစ်ခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

တစ်ခါ မြန်မာ့ရုပ်မြင်သံကြား ပေါ်လာပြန်တော့ " ဆိုကြမယ် ပျော်ကြမယ်" လို အစီအစဉ်များကတစ်ဆင့် တေးသံရှင်တွေ မွေးထုတ်နိုင်သလို၊ ဆို က ရေး တီး အစီအစဉ်တွေက တစ်ဆင့်လည်း ပညာရှင်များ မွေးထုတ်နိုင်ခဲ့ပါတယ်။ အင်မတန်ကောင်းတဲ့ ခေတ်ဟောင်းရုပ်ရှင်ဇာတ်ကားများကိုလည်း မြန်မာ့အသံကြောင့်သာ ကျွန်မတို့ မသိ မမီလိုက်သူများ ပြန်လည်ကြည့်ရှုခွင့်ရခဲ့တာပါ။

**အနုပညာရှင်ကောင်းများကို မွေးထုတ်ပေးရာနေရာ**

ပညာရှာတဲ့အရွယ် ဖြစ်တဲ့ ကျွန်မတို့လို လူငယ်တွေ၊ တိုင်းပြည်ရဲ့အနာဂတ် အင်အားလို့ဆိုရမယ့် လူငယ်တွေအတွက် မြန်မာ့အသံဟာ ပညာပြည့်ဝ နှလုံးလှအောင် ပြုပြင်ပေးနေတဲ့ဌာနလို့ ဆိုနိုင်ပါတယ်။ မြန်မာ့အသံနဲ့ မြန်မာ့ရုပ်မြင်သံကြားရဲ့ စုံလင်လှတဲ့ အစီအစဉ်များက တစ်ဆင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စတဲ့ ကျွန်မတို့ သိသင့် သိအပ်သော ဗဟုသုတများကို လုံလောက်အောင် ရရှိခဲ့ကြပါတယ်။ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ တိုးပွားရှင်သန်ခဲ့ကြရပါတယ်။ ဘာသာတရားကို သက်ဝင်ယုံကြည်ပြီး လေးလေးမြတ်မြတ် ကျင့်သုံးနိုင်ခဲ့ပါတယ်။ စာပေဗဟုသုတတွေ ကြွယ်ဝခဲ့ရပါတယ်။ ကိုယ်ချင်းစာတရားထားပြီး စိတ်ကောင်း၊ စိတ်မြတ်တွေ မွေးမြူနိုင်ခဲ့ပါတယ်။ ပညာကြိုးစားသင်ယူလိုစိတ်တွေ ပြင်းပြခဲ့ရပါတယ်။ အမိ အဖ ဆရာသမားများကို ရိုသေကိုင်းရှိုင်းတတ်လာပါတယ်။ အမျိုးဘာသာသာသနာကို ထိန်းထိမ်းစောင့်ရှောက် တတ်လာပါတယ်။ ကိုယ့်ဘာသာ၊ ကိုယ့်စကားကို တိုးတက်အောင်မြှင့်တင်ဖို့ ကြိုးစားတတ်လာပါတယ်။

ဒါကြောင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနဟာ နိုင်ငံအတွက် သားကောင်း သမီးမွန်များကို မွေးထုတ်ပေးရာမှာ၊ အနုပညာရှင်ကောင်းများကို မွေးထုတ်ပေးရာမှာ၊ အသိပညာရှင်၊ အတတ်ပညာရှင်များကို မွေးထုတ်ပေးရာမှာ အဓိကရေသောက်မြစ်ကြီးသဖွယ် အရေးပါလှတယ်လို့ ဆိုပါရစေ။

ထိုကဲ့သို့သော တာဝန်များကို စဉ်ဆက်မပြတ် ထမ်းဆောင်ခဲ့သော မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနကြီးဟာ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် (၇၅) နှစ်ပြည့်ခဲ့ပါပြီ။ ထိုထိုသော ကောင်းခြင်းများဖြင့် ပြည့်စုံလှပါသော တိုင်းပြည်အတွက် မရှိမဖြစ် လိုအပ်လှပါသော နိုင်ငံနှင့် လူမျိုးအတွက် အရေးပါလှသော မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနကြီး (၇၅) နှစ် စိန်ရတုမှသည် ကမ္ဘာတည်သရွေ့တည်တံ့ပါစေကြောင်း ဂုဏ်ပြုဆုတောင်းလိုက်ရပါသတည်း။ ။

# မိုးကောင်းမြို့အနီးက အပန်းဖြေရေတံခွန်ခရီးစဉ်သစ်

ဆွေဦးဝေ

သဘာဝရေမြေတောတောင်အလှအပတွေ ပေါများတဲ့ မြန်မာနိုင်ငံတစ်ဝန်းမှာ ကိုဗစ်ကာလအလွန်ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးရေးအတွက် ခရီးစဉ်သစ်တွေ ဖော်ဆောင်နေပြီဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းဟာ ခရီးစဉ်သစ်တွေ ဖော်ထုတ်နိုင်လေလေ နိုင်ငံတကာက ခရီးသွားဧည့်သည်တွေ စိတ်ဝင်စားလေဖြစ်ပါတယ်။ အခုဆိုရင် ကချင်ပြည်နယ် မိုးကောင်းမြို့ကတစ်ဆင့် သွားရောက်ရတဲ့ လွဲပုတ်ရေတံခွန်ဟာလည်း အပန်းဖြေလာရောက်လိုသူတွေအတွက် ခရီးစဉ်သစ်တစ်ခုအဖြစ် တည်ရှိနေပြီ ဖြစ်ပါတယ်။

**ရေတံခွန်ခရီးစဉ်**

လွဲပုတ်ရေတံခွန်က ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့က သွားရတာဖြစ်ပါတယ်။ မိုးကောင်းမြို့ကနေပြီး ဆိုင်ကယ်နှင့် စန်းမော်ရွာဖြတ်ကာ ထီးချိုင့်အထိ သွားရမှာဖြစ်ပါတယ်။ မိုးကောင်းမြို့ကနေပြီး ထီးချိုင့်အထိ ၁၄ မိုင်ခန့် သွားရမှာဖြစ်ပြီး ထီးချိုင့်ရွာကမှ မိနစ် ၂၀ ခန့် ဆိုင်ကယ်နဲ့သွားရင် လွဲပုတ်ရေတံခွန်ကိုရောက်ရှိမှာ ဖြစ်ပါတယ်။ ဒီလိုဆိုင်ကယ်နဲ့သွားလာနိုင်ဖို့အတွက် လမ်းခရီးအဆင်ပြေအောင် ဆောင်ရွက်ပေးထားတာမို့ ခရီးသွားတွေ လာရောက်ရင် အခက်အခဲမရှိနိုင်ပါဘူး။

လွဲပုတ်ရေတံခွန်ကိုသွားတဲ့အခါ လွဲပုတ်ရွာဟောင်းနဲ့ ထီးချိုင့်ရွာအကြားမှာ နိုင်အင်းချောင်းကဖြတ်သန်းစီးဆင်းနေပေမယ့် ဒေသခံဝါးတံတားတစ်စင်းကို ကိုယ့်အားကိုယ်ကိုး တည်ဆောက်ထားတာမို့ ဖြတ်သန်းသွားလာနိုင်ရေး အဆင်ပြေအောင် စီစဉ်ထားပါတယ်။ တကယ်တော့ နိုင်အင်းချောင်းကိုဖြတ်ပြီး တည်ဆောက်ထားတဲ့ ဝါးတံတားဟာ အရှည်ပေ ၂၀၀ ခန့်၊ အကျယ် ခြောက်ပေခန့်နဲ့ ရေပြင်ထက်အမြင့်ပေ သုံးပေခန့် ရှိပါတယ်။

မိုးကောင်းမြို့ကနေပြီး လွဲပုတ်ရေတံခွန်ရောက်ရှိဖို့ သွားလာရေးခရီးကခံစားမှုအသစ်ကို ဖြစ်ပေါ်စေတဲ့အပြင် ကချင်ပြည်နယ်ရဲ့ ရေမြေသဘာဝတောတောင်အလှတွေက ခရီးသွားတွေကို စိတ်လန်းဆန်းအပန်းပြေစေမှာ ဖြစ်ပါတယ်။ လွဲပုတ်ရေတံခွန်ရောက်ရင်တော့ ရေစီးကျသံ၊ ရေတံခွန်ရဲ့ထူးခြားတဲ့ အသွင်သဏ္ဌာန်တွေက ရောက်ရောက်ချင်း ခရီးသွားတွေ အမောပြေစရာဖြစ်ပါတယ်။

**စိတ်ရွှင်လန်းစေမည့် အတွေ့အကြုံ**

လွဲပုတ်ရေတံခွန်ရဲ့အကြီးဆုံးရေတံခွန်ဟာ အမြင့် ပေ ၄၀ ခန့် ရှိတယ်လို့ မှန်းဆရပြီး အဲဒီရေတံခွန် အောက်ခြေမှာတော့ ရေအိုင်ဝပ်တစ်ခုရှိနေတာကြောင့် လာရောက်အပန်းဖြေကြမယ့် ပြည်တွင်းပြည်ပခရီးသွားတွေအတွက် ရေဆော့ကစားနိုင်တာမို့ စိတ်ရွှင်လန်းမှုရရှိစေမှာဖြစ်ပါတယ်။ ဒီရေတံခွန်ရဲ့ထူးခြားမှုက ရေတံခွန်ငယ်တွေ အဆင့်ဆင့်တည်ရှိနေတဲ့အပြင် ရေတံခွန်အနီးဝန်းကျင်မှာလည်း သစ်ပင်ကြီးငယ်တွေ ပေါများစွာ တွေ့ရှိရပါတယ်။

ကျောက်တောင်၊ ကျောက်တုံးကြီးတွေအကြားက စီးဆင်းထွက်ကျလာတဲ့ရေတံခွန်ရဲ့အသံဟာ သဘာဝဆန်လွန်းတဲ့ ဂီတသံစဉ်တွေလိုဖြစ်ပြီး အဲဒီအသံတွေကလည်း ခရီးသွားတွေအတွက် ထူးခြားတဲ့စိတ်ခံစားမှုကို ဖြစ်ပေါ်စေမှာ အမှန်ပါပဲ။ တချို့ရေတံခွန်တွေလို ရေစီးကျတဲ့အသံ ဆူညံကျယ်လောင်ပြီး စိတ်အနှောင့်အယှက်ဖြစ်စေတာမျိုး မဟုတ်ပါဘူး။ ကြည်လင်အေးစက်နေတဲ့ ရေတံခွန်စီးဆင်းရေဟာ ရေချိုးရေဆော့ကစားသူတွေအတွက် စိတ်သန့်သန့်နဲ့ ပျော်ရွှင်မှုကို ပေးနိုင်မှာဖြစ်ပါတယ်။

လွဲပုတ်ရေတံခွန်ဟာ တောင်ခြေကနေပြီးအပေါ်ကို မိနစ်အနည်းငယ်ခန့်



လွဲပုတ်ရေတံခွန်။

တက်ရောက်လိုက်တယ်ဆိုရင် ရောက်ရှိတာဖြစ်တာမို့ လာရောက်အပန်းဖြေတဲ့ ခရီးသွားဧည့်သည်တွေဟာ ခရီးလမ်းတစ်လျှောက်မှာ တောင်တက်တဲ့ အခိုက်အတန့် အတွေ့အကြုံကိုလည်း ရရှိစေမှာဖြစ်ပါတယ်။ တောတောင်သစ်ပင်တွေပေါက်ရောက်နေမှု၊ ကျေးငှက်တိရစ္ဆာန်တွေနဲ့ သစ်ပင်မျိုးစိတ်တွေကိုလည်း စိတ်ဝင်စားသူတွေအနေနဲ့ လေ့လာနိုင်မယ့်အခွင့်အရေးလည်း ရရှိနိုင်စေမှာ ဖြစ်ပါတယ်။ သဘာဝအတိုင်းတည်ရှိနေတဲ့ ဝန်းကျင်အလှအပကို အနီးကပ်ကိုယ်တိုင်ကြုံတွေ့ လေ့လာနိုင်မှာလည်းဖြစ်ပါတယ်။

**လမ်းခရီးအဆင်ပြေအောင် စီစဉ်ထား**

လွဲပုတ်ရေတံခွန်ဟာ လွဲပုတ်ရွာဟောင်းအနီးမှာ တည်ရှိနေတာဖြစ်တာမို့ ရေတံခွန်အမည်ကို လွဲပုတ်ရေတံခွန်လို့ အမည်ပေးထားကြောင်း သိရပါတယ်။ ထီးချိုင့်ကျေးရွာနဲ့လည်း ဒီရေတံခွန်က နီးစပ်တာမို့လို့ ဒေသခံရွာသူရွာသားတွေ ဝိုင်းဝန်းကူညီမှုနဲ့ ရေတံခွန်အနီးဝန်းကျင်ကို ခုတ်ထွင်ရှင်းလင်းပေးထားတာဖြစ်ပါတယ်။ သွားလာရေးအဆင်ပြေအောင်လည်း အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်ပေးထားတာမို့ အခုဆိုရင် ခရီးသွားတချို့ သွားလာနေကြပြီဖြစ်ပါတယ်။

နိုင်အင်းချောင်းကို ဖြတ်သန်းတည်ဆောက်ထားတဲ့ ဝါးတံတားနဲ့ လွဲပုတ်ရေတံခွန်အပန်းဖြေလေ့လာရေးခရီးစဉ် ဒေသသစ်ကိုတော့ ကချင်ပြည်နယ် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန တာဝန်ရှိသူတွေနဲ့ ခရီးစဉ်ဒေသသစ် ဖော်ဆောင်ရေးအဖွဲ့တို့အပါအဝင် ဒေသခံပြည်သူတွေက ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၄ ရက်မှာ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုအခြေအနေတွေကြောင့် လွဲပုတ်ရေတံခွန်ခရီးစဉ်ဟာ ပြည်တွင်းပြည်ပခရီးသွားတွေအတွက်တော့ သွားရောက်အပန်းဖြေစရာကောင်းတဲ့ ခရီးစဉ်သစ်တစ်ခုအဖြစ် ရောက်ရှိလာတော့မှာ ဖြစ်ပါတယ်။

ကချင်ပြည်နယ်အတွင်းမှာ သဘာဝအခြေခံခရီးသွားခရီးစဉ်သစ်တွေ အများအပြား ဖော်ထုတ်နိုင်ရေးကို တာဝန်ရှိသူတွေက ရှာဖွေနေပြီး ကိုဗစ်–၁၉ အလွန်ကာလမှာ ခရီးသွားလုပ်ငန်းကနေပြီး ဝင်ငွေရှာဖွေနိုင်ရေးဆောင်ရွက်နေပါတယ်။ မူလကတည်းက သဘာဝတရားရဲ့ လက်ဆောင်တွေဖြစ်တဲ့ တောင်တန်းတွေ၊ သစ်ပင်ပန်းမန်တွေ၊ ရေတံခွန်နဲ့ စိမ့်စမ်းတွေအပြင် ရှားပါးတိရစ္ဆာန်မျိုးစိတ်တွေ ပေါကြွယ်ဝစွာတည်ရှိနေတာကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ သဘာဝအရင်းအမြစ်တွေပဲ ဖြစ်ပါတယ်။

**စိတ်ဝင်စားဖွယ်အပန်းဖြေနေရာသစ်**

ဒီခရီးသွား ခရီးစဉ်သစ်ကို သွားရောက်ဖို့အတွက် မိုးကောင်းမြို့ကတစ်ဆင့် သွားရမှာဖြစ်ပေမယ့် မိုးကောင်းမြို့ဟာ ရွှေဘို–မြစ်ကြီးနားပြည်ထောင်စုလမ်းမကြီးပေါ်မှာ တည်ရှိနေတာ ဖြစ်ပါတယ်။ ကျောက်စိမ်းထွက်ရှိရာမြို့လည်းဖြစ်တဲ့အပြင် ဆန်စပါးစိုက်ပျိုးတဲ့မြို့လည်းဖြစ်ပါတယ်။ မိုးကောင်းမြို့နယ်အတွင်းမှာ ဆန်စက်ပေါင်း ၂၀၀ ကျော်ရှိတဲ့အပြင် ရထားလမ်းခရီးနဲ့လည်း သွားလာလို့ရတဲ့ မြို့ဖြစ်ပါတယ်။ ကျောက်စိမ်းတူးဖော်တာ၊ ကျောက်သွေးတာ၊ ကျောက်ထည်တွေပြုလုပ်တာ စတဲ့လုပ်ငန်းတွေကိုလည်း လေ့လာလို့ ရရှိနိုင်ပါတယ်။

မိုးကောင်းမြို့ကနေပြီး ဖားကန့်မြို့ကို အလွယ်တကူသွားလာလို့ရသလို မြစ်ကြီးနားမြို့ကလည်း မိုးကောင်းကနေ ကားလမ်းခရီးဆိုရင် မိုင် ၄၀ ခန့်သာ သွားရပါတယ်။ မိုးကောင်းမြို့ဟာ ဧရာဝတီမြစ်ထဲကို စီးဝင်ကြတဲ့ နန့်ကောင်းချောင်းနဲ့ နန့်ရင်းချောင်းတို့ ပေါင်းစုံရာဒေသမှာ တည်ထားတဲ့မြို့ဖြစ်ပြီး ခေတ်အဆက်ဆက် နေရာရွှေ့ပြောင်းတည်ထောင်ခဲ့တာဟာ အခုဆိုရင် စတုတ္ထအကြိမ် ပြောင်းရွှေ့တည်ထားတဲ့ နေရာလည်းဖြစ်ပါတယ်။

ရှေးယခင်ကမိန်းကောင်းလို့ခေါ်ဆိုခဲ့ပြီး အဲဒီရှမ်းဘာသာစကားရဲ့အဓိပ္ပာယ်က အိုးစည်လို့အမည်ရတဲ့ မိုးကောင်းမြို့က တစ်ဆင့် သွားရောက်ရတဲ့ လွဲပုတ်ရေတံခွန်ခရီးစဉ်သစ်ဟာ ခရီးသွားတွေအတွက် စိတ်ဝင်စားမယ့် အပန်းဖြေစရာ နေရာသစ်တစ်ခုဖြစ်လာမှာ အမှန်ပါပဲ။ ။

**“ကချင်ပြည်နယ်အတွင်းမှာ သဘာဝအခြေခံခရီးသွားခရီးစဉ်သစ်တွေ အများအပြားဖော်ထုတ်နိုင်ရေးကို တာဝန်ရှိသူတွေက ရှာဖွေနေပြီး ကိုဗစ်-၁၉ အလွန်ကာလမှာ ခရီးသွားလုပ်ငန်းကနေပြီး ဝင်ငွေရှာဖွေနိုင်ရေး ဆောင်ရွက်နေပါတယ်။ မူလကတည်းက သဘာဝတရားရဲ့ လက်ဆောင်တွေဖြစ်တဲ့ တောင်တန်းတွေ၊ သစ်ပင်ပန်းမန်တွေ၊ ရေတံခွန်နဲ့ စိမ့်စမ်းတွေအပြင် ရှားပါးတိရစ္ဆာန်မျိုးစိတ်တွေ ပေါကြွယ်ဝစွာတည်ရှိနေတာကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ သဘာဝအရင်းအမြစ်တွေပဲဖြစ်”**

## မိုင်းယောင်းတွင် ကျန်းမာရေးအတွက် အားကစားပစ္စည်းများ တပ်ဆင်

**မိုင်းယောင်း ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်တွင် ကျန်းမာရေးအတွက် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ပေးအပ်သော အားကစားပစ္စည်းများကို မြို့အဝင် ကြိုဆိုပါ၏ ဆိုင်းဘုတ်အနီးတွင် တပ်ဆင်ဆောင်ရွက်နေကြောင်း မြို့နယ်အားကစားနှင့် ကာယပညာကော်မတီမှ သိရသည်။

**သွားရောက် ကြည့်ရှု**

တာချီလိတ်ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ပေးအပ်သော လက်လှည့်၊ ခြေလှည့် စသည့် အားကစားပစ္စည်းများကို ပြည်ကျော်ဟိန်း၊ စိုင်းရဲန်ရွက်အုပ်စုနှင့် တော်ဝင်မိုင်းယောင်းကုမ္ပဏီများက လူမှုအကျိုးပြုလုပ်ငန်းအဖြစ် ပြုလုပ်တပ်ဆင်ပေးနေပြီး အဆိုပါလုပ်ငန်းဆောင်ရွက်နေမှုကို ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းဇော်၊ စည်ပင်သာယာရေးဌာနမှ တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းဟိန်းလွမ်းမိုးနှင့် ကုမ္ပဏီတာဝန်ရှိသူများက သွားရောက် ကြည့်ရှုသည်။

**အဆင်ပြေ**

ယခုအခါ ဒေသခံပြည်သူများသည် ကျန်းမာရေးအတွက် လမ်းလျှောက်ပြီးလျှင် အဆိုပါနေရာ၌ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ကာ ကိုယ်ခန္ဓာကျန်းမာသန်စွမ်းရေး၊ ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေးအတွက် အသုံးပြုနေပြီဖြစ်ရာ အဆင်ပြေနေကြောင်း သိရသည်။

စိုင်းအောင်ဇော်လင်း



# သုံးခွမြို့နယ်တွင် ပဲဈေးကွက်သို့ ပဲတီစိမ်းများ ဝင်ရောက်

**သုံးခွ ဖေဖော်ဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်ရှိ ပဲဈေးကွက်အတွင်းသို့ ပဲတီစိမ်းအသစ်များ စတင်ဝင်ရောက်လျက်ရှိရာ တစ်တင်း (ပိဿာ ၂၀)လျှင် ယနေ့ နံနက်ပိုင်းက ပေါက်ဈေးမှာ ငွေကျပ် ၄၃၅၀၀ ဖြစ်ကြောင်း သုံးခွမြို့ အမှတ် (၄) ရပ်ကွက်ရှိ Bright Light ပဲမျိုးစုံရောင်းဝယ်ရေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဈေးကွက်အတွင်း စတင်ဝင်ရောက်ခါစ ဖြစ်သည့်အတွက် ဈေးနှုန်းတည်ငြိမ်မှု မရှိသေးကြောင်း၊ လိုင်လိုင်ပေါ်ပါက ဈေးနှုန်းအပြောင်းအလဲရှိနိုင်ကြောင်းနှင့် အထွက်နှုန်းကောင်း၍ ပေါက်ဈေးပိုမိုမြင့်မားပါက တောင်သူများ ပို၍တွက်ခြေကိုက်ကြောင်း သိရသည်။

သုံးခွမြို့နယ်တွင် မိုးစပါးနှင့် သီးထပ်အဖြစ် ဆောင်းသီးနှံ ပဲတီစိမ်း ရွှေဝါနှင့် ရေဆင်းအမျိုးအစားတို့ကို အဓိက စိုက်ပျိုးကြသည်။ ပဲတီစိမ်းမှာ စိုက်ပျိုးပြီး နှစ်လခွဲအကြာတွင် ဆွတ်ခူးရရှိကြောင်း သိရသည်။

ပဲတီစိမ်းကို နိုဝင်ဘာလ ဒုတိယပတ်တွင် စတင်ထွန်ယက် စိုက်ပျိုးကြပြီး တောင်သူတစ်ဦးနှင့် တစ်ဦးစိုက်ပျိုးသည့်အချိန် ကွာခြားမှုကြောင့် ပဲထွက်ချိန် ကွာခြားမှုရှိနိုင်ကာ ဖေဖော်ဝါရီလလယ်တွင် လိုင်လိုင်ပေါ်မည်ဟု သိရသည်။ ပဲတီစိမ်းမှာ တစ်နေရာနှင့် တစ်နေရာ အထွက်နှုန်း ကွာခြားမှုရှိနိုင်ကာ မျိုးကောင်း မျိုးသန့် ရွေးချယ်စိုက်ပျိုးမှု၊ စိုက်ပျိုးသည့် မြေအမျိုးအစားကောင်းမွန်မှု၊ ရာသီဥတုအခြေအနေ၊ ပိုးမွှားကျရောက်မှု၊ ပြုစုပျိုးထောင်ပုံနည်းစနစ် မှန်ကန်မှုတို့အပေါ်တွင်မူတည်ပြီး တစ်ဧကတင်း ၂၀ ကျော် ထွက်ရှိနိုင်ကြောင်း သိရသည်။

သုံးခွမြို့နယ်တွင် ၂၀၂၀- ၂၀၂၂ စိုက်ပျိုးရာသီ၌ ဆောင်းသီးနှံပဲတီစိမ်း ၁၃၀၁၈၃ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မြင့်အောင်က ပြောသည်။

**ကိုကျော်(သုံးခွ)**



ပဲတီစိမ်းများ ဈေးကွက်ဝင်ရောက်မှုကို တွေ့ရစဉ်။

# လေပြင်းတိုက်ခြင်းကြောင့် ကွမ်းခြံများပြိုလဲ ဧရာဝတီတိုင်းဒေသကြီး ကွမ်းဈေးကွက်ငြိမ်နေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

လေပြင်းတိုက်ခြင်းကြောင့် ကွမ်းခြံများပြိုလဲကာ ကွမ်းဈေးနှုန်းများ တည်ငြိမ်နေကြောင်း ဧရာဝတီတိုင်းဒေသကြီးရှိ ကွမ်းစိုက်ပျိုးသူများထံမှ သိရသည်။

"လတ်တလောမှာ ကွမ်းရွက်ဈေးနှုန်းတွေ ဆက်တိုက်တည်ငြိမ်နေရတဲ့ အကြောင်းရင်းက ကွမ်းခြံအသစ်တွေက အခုမှ အကြမ်းစခူးတော့ ကွမ်းမပေါ်သေးလို့လည်း ဖြစ်နိုင်သလို လွန်ခဲ့တဲ့နှစ်ပတ်လောက်က လေတိုက်သွားလို့ တချို့ခြံတွေ ပြိုကုန်တာကြောင့်လည်း ပါတယ်။ ခြံတွေ ပြိုလဲကုန်တော့ ကွမ်းလျော့သွားတာပေါ့။ လေပြင်းတိုက်တာက နေရာတိုင်းတော့ မဟုတ်ဘူး။ တချို့နေရာတွေပြင်းတယ်။ ပြောင်းခင်းတွေတောင် လဲကုန်တာ။ ညောင်တုန်းမြို့နယ်ထဲက ဘောလုံး၊ ပေစိ၊ သောင်တန်စတဲ့ ရွာတော်တော်များများဘက်မှာ လေပြင်းတိုက်ခဲ့တာပါ" ဟု ညောင်တုန်းမြို့နယ် စက္ကော့ကျေးရွာမှ စီးပွားဖြစ် ကွမ်း စိုက်ပျိုးသူ ဦးမင်းလွင်က ပြောသည်။

လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကွမ်းဈေးနှုန်းများ (လက်ကား) အနေဖြင့် ကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ မှ ၁၀၀၀၀ အတွင်း ဈေးနှုန်းများဖြင့် ရောင်းချနေကြောင်း ရန်ကုန်မြို့ သီရိမင်္ဂလာဈေး ကွမ်းဒိုင်များမှ သိရသည်။

"ရန်ကုန်သီရိမင်္ဂလာဈေးမှာကို ဈေးကတည်ငြိမ်နေတာပါ။ ရှေ့လျှောက်လည်း ဈေးတက်ဖို့တော့ မရှိနိုင်သေးဘူးလို့ ခန့်မှန်းရတယ်။ ဧရာဝတီတိုင်းဒေသကြီးဘက်က တချို့ရေမြုပ်ထားတဲ့ခြံတွေက အခုမှ ကွမ်းစခူးနေကြတယ် ကြားတယ်။ ဒါ့ကြောင့်မို့လို့ နောက်တစ်လလောက်ဆို ကွမ်းပေါလာတော့မှာဖြစ်လို့ ကွမ်းဈေးဆက်ကျနိုင်မယ်လို့ ယူဆပါတယ်" ဟု ရန်ကုန်မြို့ရှိ ကွမ်းဒိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။ အရွယ်အစားခွဲခြားပြီး သန့်ရှင်းသပ်ရပ်စွာ စီရီထားသော ကွမ်းများနှင့် ကွမ်းရွက်အသားပါးလွှာ ပျော့ပျောင်းသည့် အရည်အသွေးအဆင့်မီ ကွမ်းများဖြစ်ပါက ဈေးကောင်းရရှိရန် အခွင့်အလမ်းပိုသာကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**



ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်ရှိ ကျိုက်မှော်ဝန်းရေလယ်စေတီတော်အား ဖေဖော်ဝါရီ ၈ ရက်မှ စတင်ကာ ဘုရားဖူးခွင့်ပြန်လည်ခွင့်ပြုထားရာ ဘုရားဖူးလာပြည်သူများ ကိုဗစ်ရောဂါကြိုတင်တားဆီးကာကွယ်ရေးအတွက် ခေတ်မီနည်းစနစ်များဖြင့် စစ်ဆေးဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၉ ရက်က တွေ့ရစဉ်။

မောင်ယဉ်ကျေး

# ခနောင်ခုနစ်ရွာနှင့် ဒလ- ခနုတ် ကားလမ်းမကြီးဆက် မြေသားလမ်းကို ကျောက်ချောခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် ခနောင်ခုနစ်ရွာနှင့် ခနုတ်ကားလမ်းမဆက် မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မြေသားလမ်းသည် ခနောင်ကျေးရွာမှ ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ဒလ (နာရီစင်)- ခနုတ် ကားလမ်းမကြီးအား ရခိုင်ချောင်ကျေးရွာအနီး ဆုံတွေ့မည်ဖြစ်သည်။ မြေသားလမ်းအရှည်မှာ ပေပေါင်း ၁၅၀၀၀ ကျော်၊ အကျယ်ပေ ၂၀ ရှိပြီး ကျောက်ချောလမ်းအဖြစ် ၆၈၁၈ ပေကို ခင်းကျင်းပြီးစီးနေပြီဖြစ်ကာ ပေ ၅၀၀၀ ကျောက်ကြမ်းစီ ပြီးစီးနေပြီဖြစ်သည်။

ကျောက်ချောလမ်းအဖြစ် ပြီးစီးပါက အုံ့ကြီးအရှေ့ရပ်ကွက်၊ အုံ့ကြီးအနောက်ရပ်ကွက်၊ သမတကမ်းခြေရပ်ကွက်နှင့် စံပြတံတားချောင်းကျေးရွာနေပြည်သူများအနေဖြင့် ရခိုင်ချောင်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသို့ လွယ်လင့်တကူလာနိုင်မည်ဖြစ်ပြီး ရှေးဟောင်းသမိုင်းဝင် ကျိုက်ခနုတ်စေတီတော်မြတ်ကြီးကိုလည်း သွားလာမှုလွယ်ကူစွာဖြင့် ဖူးမြော်နိုင်မည်လည်း ဖြစ်သည်။

"ကျွန်တော်တို့ ဟိုအရင်ကဆို ခနုတ်ဘုရား ခနုတ်ရွာ၊ ရခိုင်ချောင်ရွာတို့ဘက်ကို သွားမယ်ဆိုရင် ကျွန်တော်တို့ရွာကနေ ဒလ၊ ဒလနာရီစင်ကနေ ကားလမ်းမအတိုင်း သွားရတာ၊ ခရီးကြန့်ကြာတဲ့အပြင် ယာဉ်အန္တရာယ်လည်း စိုးရိမ်ရတယ်။ ဒီလမ်းသာပြီးသွားရင် ကိုယ့်ရွာကနေ အချိန်တိုအတွင်း သွားလာနိုင်မယ်။ ယာဉ်အန္တရာယ်လည်း ကင်းတယ်" ဟု ခနောင်ရွာမကျေးရွာနေ ဦးတင်နွယ်က ပြောသည်။

အဆိုပါကျေးရွာချင်းဆက်လမ်းသည် ခနောင်အထက်ကျေးရွာ၊ ခနောင်ရွာမကျေးရွာ၊ ခနောင်တောတဲကန်ကျေးရွာ၊ ခနောင်မီးခြစ်စက်ကျေးရွာ၊ ခနောင်ခနိတောကျေးရွာ၊ ခနောင်ရှမ်းစု၊ ခနောင်ချောင်းဝကျေးရွာနေပြည်သူများအနေဖြင့် ရခိုင်ချောင်ကျေးရွာနှင့် အခြားသော ကျေးရွာများသို့ အချိန်တိုအတွင်း သွားလာနိုင်မည်ဖြစ်ပြီး ကော့မှူးမြို့နယ်ရှိကျေးရွာများသို့ပါ သွားလာနိုင်တော့မည် ဖြစ်သည်။

"ဒီလမ်းက မြို့ရှောင်လမ်းတစ်ခုလည်း ဖြစ်တယ်။ ရန်ကုန်မြို့ကနေ ကျိုက်ခနုတ်ဘုရားကို လာရောက်ဖူးမြော်လိုသူတွေအနေနဲ့ အရင်လို နာရီစင်ကနေ ဒလ- ခနုတ်လမ်းအတိုင်း သွားစရာမလိုတော့ဘဲ "မင်္ဂလာပါ" စားသောက်ဆိုင်နားက ကနောင်လမ်းမကြီးအတိုင်း တောက်လျှောက်သွားလို့ရသွားပြီ။ ကားလမ်းပေါက်သွားတာနဲ့ ကားလမ်းဘေးက ရွာတွေလည်း အဆင်ပြေမှာပါ" ဟု အုံ့ကြီးအနောက်ရပ်ကွက်နေ ဦးမြင့်လှက ပြောသည်။

**မောင်ယဉ်ဦး(ဒလ)**



# ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာ ၁၈ ရွာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည်

**ပုလဲ ဖေဖော်ဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာ ၁၈ ရွာတွင် ၂၀၂၀- ၂၀၂၂ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ ပုလဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးဇော်မင်းဦးက " ၂၀၂၀- ၂၀၂၂ ဘဏ္ဍာနှစ်မှာ ကျေးရွာတစ်ရွာလျှင် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၀၀ နှုန်းစီဖြင့် သာယာကုန်း၊ ညောင်ကန်၊ သပြေလှ၊ ပြင်လှိုင်း၊ ထန်းတောတိုက်၊ ညောင်ရင်းကုန်း၊ နှောပင်ပြန့်၊ အုန်းမွှန်းတော၊ ကျွဲကျုံလှိုင်း၊ ပေါက်ပင်ချောက်၊ ငန်းချောင်း၊ ကသောင်း၊ ခရှုခင်သာ၊ ကံပေါက်(အထက်)၊ သံတောင်ကျေးရွာနှင့် ကျောက်ဆင်ထူးကျေးရွာများမှာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာနေပြည်သူများအနေဖြင့် မိမိတို့ကျေးရွာများ၏ ပကတိလိုအပ်ချက်များကို ဖော်ထုတ်ပြီး ဦးစားပေး အစီအစဉ်အလိုက် စီမံချက်များ ရေးဆွဲနိုင်ရန်၊ ကျေးရွာ၏ ဦးစားပေးစီမံချက်များအပေါ် အခြေခံ၍ နှစ်စဉ်ရန်ပုံငွေလျာထားပြီး စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ရန်၊ ကျေးရွာမှ ထွက်ပေါ်လာသော စီမံချက်များကို မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရာတွင် ထည့်သွင်းရေးဆွဲနိုင်ရန် ရည်ရွယ်ချက်များဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ကို အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

# အောက်ရေပူကျေးရွာတွင် ရေသွင်းရေနုတ်မြောင်းတူးဖော်ထားခြင်းကြောင့် စိုက်ပျိုးရေလုံလောက်စွာရရှိ

**လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၁၀**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အထက် ရေပူကျေးရွာတွင် မိုးစပါးစိုက်တောင်သူများအနေဖြင့် မိုးစပါးစိုက်ပျိုးရာတွင် လိုအပ်သောရေများ အခက်အခဲ မရှိစေရန်၊ မိုးစပါးနှင့် ရေကျနောက်ကျစပါးများ အောင်ရေကို လုံလောက်စွာရရှိပြီး စပါးအထွက်နှုန်း ပိုမိုကောင်းမွန်စေရန် ရည်ရွယ်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေသွင်းရေနုတ်မြောင်း တူးဖော်ဆောင်ရွက်ထားမှုကြောင့် တောင်သူများအဆင်ပြေလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေသွင်းရေနုတ်မြောင်း တူးဖော်ဆောင်ရွက်ထားခြင်းကြောင့် မိုးစပါးနှင့် ရေကျနောက်ကျ စပါးစိုက်ပျိုးထားသော တောင်သူများအနေဖြင့် စပါးဧက ၄၅၀ ကို ရေအလုံအလောက်ရရှိပြီး စပါးအထွက်နှုန်းကောင်းမွန်နိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ရေသွင်းရေနုတ်မြောင်းတူးဖော်ထားပြီး ရေသွင်းပေးနိုင်မှု အခြေအနေကို တွေ့ရစဉ်။

*ယမန်နေ့မှအဆက်*

## COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း

(၂၅-၁-၂၀၂၁ ရက်နေ့)

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၃၄၂ | ဦးဝီရိယ (ဒိုက်ဦးမြို့) | ၁၃၃,၂၀၀ |
| ၃၄၃ | ဒေါ်လှလှမော် (သထုံမြို့) | ၆၃၂,၁၀၀ |
| ၃၄၄ | စီစစ်ရေးအတွင်းရေးမှူးများနှင့် တောင်သူလယ်သမားများ အလှူငွေ (ရေးမြို့) | ၁၀၀,၀၀၀ |
| ၃၄၅ | ဦးဝီရိယ(ပင်လယ်ဘူးမြို့) | ၁၄,၀၀၀,၀၀၀ |
| ၃၄၆ | ဒေါက်တာရင်မင်းပိုက် (မဘိမ်းမြို့) | ၁,၀၀၀,၀၀၀ |
| ၃၄၇ | ဦးအာလုတ် (မိုင်းဖြတ်မြို့) | ၅၀၀,၀၀၀ |
| ၃၄၈ | မန်နေဂျာ (မြန်မာ့စီးပွားရေးဘဏ်) (ကလေးမြို့) | ၁၀၀,၀၀၀ |
| ၃၄၉ | ဦးကျော်ဦး (ကျိုင်းတုံမြို့) | ၃,၀၀၀,၀၀၀ |
| ၃၅၀ | ဦးရဲထွန်းဇော် (လင်းခေးမြို့) | ၁,၁၁၅,၀၀၀ |
| ၃၅၁ | ဒေါ်မြင့်မြင့်ဝင်း (ညောင်ရွှေမြို့) | ၅၀၀,၀၀၀ |
| ၃၅၂ | ဒေါ်အေးစုမွန် (မဘိမ်းမြို့) | ၃၀၀,၀၀၀ |
| ၃၅၃ | ဦးစောရွှေလုရီ (ဘားအံမြို့) | ၅၀၀,၀၀၀ |
| ၃၅၄ | ဒေါ်မိမိဝင်း (မော်လမြိုင်မြို့) | ၅၄၅,၀၀၀ |
| ၃၅၅ | ဦးဝင်းဦး+ဒေါ်မေကြည် (အမရပူရမြို့) | ၃,၀၀၀,၀၀၀ |
| ၃၅၆ | ဒေါ်ပြုံး (လှည်းကူးမြို့) | ၃၀၀,၀၀၀ |
| ၃၅၇ | ဦးသိန်းရွှေ+(ဒေါ်ဖွားကြည်) သား-ဦးမြင့်စိန် (ညောင်ဦးမြို့) | ၂၀၀,၀၀၀ |
| ၃၅၈ | ဒေါ်သန်းမြင့် (ခင်ဦးမြို့) | ၃၀၀,၀၀၀ |
| ၃၅၉ | ဦးအောင်ကို+ဒေါ်သီတာ (ညောင်ဦးမြို့) | ၃၀၀,၀၀၀ |
| ၃၆၀ | ဦးရွှေမှန်း+ဒေါ်အုန်းမြ မိသားစု (မှော်ဘီမြို့) | ၅၀၀,၀၀၀ |
| ၃၆၁ | ဦးဇော်ဝဏ္ဏ (အင်းတော်မြို့) | ၆၀၀,၀၀၀ |
| ၃၆၂ | ဦးပေါ်တင်+ဒေါ်နွဲ့ (လှည်းကူးမြို့) | ၁၅၀,၀၀၀ |
| ၃၆၃ | ဒေါ်မာမာထွေး (အမရပူရမြို့) | ၅၀၀,၀၀၀ |
| ၃၆၄ | ဦးစိုးတင့်+ ဒေါ်ခိုင်အေး (ရွှေပြည်သာမြို့နယ်) | ၁၀၀,၀၀၀ |
| ၃၆၅ | ဦးကံမြင့်+ဒေါ်ယဉ်ယဉ်မြင့် မိသားစု(ညောင်ဦးမြို့) | ၃၀၀,၀၀၀ |
| ၃၆၆ | ဦးဝင်းနိုင်+ဒေါ်အေးသွယ်နိုင်(ခ)မနိုင် (ပုဂံမြို့သစ်) | ၅၀၀,၀၀၀ |
| ၃၆၇ | ဦးဖိုးဇော်၊ဇော်ညီအစ်ကိုများ မိသားစု(ညောင်ဦးမြို့) | ၃၀၀,၀၀၀ |
| ၃၆၈ | (ဦးမေအောင်)+ဒေါ်မြင့်မြင့်အေး (ရွှေပြည်သာမြို့နယ်) | ၅၀၀,၀၀၀ |
| ၃၆၉ | ဦးသိန်းဇော်မြင့်+ဒေါ်ချောစု (ကောင်းဆက်စတိုး) (ညောင်ဦးမြို့) | ၅၀၀,၀၀၀ |
| ၃၇၀ | ဦးသက်ထွေးလွင် (ရွှေပြည်သာမြို့) | ၅၀၀,၀၀၀ |
| ၃၇၁ | ဦးအောင်ကြီး+ဒေါ်ကလျာဝင်း (မှော်ဘီမြို့) | ၅၀၀,၀၀၀ |
| ၃၇၂ | ဦးအေးကြိုင် (မြစ်သားမြို့) | ၁,၀၀၀,၀၀၀ |
| ၃၇၃ | ဦးမင်းညာဏ(ခ) အသာ (ပုသိမ်ကြီးမြို့) | ၂,၀၀၀,၀၀၀ |
| ၃၇၄ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဝန်ထမ်းများ (နေပြည်တော်) | ၁,၀၀၀,၀၀၀ |
| ၃၇၅ | ဦးမြင့်ဝင်း(အဖွဲ့ဝင်၊နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး)နှင့်ဇနီးဒေါ်ယဉ်မင်းဆွေ(နေပြည်တော်) | ၂၀၀,၀၀၀ |
| ၃၇၆ | ဒေါ်မြဝင်း+၃ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃၇၇ | ဒေါ်သီတာစိုး(ပြည်မြို့) | ၃၅၀,၀၀၀ |
| ၃၇၈ | ဦးဘိုထွန်းလင်း+ဒေါက်တာဒေါ်ခင်အေးမွန် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀၀,၀၀၀ |
| ၃၇၉ | ဦးအာလောက (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၅၀,၀၀၀ |
| ၃၈၀ | ဦးစိုးမောင်+ဒေါ်အေးနိုင်(Soe Sandar Hair Trading) (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၁၀,၀၀၀ |
| ၃၈၁ | ဦးကျော်ကျော် ဆေးဆိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၅၀၀,၀၀၀ |
| ၃၈၂ | KWN , KHS , YTDK , YT (ကမာရွတ်မြို့နယ်) | ၃၀၀,၀၀၀ |
| ၃၈၃ | ကိုအောင်ရဲကျော်+မခိုင်ဇင်သွယ် (မန္တလေးမြို့) | ၃၀၀,၀၀၀ |
| ၃၈၄ | အာကာမြင့်၊ လဲ့လဲ့ခိုင် မိသားစု(စကဲ့ဘူ) | ၁၀၀,၀၀၀ |
| ၃၈၅ | ရီရီမွန် (သာကေတမြို့နယ်) | ၁၀,၀၀၀ |
| ၃၈၆ | အုပ်စိုးသူ (လှိုင်မြို့နယ်) | ၅,၀၀၀ |
| ၃၈၇ | ဒေါက်တာစိုးရန်အောင် (ကမာရွတ်မြို့နယ်) | ၃၀,၀၀၀ |
| ၃၈၈ | ဦးမောင်မြင့်+ဒေါ်ကြူကြူစိန် မိသားစု (မရမ်းကုန်းမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၃၈၉ | စန်းဝင်း (ရန်ကုန်မြို့) | ၂၀,၀၀၀ |
| ၃၉၀ | ဦးတင်နွယ်၊ ဒေါ်သန်းသန်းအေး မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၃၉၁ | ဦးသူညို (တာမွေမြို့နယ်) | ၁၀၀,၀၀၀ |
| ၃၉၂ | ခင်စောဦး (ရ/ရန်ကင်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၃၉၃ | ဦးလွင်မိုးဟန်+ဒေါ်အေးအေးမာ မိသားစု(ဒေါပုံမြို့နယ်) | ၃,၀၀၀,၀၀၀ |
| ၃၉၄ | ဦးဟန်ပ+ဒေါ်ကြည်ကြည်ညွန့် မိသားစု (သာကေတမြို့နယ်) | ၂၀,၀၀၀ |
| ၃၉၅ | ရန်ကုန်စတိုး (စမ်းချောင်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၃၉၆ | မိုလီဝင်းသန့် (တာမွေမြို့နယ်) | ၃၀၀,၀၀၀ |
| ၃၉၇ | ဦးဇော်လတ်+ဒေါ်လွင်မော် မိသားစု (တ/ဥက္ကလာပမြို့နယ်) | ၃၀၀,၀၀၀ |
| ၃၉၈ | စိန်ရွှေမြ ဆန်ရောင်းဝယ်ရေး (အရှေ့ဒဂုံမြို့နယ်) | ၅,၀၀၀,၀၀၀ |
| ၃၉၉ | အောင်မြလွင် (ကျောက်မြောင်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၄၀၀ | ဒေါ်တင့်တင့် (မိုးညှင်းမြို့) | ၁၀၀,၀၀၀ |
| ၄၀၁ | ဦးတိုးလှိုင်+ဒေါ်မွေးကိုရန်ပိုင်ဟိန်း (အလုံမြို့နယ်) | ၁၀၀,၀၀၀ |
| ၄၀၂ | ကိုမောင်မောင်ဟုန်း (ဘားအံမြို့) | ၁၀,၀၀၀ |
| ၄၀၃ | ဒေါ်နှင်းဆွေ (မိုးညှင်းမြို့) | ၂၀၀,၀၀၀ |
| | **ဟိန္ဒူမိသားစုများ သက်သာချောင်ချိရေးအဖွဲ့(ပထမအကြိမ်)** | |
| ၄၀၄ | Shri Shri Kali Temple Trust (ပန်းပဲတန်းမြို့နယ်) | ၅,၁၀၀,၀၀၀ |
| ၄၀၅ | Shri Jagdish Kedia, Shri Pawan Kedia & Family, Thuwunna Nadi Trading Ltd (ကျောက်တံတားမြို့န | ၅,၀၀၀,၀၀၀ |
| ၄၀၆ | Om Prakash Kedia & Family, Kedia Light (ရန်ကုန်မြို့၊ မန္တလေးမြို့) | ၂,၁၀၀,၀၀၀ |
| ၄၀၇ | Shri Bajrang Lal Shrma + Smt. Urmila Sharma (ကျောက်တံတားမြို့နယ်) | ၂,၁၀၀,၀၀၀ |
| ၄၀၈ | In the memory of V. Geetha, by Family (အင်းစိန်မြို့နယ်) | ၁,၁၁၁,၀၀၀ |
| ၄၀၉ | Late Shri Bindraban Ji - by Bajoria Family (ပန်းပဲတန်းမြို့နယ်) | ၁,၁၀၀,၀၀၀ |
| ၄၁၀ | Shri Saraswati Mata Temple (Sevasadan) (ကျောက်တံတားမြို့နယ်) | ၁,၁၀၀,၀၀၀ |
| ၄၁၁ | Shri Naresh Kumar Dinodia & Family (ရန်ကုန်မြို့) | ၅၁၁,၀၀၀ |
| ၄၁၂ | Late Shri Subramaniyan + Late Smt. Nirmala Devi ( Sandhi Printer Family )(ရန်ကုန်မြို့) | ၅၁၀,၀၀၀ |
| ၄၁၃ | Ko Tun Hla + Daw Nyi Nyi Htwe (One Star Ball Bearing Trading, Family )(ရန်ကုန်မြို့) | ၅၁၀,၀၀၀ |
| ၄၁၄ | Shri Prem Kumar Verma & Family (ပန်းပဲတန်းမြို့နယ်) | ၅၁၀,၀၀၀ |
| ၄၁၅ | Shri Satish Sarawgi & Family, TL Trading Ltd., (မော်လမြိုင်မြို့) | ၅၁၀,၀၀၀ |
| ၄၁၆ | Shri Jaikumar & Family, Ahla Gabar Store (မန္တလေးမြို့) | ၅၀၀,၀၀၀ |
| ၄၁၇ | Shri Ramesh & Smt. Nita Verma & Family (ဗဟန်းမြို့နယ်) | ၅၀၀,၀၀၀ |
| ၄၁၈ | Ko Hla Maung & Family (မန္တလေးမြို့) | ၅၀၀,၀၀၀ |
| ၄၁၉ | Shri Sunder Kumar Verma & Family, Golden Dagon Company Limited (ပုဇွန်တောင်မြို့နယ်) | ၅၀၀,၀၀၀ |
| ၄၂၀ | Shri Sachin Biyani & Family (ဗဟန်းမြို့နယ်) | ၃၀၁,၀၀၀ |
| ၄၂၁ | Shri Pankaj ,Salvo Singapore Oversea Trading Pte Ltd (ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၄၂၂ | Shri Mohan Lal + Smt. Raj Kumari ( Silver King Company) Family (ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၄၂၃ | Shri B. Gunaseelan @ U Soe Hlaing & Family, Aung Thara Phu Iron Trading (ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၄၂၄ | Shri Vasudev + Smt. Chandrawati Devi Agrahari, JKK Family (သဃ်န်းကျွန်းမြို့နယ်) | ၃၀၀,၀၀၀ |
| ၄၂၅ | Edge Indian Fine Dinning Restaurant (ကျောက်တံတားမြို့နယ်) | ၂၅၁,၀၀၀ |
| ၄၂၆ | Shri Om Prakash & Family, Naing Win Medical Shop (ကျောက်တံတားမြို့နယ်) | ၂၂၅,၀၀၀ |
| ၄၂၇ | In memory of Late Mr. & Mrs. Lakshmi Das Bhanji Sachdev And Late Mr. & | ၂၂၁,၀၀၀ |
| | Mrs. Parmanand Sejpal By Sejpal & Family (ကျောက်တံတားမြို့နယ်) | |
| ၄၂၈ | Shri Ram Dhani + Smr. Bundela Devi & Family (ရွှေပြည်သာမြို့နယ်) | ၂၀၀,၀၀၀ |
| ၄၂၉ | Shri Kanti Lal Verma + Smt. Prabha Verma & Family , | ၂၀၀,၀၀၀ |
| | Takshashila General Store (ကျောက်တံတားမြို့နယ်) | |
| ၄၃၀ | Shri Suraj Lal + Smt. Rani & Son Late Shanti Lal (ပြင်ဦးလွင်မြို့) | ၁၅၀,၀၀၀ |
| ၄၃၁ | Nay Min Trading Family, Pyin Oo Lwin (ပြင်ဦးလွင်မြို့) | ၁၅၀,၀၀၀ |
| ၄၃၂ | Smt. Poornavathi Rao & Family (U.S.A) | ၁၃၀,၀၀၀ |
| ၄၃၃ | Shri S Subramaniyan & Family (မော်လမြိုင်မြို့) | ၁၂၄,၀၀၀ |
| ၄၃၄ | Shri Ram Das + Smt. Sushila Devi, Kwin Naung Quarter (ကျောက်တံတားမြို့နယ်) | ၁၁၁,၁၀၀ |
| ၄၃၅ | Shri Kanhaiya Lal & Family (ဗိုလ်တစ်ထောင်မြို့နယ်) | ၁၁၀,၀၀၀ |
| ၄၃၆ | Jai Kishore Verma & Family (ပုဇွန်တောင်မြို့နယ်) | ၁၀၁,၀၀၀ |
| ၄၃၇ | Shri Sagar + Smt. Goma Ghimire & Family (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၄၃၈ | Shri Nand Lal Chand + (Smt. Parvati Devi) & Family (ပန်းပဲတန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၄၃၉ | Shri Ramnajar Master & Smt. Chand Jyoti Devi & Family (ကျောက်တံတားမြို့နယ်) | ၁၀၀,၀၀၀ |
| ၄၄၀ | Shri Laxman (Mangalsevashram) (သန်လျင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၄၄၁ | Shri Jai Prakash Gupta + Smt. Raj Kumari Gupta (Sanju Sweets)(ပြင်ဦးလွင်မြို့) | ၁၀၀,၀၀၀ |
| ၄၄၂ | Sayama Daw Nimalar & Family (သာကေတမြို့နယ်) | ၅၅,၀၀၀ |
| ၄၄၃ | Shri Vinod Kumar Sign & Family ( Yadanar Myay ) (မန္တလေးမြို့) | ၅၁,၀၀၀ |
| ၄၄၄ | Ma Myint Myint Aye & Family (ရန်ကင်းမြို့နယ်) | ၅၀,၀၀၀ |
| ၄၄၅ | Daw Tin Tin Nyo - Myanmar Plaza (ရန်ကုန်မြို့) | ၅၀,၀၀၀ |
| ၄၄၆ | Smt. Parvati Devi & Family (ကျောက်တံတားမြို့နယ်) | ၃၀,၀၀၀ |
| ၄၄၇ | Shri Vinod Kumar + Smt. Seeta Devi & Family ( 555 Store )(ကျောက်တံတားမြို့နယ်) | ၂၅,၈၀၀ |
| ၄၄၈ | Daw Mar Cho & Family (ကျောက်တံတားမြို့နယ်) | ၂၅,၀၀၀ |
| ၄၄၉ | Shri Usha Rani & Family ( Shwe Restaurant ) (တ/ဒဂုံမြို့နယ်) | ၂၁,၀၀၀ |
| ၄၅၀ | Smt. Dev Rati Devi & Family (ကျောက်တံတားမြို့နယ်) | ၂၀,၀၀၀ |
| ၄၅၁ | Smt. Phoolwanti Devi & Family (ကျောက်တံတားမြို့နယ်) | ၂၀,၀၀၀ |
| ၄၅၂ | Smt. Prabha Devi & Family (Phaya Road) (ကျောက်တံတားမြို့နယ်) | ၂၀,၀၀၀ |
| ၄၅၃ | Pt. Rajendra Pasad & Family(ကျောက်တံတားမြို့နယ်) | ၂၀,၀၀၀ |
| ၄၅၄ | AYA Staff at Kyauktaga(ကျောက်တံတားမြို့နယ်) | ၂၀,၀၀၀ |
| ၄၅၅ | Pt. Sunil Uppadhya + Smt. Nisha Devi & Family(ကျောက်တံတားမြို့နယ်) | ၁၅,၀၀၀ |
| ၄၅၆ | Smt. Ram Sati Devi & Family(ကျောက်တံတားမြို့နယ်) | ၁၀,၀၀၀ |
| ၄၅၇ | Smt. Shobha Devi & Family(ကျောက်တံတားမြို့နယ်) | ၁၀,၀၀၀ |
| ၄၅၈ | Smt. Savitri Devi & Family (ကျောက်တံတားမြို့နယ်) | ၁၀,၀၀၀ |
| ၄၅၉ | Shri Krishna Lal & Family (ကျောက်တံတားမြို့နယ်) | ၁၀,၀၀၀ |
| ၄၆၀ | Shri Lalu & Family (Kalalay) (ကျောက်တံတားမြို့နယ်) | ၁၀,၀၀၀ |
| ၄၆၁ | Shri Ram Dhani & Family (ကျောက်တံတားမြို့နယ်) | ၁၀,၀၀၀ |
| ၄၆၂ | Shri Prem Chand & Family (Myopat Lane) (ကျောက်တံတားမြို့နယ်) | ၁၀,၀၀၀ |

*စာမျက်နှာ ၂၅ သို့*

စာမျက်နှာ ၂၄ မှ

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၄၆၃ | Shri Avinash @ Tayau Gyi & Family (ကျောက်တံတားမြို့နယ်) | ၁၀,၀၀၀ |
| ၄၆၄ | Shri Ram Lal& Family (ကျောက်တံတားမြို့နယ်) | ၁၀,၀၀၀ |
| ၄၆၅ | Shri Radheshyam & Family (ကျောက်တံတားမြို့နယ်) | ၁၀,၀၀၀ |
| ၄၆၆ | Shri Lal Mohar & Family (ကျောက်တံတားမြို့နယ်) | ၁၀,၀၀၀ |
| ၄၆၇ | Shri Ram Aadhar + Smt.Lilawati Devi & Family (ကျောက်တံတားမြို့နယ်) | ၁၀,၀၀၀ |
| ၄၆၈ | Shri Rajan & Family (Yuzana Road) (ကျောက်တံတားမြို့နယ်) | ၁၀,၀၀၀ |
| ၄၆၉ | Shri Bhagawaan Das & Family (Phuzu Road) (ကျောက်တံတားမြို့နယ်) | ၁၀,၀၀၀ |
| ၄၇၀ | Shri Rang Lal & Family (ကျောက်တံတားမြို့နယ်) | ၁၀,၀၀၀ |
| ၄၇၁ | ဦးဝင်းလှိုင်+ဒေါ်လှလှဝေ(ဝင်းမြတ်သူ (ကြမ်းခင်း) မိသားစု)(ဇဗုာန်းမြို့နယ်) | ၂၀၀,၀၀၀ |
| ၄၇၂ | ဖျာပုံ မြို့သူမြို့သားများစုပေါင်းအလှူ(ဒုတိယအကြိမ်) | ၃,၅၀၀,၀၀၀ |
| ၄၇၃ | ဒေါ်မာမာခင်(မရမ်းကုန်းမြို့နယ်) | ၁၅၀,၀၀၀ |
| ၄၇၄ | ဒေါ်နုနုဝေ မိသားစု(ပုဇွန်တောင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၄၇၅ | ဦးမိုးဦး+ဒေါ်ရီရီခင် မိသားစု(နေပြည်တော်) | ၁,၀၀၀,၀၀၀ |
| ၄၇၆ | လှလှသိန်း (မ/ဒဂုံမြို့နယ်) | ၂၀၀,၀၀၀ |
| ၄၇၇ | ဦးသန်းနိုင်အေး၊ ဒေါ်ယဉ်ယဉ်ရွှေ(မင်္ဂလာဒုံမြို့နယ်) | ၁၀,၀၀၀,၀၀၀ |
| ၄၇၈ | ဦးထွန်းနိုင် (မန္တလေးမြို့) | ၁၅,၀၀၀ |
| ၄၇၉ | ဒေါ်စုမွန်သဲ (မ/ဒဂုံမြို့နယ်) | ၃၀၀,၀၀၀ |
| ၄၈၀ | ဒေါ်သန်းတင် (သင်္ဃန်းကျွန်းမြို့နယ်) | ၃၀,၀၀၀ |
| ၄၈၁ | ဦးတင်ရီ+ဒေါ်စန်းစန်းငွေ(သင်္ဃန်းကျွန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၄၈၂ | တင်မောင်ထွေး (သင်္ဃန်းကျွန်းမြို့နယ်) | ၃၀,၀၀၀ |
| ၄၈၃ | SK အရုပ်ဆိုင် (တာမွေမြို့နယ်) | ၁၆၀,၀၀၀ |
| ၄၈၄ | ဦးဉာဏ်မြင့်နှင့် ဒေါ်ခင်မာရီ မိသားစု (သာကေတမြို့နယ်) | ၂၀၀,၀၀၀ |
| ၄၈၅ | မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီးနှင့် အစ္စလာမ်ဘာသာဝင်များစုပေါင်းအလှူ (ပထမအကြိမ်) | ၁,၂၀၀,၀၀၀,၀၀၀ |
| ၄၈၆ | ဦးဇော်ဝင်းအောင်(တာမွေမြို့နယ်) | ၁၀၀,၀၀၀ |
| ၄၈၇ | ဦးမြစိန် မိသားစု (အင်းစိန်မြို့နယ်) | ၂၀၀,၀၀၀ |
| ၄၈၈ | ဦးအောင်မြင့်သိမ်း (မန္တလေးမြို့) | ၁၀၀,၀၀၀ |
| ၄၈၉ | ဦးသက်လွင်+ဒေါက်တာဒေါ်စိုးစိုး(စမ်းချောင်းမြို့နယ်) | ၃၀၀,၀၀၀ |
| ၄၉၀ | ဒေါ်စန်းစန်းမြင့် (ပုဇွန်တောင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၄၉၁ | ဖျာပုံ မြို့သူမြို့သားများစုပေါင်းအလှူ(ဒုတိယအကြိမ်) | ၂၃,၉၈၀,၀၀၀ |
| ၄၉၂ | ဒေါ်ရီရီအောင်၊ ဒေါ်ချိုချိုအောင်(ကမာရွတ်မြို့နယ်) | ၅၀,၀၀၀ |
| ၄၉၃ | အောင်သိန်း+စန်းစန်းမူ(ပုဇွန်တောင်မြို့နယ်) | ၂၅၀,၀၀၀ |
| ၄၉၄ | ညွန့်နိုင် (ဒိုက်ဦးမြို့) | ၅၀၀,၀၀၀ |
| ၄၉၅ | အေးမင်းဇော် (ပြည်ကြီးတံခွန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၄၉၆ | ယဉ်ယဉ်ငွေ (ဖျာပုံမြို့) | ၅၀၀,၀၀၀ |
| ၄၉၇ | တင်စန္ဒာထွန်း (ပုလဲလမ်း) | ၁၀,၀၀၀ |
| ၄၉၈ | အိဖြူလှိုင် (ပုလဲလမ်း) | ၅,၀၀၀ |
| ၄၉၉ | ဝင်းမြင့်ကို (ပုလဲလမ်း) | ၅၀,၀၀၀ |
| ၅၀၀ | မို့မို့ဝင်း (ရန်ကင်းမြို့နယ်) | ၅၀,၀၀၀ |
| ၅၀၁ | သီတာအေး (ပုလဲလမ်း) | ၁၅,၀၀၀ |
| ၅၀၂ | ကိုမင်းဇေယျာ၊ မစုမြတ်မိုရ်(စကဲ်ာပူ) | ၁၀၀,၀၀၀ |
| ၅၀၃ | BEDOK CONSTRUCTION & ENGINEERING CO LTD(FINANCE DEPARTMENT) (လှိုင်မြို့နယ်) | ၆၀၀,၀၀၀ |
| ၅၀၄ | ဇော်သက်လွင်+စုမြတ်ကို၊ သား-ဖုန်းပြည့်ဇော် (မ/ဥက္ကလာပမြို့နယ်) | ၅၀၀,၀၀၀ |
| ၅၀၅ | ချိုချိုအေး (စမ်းချောင်းမြို့နယ်) | ၂၀၀,၀၀၀ |
| ၅၀၆ | ဦးနိုင်မြင့်+ဒေါ်ဥမ္မာခင်(မ/ဒဂုံမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၅၀၇ | ဦးကျင်ဝှက် +ဒေါ်လှကြည်(ရန်ကင်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၀၈ | စောထွန်းဖြူ (စမ်းချောင်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၀၉ | ပြည် GTI 2000 FAMLY BRANCH(သာကေတမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၅၁၀ | ဆုမွန်ကျော် (ရန်ကုန်မြို့) | ၅,၀၀၀ |
| ၅၁၁ | ဦးဘိုကြီး+ဒေါ်စုစုဝင်း မိသားစု(ရန်ကင်းမြို့နယ်) | ၂၀၀,၀၀၀ |
| ၅၁၂ | ဦးငွေဝင်းနှင့် ဒေါ်ရီရီသောင်းရွှေ(သင်္ဃန်းကျွန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၁၃ | ဦးမင်းဇော်ဝင်းနှင့် ဒေါ်ရွှေစင်ငွေ (သင်္ဃန်းကျွန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၁၄ | ငြိမ်းကိုမင်း (လှိုင်မြို့နယ်) | ၃၀,၀၀၀ |
| ၅၁၅ | ခိုင်စုဝေသွင် (လမ်းမတော်မြို့နယ်) | ၁၀,၀၀၀ |
| ၅၁၆ | အမရာရီမွန်ကျော် (ဗိုလ်တစ်ထောင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၅၁၇ | စိုးသူဇာထွန်း (တ/ဒဂုံမြို့နယ်) | ၅,၀၀၀ |
| ၅၁၈ | ကိုထင်အောင် (စမ်းချောင်းမြို့နယ်) | ၅၀,၀၀၀ |
| ၅၁၉ | ဒေါက်တာအောင်ထက်ထွန်း(မ/ဒဂုံမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၂၀ | ဇင်ကိုဦး (ပန်းဆိုးတန်း) | ၃၀,၀၀၀ |
| ၅၂၁ | ကျော်ကိုကိုသူ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၂၂ | ဝါဝါစိုး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၅၂၃ | စောနီလာငွေ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၅၂၄ | MAB Mobile Banking Customer (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၂၄,၀၀၀ |
| ၅၂၅ | ဦးခင်မောင်ဝင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀,၀၀၀ |
| ၅၂၆ | ဦးထွန်းလွင်နှင့် ဒေါ်ခင်သန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၂၇ | ဒေါ်ပန်းမို့မို့ထွန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၂၈ | ပြည် ပညာရေးကောလိပ် (ပြည်မြို့) | ၂၅၅,၀၀၀ |
| ၅၂၉ | ဦးခင်မောင်ဝင်း(Ready Mixed Concrete၊ ပြည်မြို့) | ၁,၀၀၀,၀၀၀ |
| ၅၃၀ | ဦးလှမြင့်+ဒေါ်ကြည်အေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၅၃၁ | ပျော်ဘွယ်ပြည်သူ့အဖွဲ့အစည်း (ပျော်ဘွယ်မြို့) | ၂၀,၀၀၀ |
| ၅၃၂ | ဦးနီတိုး+ဒေါ်ချိုချိုခိုင် သမီး-မဆွေဇင်ညိမ်း သား-မင်းမြတ်သူရ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၅၃၃ | ဦးဝင်းလှိုင်+ဒေါ်ချို (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၅၃၄ | ဦးခင်မောင်ဦး+ဒေါ်မိမိ(ရွှေပလောင်) (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၅၃၅ | ဒေါ်သောင်းရီ (သူရိယနေဝန်း)(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၃၆ | ဦးလှမောင်+ဒေါ်စန်းရီ သမီး-ဒေါ်ဆွေဆွေ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၃၇ | ဒေါ်မောင်ကြီး သမီး-ဒေါ်စောမာလာ၊ ဦးသန့်ဇင်သိန်း+ဒေါ်အေးသီတာမိုး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၃၈ | လမ်းပြကြယ်ဖြူ ပရဟိတအသင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၃၅,၀၀၀ |
| ၅၃၉ | ဦးတင်ဝင်း+ဒေါ်ခင်အုန်းမြင့် သား မောင်ဇော်မျိုးနိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၅၄၀ | ဦးတင်ထွန်းခိုင်+ဒေါ်ခင်ထွေး (Aye Mya Hair Trading)(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၅၄၁ | ဦးခင်မြ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၅၄၂ | ဦးဝင်းမြင့် (Chinese National Team) (ပြည်မြို့) | ၂၂,၇၅၀,၀၀၀ |
| ၅၄၃ | ဦးကြည်ဝေ(ပြည်မြို့) | ၂၀၀,၀၀၀ |
| ၅၄၄ | ဦးကြင်ရွှေ+ဒေါ်စန်းစန်းနွယ် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၄၅ | ဒေါ်မြစီ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၅၄၆ | United Rose Co.,Ltd Century Bags Selts and Wallets Family (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃,၀၀၀,၀၀၀ |
| ၅၄၇ | ဦးအောင်မြင့်+ဒေါ်အိအိအောင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၅၄၈ | ဦးစိုင်းစိုးဝင်း+၂(Taing Hsar @ Mine Thar Shan Family Mandalay (မန္တလေးမြို့) | ၁၀,၀၀၀,၀၀၀ |
| ၅၄၉ | ဦးကြည်ညွန့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀၀,၀၀၀ |
| ၅၅၀ | ဦးသန်းအေးနှင့် ဦးမျိုးသန့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၁၀၀,၀၀၀ |
| ၅၅၁ | ဒေါ်ဝင်းမာလာ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၅၂ | ဦးအုန်းမြင့် (Margamyint Co.,Ltd)(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀,၀၀၀ |
| ၅၅၃ | ဒေါ်ဖြူဖြူဝင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၅၅၄ | ၃၁၃ အောင်ဘာလေမိသားစု (ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၅၅၅ | ဦးကြည်ထွန်း + ဒေါ်အေးအေးမြင့် မိသားစု (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၅၅၆ | ဦးတင်အောင်ဆွေနှင့်ဦးခင်မောင်ကျော် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၅၅၇ | ဦးကျော်ထွေး+ဒေါ်ခင်မေသန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၅၅၈ | အရှင်နန္ဒစာရ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၅၅၉ | ဦးမောင်ခင်+ဒေါ်တင်ညွန့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၅၆၀ | ဦးညွန့်ဝင်း+ဒေါ်ယဉ်ယဉ်စိန် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀,၀၀၀ |
| ၅၆၁ | ဦးရွှေထူး+ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်သီတာစန်း (အင်းစိန်မြို့နယ်) | ၂၄,၅၀၀,၀၀၀ |
| ၅၆၂ | ဒေါ်သိန်းညွန့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၆၃ | ကိုမျိုးနိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၆၄ | ဦးသန်းအောင်+ဒေါ်စန်းစန်းမြင့် (မင်္ဂလာတောင်ညွန့်မြို့နယ်) | ၁၀,၀၀၀ |
| ၅၆၅ | (Queen Stars) မိုးရွှေကောင်း၊ ယုဇာ၊ နွယ်၊ မိုး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၄၂,၇၀၀ |
| ၅၆၆ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်-မိတ်ဆွေများအသင်း (NSA-Australia)(Australia) | ၃,၀၀၀,၀၀၀ |
| ၅၆၇ | မြတ်ခင်သိမ့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၃၀,၀၀၀ |
| ၅၆၈ | ဒေါ်မြင့်မြင့်သန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၅၆၉ | ဒေါ်ကြည်ကြည်တင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၇၀ | ဦးအိန္ဒာစာရ (ဆားတောင်ကျွန်း) | ၁၀၀,၀၀၀ |
| ၅၇၁ | ဦးသောင်းရှိန်+ဒေါ်ခင်လေးကြည် သမီး-မသိမ့်သိမ့်သောင်းရှိန်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
